# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပထမအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး

# (၁၅)ရက်မြောက်နေ့မှတ်တမ်း

၁၃၇၅ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၄ ရက်

( ၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ ၆ ရက် )

[ ဗုဒ္ဓဟူးနေ့ ]

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး (၁၅)ရက်မြောက်နေ့ အစီအစဉ်ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် ဦးခင်အောင်မြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးကြည်မင်း၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံး က ဆောင်ရွက်ပါသည်။]

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေးရဲ့ (၁၅)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၀။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ပထမအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး (၁၅)ရက်မြောက်နေ့မှာ လွှတ်တော်အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၂၀)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၁၈၅)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်း၏ (၈၄.၀၉)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန်လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် အမျိုးသား လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ နည်းဥပဒေ ၂၀၊ နည်းဥပဒေခွဲ(ခ)တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၁၊ နည်းဥပဒေခွဲ(က)နဲ့ (ဂ) တို့ အရ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်းတင်ပြခြင်း

**အချိန်၊ ၁၀း၀၃။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ခ)အရ ပထမအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန် အစည်းအဝေးရဲ့ (၁၅)ရက်မြောက်နေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၃။**

**ဥက္ကဋ္ဌ။** ။ ဒီကနေ့ အစည်းအဝေးမတက်ရောက်နိုင်တဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များစာရင်းကို ဖတ်ကြားတင်ပြပါ့မယ်။

ဦးအောင်ချစ်လွင်၊ စစ်ကိုင်း(၁၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးတင်မြ၊ စစ်ကိုင်း(၇)၊ ဇနီး ကျန်းမာရေး။ ဦးစောအောင်ကျော်နိုင်၊ ကရင်(၁)၊ ကရင်ပြည်နယ်၊ ယဉ်ကျေးမှုကိစ္စ။ ဦးမင်းလွန်းအောင်၊ မွန်(၃)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစောမော်ထွန်း၊ ပဲခူး(၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးမြင့်လှိုင်၊ ရခိုင်(၁၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးသက်နိုင်ဦး၊ ပဲခူး(၆)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဆန်းရယ်၊ ကယား(၅)၊ ပြည်ပခရီးစဉ်။ ဒေါက်တာအေးမောင်၊ ရခိုင်(၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးခင်မောင်လတ်၊ ရခိုင်(၆)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဝီလ်ဆင်မိုး၊ ရှမ်း(၇)၊ နေမကောင်း။ ဦးစောအေးမြိုင်၊ ကရင်(၈)၊ ကျန်းမာရေး။ ဦးမန်းကံညွန့်၊ ကရင်(၂)၊ ဒေသဖွံ့ဖြိုးရေး။ ဦးစိုင်းသန့်ဇင်၊ ရှမ်း(၄)၊ ကိုယ်တိုင် ဆောင်ရွက်ရန်။ ဦးဆိုင်ပေါင်းနပ်၊ ရှမ်း(၁၂)၊ ပြည်ပခရီးစဉ်။ ဦးစခုန်တိန့်ယိန်း၊ ကချင်(၄)၊ ကိုယ်တိုင် ဆောင်ရွက်ရန်တို့ဖြစ်ပါတယ်။

ယခု တင်ပြခဲ့တဲ့ ခွင့်ပန်ကြားချက်များနဲ့ ပတ်သက်လို့ ခွင့်ပြုဖို့ လွှတ်တော်က သဘောတူ ပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်းကြေညာ ပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၄။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ပထမအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး (၁၅)ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေမှာ (၂၂၀)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၁၉)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၁၆)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ (၃၅)ဦးဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ဂ)၊ နည်းဥပဒေခွဲငယ်(၂)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသား လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များကဖြေကြားခြင်း

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခု လွှတ်တော်ကိုယ်စားလှယ်နှစ်ဦးက မေးမြန်းတဲ့ မေးခွန်းတွေဟာ ဆောက်လုပ်ရေး ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး တစ်ဦးတည်းက ဖြေကြားရမယ့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယဝန်ကြီး က တစ်ခုချင်း ဖြေကြားဖို့ ဖြစ်ပါတယ်။

**ကော့ကရိတ်မြို့နယ်၊ အံ့ဖကြီးကျေးရွာ၊ အံ့ဖကြီးချောင်းကူးတံတား တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဦးအောင်မြင့်သိန်း က ကော့ကရိတ်မြို့နယ်၊ အံ့ဖကြီးကျေးရွာ၊ အံ့ဖကြီးချောင်းကူးတံတား တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၆။**

**ဦးအောင်မြင့်သိန်း၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)** ။ ။ လေးစားအပ် ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင် ပုဂ္ဂိုလ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာခြင်းနဲ့ ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးအောင်မြင့်သိန်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးရဲ့ ကြိုတင် ခွင့်ပြုချက်အရ ဒီကနေ့ မေးမြန်းမယ့် မေးခွန်းကတော့ ကော့ကရိတ်မြို့နယ်၊ အံ့ဖကြီးကျေးရွာ၊ အံ့ဖကြီးချောင်းကူးတံတား တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုခြင်း မေးခွန်းပဲ ဖြစ်ပါတယ်ခင်ဗျား။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကရင်ပြည်နယ်၊ ကော့ကရိတ် ခရိုင်၊ ကော့ကရိတ်မြို့ကြီးကို နိုင်ငံတော်ရဲ့ မွန်မြတ်တဲ့ စေတနာနဲ့ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို နှစ်စဉ်ဘဏ္ဍာရေးနှစ်အလိုက် ဦးစားပေးလုပ်ငန်းများ စနစ်တကျစီမံကိန်းရေးဆွဲပြီး အကောင်အထည် ဖော်ဆောင်ရွက်ပေးနေတာ လက်တွေ့ပဲ ဖြစ်ပါတယ်။ ကရင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်၍ လည်းကောင်း၊ မြို့ပြနဲ့ ကျေးလက်ဖွံ့ဖြိုးတိုးတက်မှု ကွာဟမှုအနည်းဆုံး ဖြစ်စေရန်အတွက် လည်းကောင်း၊ နောင်တိုးပွားလာမယ့် လူဦးရေကို မျှော်မှန်းပြီးတော့ ရေရှည်ဖွံ့ဖြိုးရေး စီမံကိန်းများ ကိုလည်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။ ကော့ကရိတ်မြို့ကြီးရဲ့ တောင်ဘက်ခြမ်း ကျေးရွာများနဲ့ ဆက်သွယ်နိုင်ရန် သာမကဘဲနဲ့ ကြာအင်းဆိပ်ကြီးမြို့နယ်အထိ ဆက်သွယ်နိုင်ရန် စီမံကိန်းလမ်းမကြီးဖြစ်တဲ့ ကော့ကရိတ်-ကျိုက်ဒုံ-အဇင်းလမ်းပိုင်း (၄၇)မိုင် (၇)ဖာလုံကို ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှာ ငွေလုံးငွေရင်းရန်ပုံငွေ ကျပ်သန်း(၂၀၀၀) သတ်မှတ်ခွင့်ပြုထားပြီးလည်း ဖြစ်ပါတယ်။ ကော့ကရိတ်မြို့ကြီးရဲ့ ဒေသဖွံ့ဖြိုးရေးကို အထူးဆောင်ရွက်ထားတာလည်း ဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကော့ကရိတ်-ကျိုက်ဒုံ-အဇင်း လမ်းပိုင်း (၄၇)မိုင်(၇)ဖာလုံရဲ့ လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေကို အနည်းငယ် တင်ပြလိုပါတယ်။ ကော့ကရိတ်မြို့ အာရှလမ်းဆုံ (၀/၀)မိုင်တိုင်မှ (၂၀)မိုင်အထိကို ပြည်သူ့ ဆောက်လုပ်ရေးလုပ်ငန်း လမ်းအထူးစီမံကိန်းအဖွဲ့ခွဲ(၁)က ခွင့်ပြုရန်ပုံငွေ ကျပ်သန်း(၁၀၀၀)နဲ့ ယခုနှစ်မှာပဲ စတင် ဖောက်လုပ်လျက်ရှိရာ လမ်းအမျိုးအစားမှာတော့ (၄၀)ပေကျယ်၊ (၆)ပေအမြင့် တာဘောင်တင်ခြင်း လုပ်ငန်းဖြစ်ပြီးတော့ (၄၀)ပေကျယ် တစ်ကြောင်းထိုးလမ်း ဖောက်လုပ်ခြင်းကို လုပ်ငန်းပြီးစီးမှု (၅)ရာခိုင်နှုန်း ပြီးစီးနေပြီလို့ လေ့လာသိရှိရပြီး၊ မိုးတွင်းကာလမှာတော့ ခေတ္တရပ်နား ထားရပါတယ်။ ဒါ့အတူပဲ ကျန်လမ်းအပိုင်းတစ်ခုဖြစ်တဲ့ (၂၀)မိုင်တိုင်ကနေ (၄၇)မိုင် (၇)ဖာလုံကိုတော့

အခြားကုမ္ပဏီ တစ်ခုဖြစ်တဲ့ မြကန်သာကုမ္ပဏီက ခွင့်ပြုရန်ပုံငွေ ကျပ်သန်း(၁၀၀၀)နဲ့ စတင်ဖောက်လုပ်လျက်ရှိရာ (၄၀)ပေ တစ်ကြောင်းထိုးလမ်း ဖောက်လုပ်ပြီးစီးမှု အခြေအနေမှာ (၇)ရာခိုင်နှုန်း ပြီးစီးနေပြီး အလားတူပဲ မိုးတွင်းရာသီမှာ ခေတ္တဆိုင်းငံ့ထားရပါတယ်။

ဒါကြောင့် စီမံကိန်းလမ်းမကြီး တည်ရှိရာ မိုင်တိုင်(၄)မိုင်မှာ အံဖကြီးချောင်းကူးတံတား မဖြစ်မနေလိုအပ်နေပါတယ်။ ၎င်းတံတားကြီး ဖောက်လုပ်ပြီးစီးပါက တောင်ဘက်ခြမ်းမှ ကျေးရွာများ လွယ်ကူစွာ ရာသီမရွေး ခရီးသွားလာနိုင်မှာပဲ ဖြစ်ပါတယ်။ ဒ့ါအပြင် ဒေသခံ အဖွဲ့အစည်း များနဲ့လည်း အပြန်အလှန် ယုံကြည်မှုများ တည်ဆောက်ပြီး ဒေသဖွံ့ဖြိုးရေးကို ပူးတွဲအကောင်အထည်ဖော် ဆောင်ရွက်ကြရာမှ ခိုင်မာသော အပစ်အခတ်ရပ်စဲရေးမှတစ်ဆင့် ထာဝရငြိမ်းချမ်းရေးသို့ ဦးတည် ရည်ရွယ်ထားပါတယ်။ အံဖကြီးတံတား တည်ဆောက်မယ်ဆိုလို့ရှိရင် ကရင်ပြည်နယ်ရဲ့ ၂၀၁၃ ခုနှစ်၊ ထူးခြားတဲ့ မိုးရေချိန်ရွာသွန်းမှုများတွေကြောင့် နှစ်(၅၀)ကျော်မှ (၁)ကြိမ်မျှသာ ရေကြီးရေလျှံမှုကို သတိပြုပြီးတော့ ချောင်းရဲ့ အမြင့်ဆုံးရေချိန်နဲ့ အနိမ့်ဆုံးရေချိန်ကို မှတ်သားပြီး တည်ဆောက်ရမှာပဲ ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ စီမံကိန်းလမ်းမကြီးဖြတ်သွားရာ ကော့ကရိတ်မြို့နယ်၊ အံဖကြီးကျေးရွာ၊ အံဖကြီး ချောင်းကူးတံတား တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုပါ၍ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

## ရန်ကုန်တိုင်းနှင့်ပဲခူးတိုင်း ဆက်သွယ်သည့် ပဲခူးမြစ်ကူး တံတားတစ်စင်း တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း

**အချိန်၊ ၁၀း၁၀။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂) ဦးဆွေအောင် က ရန်ကုန်တိုင်းနှင့် ပဲခူးတိုင်း ဆက်သွယ်သည့် ပဲခူးမြစ်ကူးတံတားတစ်စင်း တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၀။**

**ဦးဆွေအောင်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့် ဒုတိယဝန်ကြီးများအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနဲ့ ပြည့်စုံကြပါစေလို့ ဦးစွာပဌမ ဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရန်ကုန်တိုင်း ဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဆွေအောင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရန်ကုန်တိုင်းနှင့် ပဲခူးတိုင်း ဆက်သွယ်သည့် ပဲခူးမြစ်ကူးတံတား(၁)စင်း တည်ဆောက်ပေးနိုင်မှု ရှိ/မရှိ နဲ့ စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းသွားမှာ ဖြစ်ပါတယ်။

ပဲခူးတိုင်း၊ ကဝမြို့နယ်၊ သပြုကျေးရွာဟာ နိုင်ငံတော်မှာ အိမ်တွင်းစက်မှုလက်မှုလုပ်ငန်း ဖြစ်တဲ့ သံ၊ သတ္တုအရည်ကျိုလုပ်ငန်း လုပ်ကိုင်တဲ့ရွာ ဖြစ်ပါတယ်။ ဒါကို ကျွန်တော် မှတ်တမ်းဓာတ်ပုံများနဲ့ တင်ပြသွားမှာ ဖြစ်ပါတယ်။ လူသုံးကုန်ပစ္စည်းများဖြစ်တဲ့ သတ္တုဒယ်အိုး၊ ဒန်အိုး၊ လက်ဖက်ရည်အိုး၊ ငရုပ်ဆုံ၊ စက်လှေပန်ကာဒလက်မျိုးစုံ၊ အီလက်ထရောနစ် လျှပ်စစ်ပစ္စည်း၊ အပ်ချုပ်စက်

ဘော်ဒီများ ထုတ်လုပ်ဖြန့်ဖြူးပြီး တစ်နိုင်ငံလုံးသို့ ဖြန့်ချိရောင်းချလျက်ရှိသည့် ရွာတစ်ရွာ ဖြစ်ပါတယ်။ အလုပ်ရုံပေါင်း (၇၅)ရုံနှင့် လုပ်သားအင်အား(၅၀၀)ကျော်ဖြင့် လုပ်ကိုင် ဆောင်ရွက်လျက်ရှိပါတယ်။ ကျွန်တော် Slide နဲ့ထိုးပြီး တင်ပြပေးပါ့မယ်။ အိမ်ခြေပေါင်း (၁၅၀၀)ခန့်ရှိပြီးတော့ အ.ထ.ကကျောင်း (၁)ကျောင်းလည်းရှိပါတယ်။ လူဦးရေ(၁၀၀၀၀)ကျော် နေထိုင်ကြောင်း သိရှိရပါတယ်။ သပြုရွာ ပတ်ဝန်းကျင်မှာ ခင်မေကြီးရွာ၊ ခင်မေလေးရွာ၊ ဘုမ္မဖိုးရွာ၊ ညောင်ပင်ရွာ၊ စမ်းချောင်းရွာ၊ ပြည်တော်သာ ရွာ၊ ကန်းပြောင်ရွာ၊ ဇီးဖြူကုန်းရွာ၊ ကံပဲ့ရွာ၊ အင်းဝရွာ၊ သခွပ်ကန်ရွာ၊ ခနီးရွာ၊ ခနာရွာ၊ ကျောင်းတိုက်ရွာ၊ ဇွဲကိုက်ရွာ၊ ရှမ်းကန်ရွာ၊ ဇင်းဘုရွာ၊ မကြက်ကြီးရွာ၊ မကြက်ကလေးရွာ၊ သပြေကံရွာ၊ ညောင်ဝိုင်းရွာ၊ ရွာပေါင်း(၂၁)ရွာ ရှိပါတယ်။

အဲဒီရွာထဲမှာ အိမ်ခြေအနည်းဆုံး (၃၀၀)မှ အများဆုံး(၅၀၀)အထိ ရှိကြပြီး၊ လယ်ဧက ခုနှစ်သောင်းကျော် လုပ်ကိုင်လျက်ရှိကြောင်း လေ့လာသိရှိရပါတယ်။ အဆိုပါ သပြုရွာသို့ ဒါးပိန်မြို့ ကျွဲကူးဆိပ်ကမ်းမှတစ်ဆင့် ပေ(၁၀၀၀)ရှိသည့် မြစ်မှတစ်ဆင့် စက်လှေဖြင့် သွားရပါတယ်။ ဆားတလင်း-ဒါးပိန်-ကျွဲကူးဆိပ်လမ်းကိုလည်း ကျွန်တော်ကလွှတ်တော်တွင် တင်ပြခဲ့သဖြင့် ကတ္တရာ လမ်းအဆင့် ရရှိပြီး၊ ကျွဲကူးဆိပ်အထိ အဆင်ပြေချောမွေ့စွာ သွားလာနိုင်ခဲ့သဖြင့် မိဘပြည်သူများမှ နိုင်ငံတော် အစိုးရအပေါ် ဝမ်းပန်းတသာ ကျေးဇူးတင်မဆုံး ဖြစ်နေကြပါတယ်။ ယခုအခါ ကျွဲကူးဆိပ်မှ သပြုသို့ သွားရသည့် မြစ်အရှည်ပေ(၁၀၀၀)အား တံတားတည်ဆောက်ပေးမည်ဆိုပါက စက်မှု လက်မှုထွန်းကားရာ သပြုရွာသို့ ရန်ကုန်တိုင်း၊ လှည်းကူးမြို့နယ်နှင့် တိုင်းချင်းဆက်လမ်းအဖြစ် တည်ရှိသွားပြီး သပြုကျေးရွာမှ ရန်ကုန်သို့ နေ့စဉ် ကျောင်းတက်နေရသည့် တက္ကသိုလ်ကျောင်းသား/ ကျောင်းသူ (၁၀၀)ခန့်မှာ အဆင်ပြေချောမွေ့စွာ သွားလာနိုင်ကြတော့မည် ဖြစ်ပါတယ်။

စက်မှုလက်မှု လုပ်ငန်းရှင်များမှ လုပ်ငန်းမှ ထုတ်လုပ်သည့် လူသုံးကုန် သတ္တုနှင့်သံထည် ပစ္စည်းများကို ရန်ကုန်သို့ နေ့စဉ်လွယ်ကူလျင်မြန်စွာ ပို့ဆောင်နိုင်မည်ဖြစ်တဲ့အပြင် ကုန်စည်စီးဆင်းမှုများ မြန်ဆန်သွားမှာလည်း ဖြစ်ပါတယ်။ နိုင်ငံတော်အနေဖြင့် စက်မှုနိုင်ငံ ထူထောင်ရေးအတွက် အသေးစား၊ အလတ်စားနှင့် အကြီးစားလုပ်ငန်းများကို ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပြီး နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု လုပ်လိုသူများအနေဖြင့်လည်း လာရောက်လုပ်ကိုင်ပါက အဆင်ပြေချောမွေ့မှုရှိသည့်အပြင် ဒေသခံ ကျေးရွာသူ/ကျေးရွာသားများလည်း အလုပ်အကိုင် အခွင့်အလမ်းများ ရရှိလာပြီး ကျေးလက်ဒေသ ဆင်းရဲနွမ်းပါးမှု လျှော့ချရေးကို အထိုက်အလျောက် အထောက်အကူပြုသွားနိုင်မှာ ဖြစ်ပါတယ်။

သို့ပါ၍ ခေတ်အဆက်ဆက် ဆောင်ရွက်မပေးနိုင်ခဲ့တဲ့ ဒါးပိန်-ကျွဲကူးဆိပ်မှ သပြုကျေးရွာသို့ သွားနိုင်မည့် မြစ်ကူးတံတား(၁)စင်း တည်ဆောက်ပေးနိုင်ရန် ဆောင်ရွက်ပေးနိုင်မှု အခြေအနေ ရှိ/မရှိ၊ ရှိပါကလည်း မည်သည့်အချိန်ကာလတွင် ဆောင်ရွက်ပေးနိုင်မည်ကို သိရှိလိုပါ၍ ဒေသခံပြည်သူများ ကိုယ်စား ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။

မှတ်ချက်အနေနဲ့ တင်ပြရလျှင် တံတားအကျယ်မှာ ပေ(၁၀၀၀)ခန့် ခန့်မှန်းလျာထား၍ ယခင်အချိန်က ကိုယ်ထူကိုယ်ထ ဆောင်ရွက်ရန် ကြိုးပမ်းခဲ့ကြသော်လည်း ခေတ်အဆက်ဆက် အဆင်မပြေမှုများ ကြုံခဲ့ရပါတယ်။ ယခု ဒီမိုကရေစီအစိုးရသစ်လက်ထက်တွင် ဆောင်ရွက်ပေးနိုင်မည် ဆိုပါက ဒေသခံစက်မှုလက်မှုလုပ်ငန်းရှင်များမှ နိုင်ငံတော်အား အတတ်နိုင်ဆုံး ဝိုင်းဝန်းကူညီ

ဖြည့်ဆည်းပံ့ပိုးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဒေသခံပြည်သူများမှ ဝန်ခံကတိပြုပါကြောင်း ဒေသခံပြည်သူများ၏ ကိုယ်စားလေးစားစွာ တင်ပြတောင်းခံအပ်ပါတယ်။ ကျေးဇူးအထူးတင်ရှိပါတယ်။

**အချိန်၊ ၁၀း၁၄။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းများနဲ့ ပတ်သက်ပြီး ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

## ဖြေကြားချက်

**အချိန်၊ ၁၀း၁၄။**

**ဦးစိုးတင့် (ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)။** ။ ရိုသေ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ အထူးဖိတ်ကြား ထားသော ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်း တောင်းရင်း နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးစိုးတင့် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီး ဦးအောင်မြင့်သိန်း မှ အမျိုးသားလွှတ်တော် အစည်းအဝေး သို့ မေးမြန်းထားတဲ့ ကော့ကရိတ်မြို့နယ်၊ အံဖကြီးကျေးရွာ၊ အံဖကြီးချောင်းကူးတံတား တည်ဆောက် ပေးရန် အစီအစဉ် ရှိ/မရှိ သိလိုသည့် မေးခွန်းအား ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်ရဲ့ ရှင်းလင်းတင်ပြချက်များကို ပိုမို သိသာထင်မြင်စေရန်အတွက် Power Point ဖြင့် ရှင်းလင်းတင်ပြခွင့်ပြုပါခင်ဗျား။ ကရင်ပြည်နယ် အတွင်းမှာရှိတဲ့ ကော့ကရိတ်-ကျုံက်ဒုံ-အဇင်းလမ်း ဖြစ်ပါတယ်။ ဒီလမ်းဟာ မိုင်တိုင်အားဖြင့် (၄၇)မိုင် နဲ့ (၇)ဖာလုံ ရှိတဲ့လမ်း ဖြစ်ပါတယ်။ ဒီလမ်းကို ကျွန်တော်တို့က ၂၀၁၃-၁၄ ဘဏ္ဍာရေး နှစ်မှာ ရန်ပုံငွေ သန်း(၂၀၀၀) ကျွန်တော်တို့ ချမှတ်ပေးခဲ့ပါတယ်။ ဒီ သန်း(၂၀၀၀)နဲ့ ဒါ လမ်းအသစ် ဖောက်လုပ်မှာ ဖြစ်ပါတယ်။ ဒီ သန်း(၂၀၀၀)ကို ကျွန်တော်တို့က ဒီမှာ ကော့ကရိတ်မြို့ရှိပါတယ်။ ကော့ကရိတ်မြို့ (၀/၀)ဆိုတဲ့နေရာဟာ ဒီကနေပြီးတော့ ဘားအံ-ကော့ကရိတ်-မြဝတီ ဆိုတဲ့ AH.1 အာရှလမ်းမကြီး အမှတ်(၁)နဲ့ ဆုံတဲ့ Point ကို ကျွန်တော်တို့ ယူထားတာ ဖြစ်ပါတယ်။ ဒီ (၀/၀)က နေပြီးတော့ မိုင်(၂၀) အထိ လံဖရွာအထိကို ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက လမ်းဆောက်လုပ်ရေးစီမံကိန်း အထူးအဖွဲ့ ခွဲ(၁)က ရန်ပုံငွေ သန်း(၁၀၀၀)နဲ့ တစ်ကြောင်းထိုး ပေ(၄၀) ဆောင်ရွက်ခဲ့တာ ဖြစ်ပါတယ်။

ဒီလို ဆောင်ရွက်ခဲ့တဲ့အခါမှာ ကျွန်တော်တို့ အခုအချိန်မှာ ၂၂-၁၀-၂၀၁၃ အထိ (၆)မိုင် ပြီးစီးသွားပြီ ဖြစ်ပါတယ်။ ထို့အတူပဲ မိုင်တိုင်(၂၀)ကနေပြီးတော့ (၄၇/၇)အထိ (၂၇)မိုင်၊ (၇)ဖာလုံ ကိုတော့ ကျွန်တော်တို့ ဒီ ဒေသခံပြည်သူများကနေ ထောက်ခံထားတဲ့ မြကန်သာဆိုတဲ့ ကုမ္ပဏီကို ကျွန်တော်တို့ တာဝန်ပေးထားပြီးတော့ အကျယ်ပေ(၄၀)နဲ့ အရှည်(၂၇)မိုင်၊ (၇)ဖာလုံကို အမြင့်(၆)ပေ ခန့် ဆောင်ရွက်ရတာဖြစ်ပါတယ်။ ဒီလုပ်ငန်းကတော့ ၂၂-၁၀-၂၀၁၃ အထိ (၈)မိုင် ပြီးစီးသွားပြီ ဖြစ်ကြောင်း တင်ပြပါတယ်။ ဒီလုပ်ငန်းကြီး တစ်ခုလုံးကိုလည်းပဲ ကျွန်တော်တို့ ရရှိထားတဲ့ရန်ပုံငွေနဲ့ ယခုဘဏ္ဍာရေးနှစ်အတွင်းမှာ (၄၇)မိုင် (၇)ဖာလုံ စလုံးပြီးစီးအောင် ဆောင်ရွက်မှာ ဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်တဲ့အခါမှာ ဒီမှာရှိတဲ့ ကော့ကရိတ်ကနေပြီးတော့ (၄)မိုင်အကွာမှာရှိတဲ့ အံဖကြီးတံတား

ရှိပါတယ်။ ဒီ အံဖကြီးတံတားဟာ ဒါ ကျွန်တော်တို့ Google Map မှာ ပြထားတာ ဖြစ်ပါတယ်။ ဒီတံတားဟာ ပေအရှည်(၂၀၀)ခန့်ရှိတဲ့ တံတားဖြစ်ပါတယ်။ ဒီတံတားကို ကျွန်တော်တို့က ဆောင်ရွက်မှသာလျှင် ဒီလမ်းကြီး ဖောက်လုပ်ရကျိုးလည်း နပ်မှာဖြစ်တဲ့အတွက် ဒီတံတားကိုလည်း ကျွန်တော်တို့ မဖြစ်မနေ ဆောက်ရွက်ရမှာ ဖြစ်ပါတယ်။

ဒါကြောင့်မို့လို့ ကျွန်တော်တို့ ပွင့်လင်းရာသီရောက်တဲ့အခါမှာ ဒီ တံတားနဲ့ ပတ်သက်တဲ့ Feasibility Study ခေါ်တဲ့ ဒါ ကြိုတင်လေ့လာစူးစမ်းမှုများကို ကျွန်တော်တို့ ဆောင်ရွက်ပြီးတော့ အကြမ်းဖျင်းအားဖြင့် ဒီတံတားကို ဒီမှာ တင်ပြထားတဲ့အတိုင်း၊ ဖြတ်ပိုင်းပုံ တင်ပြထားတဲ့အတိုင်း ပေ(၂၀၀)၊ နှစ်လမ်းသွား ကွန်ကရစ်တံတား ဆောက်လုပ်ဖို့ ရည်မှန်းထားပါတယ်။ ဒီ့အတွက် ကုန်ကျမယ့်ငွေဟာ သန်း(၅၅၀)ကုန်ကျမယ်လို့ ခန့်မှန်းထားတာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ဟာ ဒီလမ်းစီမံကိန်း ပြီးသွားတဲ့ အချိန်မှာ ဒီ တံတားပါ တစ်ခါတည်း ပြီးသွားအောင် ဆောင်ရွက်နိုင်ရန်အတွက် ၂၀၁၅-၁၆ ဘဏ္ဍာနှစ်မှာ ရန်ပုံငွေတောင်းခံပြီး ဆောင်ရွက်သွားမှာ ဖြစ်ပါကြောင်း ပထမမေးခွန်းကို တင်ပြအပ်ပါတယ်ခင်ဗျား။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်ပြီးတော့ ဒုတိယမေးခွန်းဖြစ်တဲ့ ရန်ကုန်တိုင်းဒေသကြီး အမှတ်(၁၂)မဲဆန္ဒနယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဆွေအောင် က မေးမြန်းထားတဲ့ ရန်ကုန်တိုင်းနဲ့ ပဲခူးတိုင်း ဆက်သွယ်တဲ့ ပဲခူးမြစ်ကူးတံတား(၁)စင်း တည်ဆောက်ပေးမည့် အစီအစဉ် ရှိ/မရှိ မေးခွန်းကို ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်မှာ ရှိတဲ့ ဆားတလင်း-ဒါးပိန်-ကွဲ့ကူးလမ်း Power Point နည်းနည်းပြောင်းပေးပါဦး။ ဒါက ကျွန်တော်တို့ လှည်းကူး-ဆားတလင်း-ဒါးပိန်-ကွဲ့ကူးဆိပ် ဖြစ်ပါတယ်။ ဒီအပိုင်းဟာ ကျွန်တော်တို့ ဒီဟာကတော့ ဒါ ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး မူလလမ်းမကြီး လမ်းဟောင်းပေါ်မှာရှိတဲ့ လှည်းကူးမြို့ ဖြစ်ပါတယ်။ လှည်းကူးမြို့ကနေပြီးတော့ (၆)မိုင် (၆)ဖာလုံ သွားတဲ့အခါမှာ ဆားတလင်းကျေးရွာကို ရောက်ရှိပါတယ်။ ဒီဆားတလင်းကျေးရွာကတော့ ရန်ကုန်တိုင်းကနေ ထွက်တဲ့ အမှတ်(၂) လမ်းမကြီးပေါ်မှာ ရှိပါတယ်။ ဒီနေရာကို ကျွန်တော်တို့က (၀/၃)ဖာလုံမိုင်တိုင်ခေါ်ပြီးတော့ ဒီဆားတလင်းကနေပြီးတော့ ဒါးပိန်ကို (၄)မိုင်၊ (၅)ဖာလုံ၊ ဒါးပိန်ကနေပြီးတော့ ကွဲ့ကူးဆိပ်ကို (၁)မိုင်၊ (၃)ဖာလုံ စုစုပေါင်း(၆)မိုင် ရှိတာ ဖြစ်ပါတယ်။ ထို့အတူပဲ ဒီဘက်မှာလည်းပဲ ကျွန်တော်တို့ ကဝမြို့ ရှိပါတယ်။ ကဝကနေ ရှမ်းကန်၊ ရှမ်းကန်ကနေပြီးတော့ သပြု ဒီဟာက စုစုပေါင်း(၉)မိုင် ရှိပါတယ်။ ဒီ (၉)မိုင်မှာလည်းပဲ ဒီဘက်က ကျွန်တော်တို့ ဆားတလင်းနဲ့ ဒါးပိန်၊ ကွဲ့ကူးဆိပ် ကတော့ ခုနက လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးဆွေအောင် တင်ပြထားတဲ့အတိုင်း အားလုံးဟာ ကျွန်တော်တို့ ကတ္တရာလမ်း ဖြစ်သွားတဲ့အတွက် အမည်းရောင်နဲ့ ပြထားပြီ ဖြစ်ပါတယ်။

သို့သော်လည်းပဲ ဒီဘက်က ကျွန်တော်တို့ ကဝ-ရှမ်းကန်-သပြု အပိုင်းမှာတော့ (၅)မိုင် (၂)ဖာလုံက ကျွန်တော်တို့ ဂဝံလမ်း ဖြစ်ပါတယ်။ (၅)မိုင် (၂)ဖာလုံက ဂဝံလမ်း ဖြစ်ပြီးတော့ ကျန်တဲ့ (၃)မိုင် (၆)ဖာလုံက မြေသားလမ်းအဖြစ် တည်ရှိနေတာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီလမ်းတွေကို ကျွန်တော်တို့ ပြန်ပြီး သုံးသပ်တဲ့အခါမှာ ဒီဘက်အခြမ်းက ကဝ၊ ရှမ်းကန်၊ သပြုပိုင်းက ပဲခူးတိုင်း

ဒေသကြီး စည်ပင်သာယာရေးအဖွဲ့က ပိုင်တဲ့လမ်း ဖြစ်ပါတယ်။ ဒီဘက် ဆားတလင်း၊ ဒါးပိန်၊ ကွဲကူးဆိပ်အပိုင်းကတော့ ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း လှည်းကူး မြို့နယ်က ပိုင်တဲ့အပိုင်းများဖြစ်ကြောင်း ကျွန်တော်တို့ စစ်ဆေးတွေ့ရှိရပါတယ်။ ဒါကြောင့်မို့လို့ ဒီနှစ်ခုကို ဆက်သွယ်တဲ့ ဒီနေရာမှာရှိတဲ့ သပြုတံတားကို တည်ဆောက်မယ်ဆိုရင် ဒီတံတားရဲ့ အရှည်ဟာ ပေ(၁၀၀၀)လောက်ရှိပါတယ်။ ဒီတံတားကလည်း ကျွန်တော်တို့ မကြာခင်ကတည်ဆောက် ပြီးစီးသွားတဲ့ ဒီမှာ ကဝတံတား ရှိပါတယ်။ ကဝတံတား ကနေပြီးတော့ မြစ်ကြောင်းအလိုက် ကျွန်တော်တို့ လိုက်ကြည့်မယ်ဆိုရင် ဒီဟာက (၆)မိုင်လောက်ကွာဝေးတာကို ကျွန်တော်တို့ တွေ့ရှိရတာ ဖြစ်ပါတယ်။

ဒါကြောင့်မို့လို့ ဒီတံတားကြီး တည်ဆောက်ရေးအတွက် ကျွန်တော်တို့အနေနဲ့ ပဲခူးတိုင်း ဒေသကြီး စည်ပင်သာယာရေးအဖွဲ့နဲ့ ကျေးလက်ဒေသဖွံ့ဖြိုးရေး ဦးစီးဌာနတို့ကို ကျွန်တော်တို့ ဆောက်လုပ်ရေးအစီအစဉ်နဲ့ ပတ်သက်ပြီး မေးမြန်းတဲ့အခါမှာ သူတို့က ဆောက်လုပ်ရေးအစီအစဉ် မရှိသေးကြောင်း ပြန်ကြားပါတယ်။ တစ်ခါ ရန်ကုန်တိုင်းဒေသကြီးအစိုးရကိုလည်း ကျွန်တော်တို့က ဒီဟာ ဆောက်လုပ်ဖို့အတွက် အစီအစဉ် ရှိ/မရှိ မေးမြန်းတဲ့အခါမှာလည်း ရန်ပုံငွေ ရရှိမှုအပေါ်မှာ တည်ဆောက်ပေးပါမယ်လို့ ကျွန်တော်တို့ ပြန်ကြားထားတာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနဲ့ လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ဒီအတွက် ကြောင့် ကျွန်တော်တို့ ဆောက်လုပ်ရေးဝန်ကြီးဌာနအနေနဲ့ကတော့ တံတားတည်နေရာကိုလည်း ကျွန်တော်တို့ ရှာဖွေပြီး ဖြစ်ပါတယ်။ Alignment လည်း ကျွန်တော်တို့ ရွေးထားပြီး ဖြစ်ပါတယ်။ တကယ်လို့သာ သက်ဆိုင်ရာ တိုင်းဒေသကြီးအစိုးရအဖွဲ့များက တည်ဆောက်မယ်လို့ဆိုရင် ကျွန်တော်တို့ ဝန်ကြီးဌာနအနေနဲ့ မြေစမ်းသပ်ခြင်း၊ ပုံစံထုတ်လုပ်ခြင်း၊ တံတားဆောက်လုပ်ခြင်း စတဲ့လုပ်ငန်းများကို ဆောင်ရွက်ပေးသွားမှာဖြစ်ပါကြောင်း လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံး ကျေးဇူးတင် ပါတယ်။

**စိုက်ပျိုးရေးဦးစီးဌာနနှင့် ပင်စင်ဦးစီးဌာန၊ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနတို့ ပြဋ္ဌာန်းထားချက်များ မကိုက်ညီသောကြောင့် စိုက်ပျိုးရေးဝန်ထမ်းများ အငြိမ်းစားခံစားခွင့် နစ်နာနေသည့်ကိစ္စနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၂၃။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦးနိုင်ထွန်းအုံ က စိုက်ပျိုးရေးဦးစီးဌာနနှင့် ပင်စင်ဦးစီးဌာန၊ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနတို့ ပြဋ္ဌာန်းထားချက်များ မကိုက်ညီသောကြောင့် စိုက်ပျိုးရေးဝန်ထမ်းများ အငြိမ်းစားခံစားခွင့် နစ်နာနေသည့်ကိစ္စနှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၃။**

**ဦးနိုင်ထွန်းအုံ၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီး နှင့်တကွ ကြွရောက်လာကြသော ပြည်ထောင်စုဝန်ကြီးများ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၊ ဧည့်သည်များ အားလုံး မင်္ဂလာပါလို့ ဦးစွာ နှုတ်ခွန်းဆက်သအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့

မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၅)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးနိုင်ထွန်းအုံ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီး၏ ခွင့်ပြုချက်အရ ကျွန်တော်မေးတဲ့ မေးခွန်းနှင့်ပတ်သက်၍ ပထမအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး (၁၅)ရက်မြောက်နေ့တွင် လယ်ယာ စိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ မေးမြန်းခဲ့သော မေးခွန်းပဲ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီး ဌာနမှ ယခင် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ဒေသအသီးသီးတွင် တာဝန်ထမ်းဆောင်လျက်ရှိသော ဝန်ထမ်းများနှင့် ယခင် လယ်ယာစိုက်ပျိုးရေးကော်ပိုရေးရှင်းတွင် ၁-၅-၇၄ မှ စတင်၍ ပုံသေလစာများ ပညာအရည်အချင်းအလိုက်၊ ရာထူးအဆင့်အလိုက် ခန့်အပ်ခဲ့ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ပုံသေလစာ ခံစားခွင့်ပြုသော ဝန်ထမ်းများအားလုံး၏ အမှုထမ်းစာအုပ် (Service Book) တွင် တစ်ပြေးညီ ထည့်သွင်းရန် ၂၄-၅-၂၀၀၀ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း စီမံခန့်ခွဲမှု ကော်မတီ၏ ၆/၂၀၀၀ ကြိမ်မြောက် အစည်းအဝေးမှ သဘောတူဆုံးဖြတ်ချက်အရ ထုတ်ပြန်ခဲ့ပါတယ်။ ယခင်ထုတ်ပြန်ချက်ကို မြန်မာ့စိုက်ပျိုးရေး လုပ်ငန်းမှ ရုံးအမိန့် စာအမှတ် ၇၁၄/၂၀၀၀ နေ့စွဲ ၂၀၀၀ ပြည့်နှစ် ဇွန်လ ၃ ရက်နေ့တွင် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ပြည်နယ်၊ ခရိုင်၊ မြို့နယ်များသို့ အကြောင်း ကြားခဲ့ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ သို့သော်လည်း အထက်ပါ ရည်ညွှန်းချက်(၁)နှင့် (၂)အရ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနအောက်ရှိ ပင်စင်ဦးစီးဌာနနှင့် ရသုံးမှန်းခြေဦးစီးဌာနတို့က ပုတ်ပြတ် လစာရကာလကို အမှုထမ်းသက်တွင် ထည့်သွင်းရေတွက်ရန်အတွက် ပြဋ္ဌာန်းချက်များ မရှိကြောင်း ထုတ်ပြန်ခဲ့ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ယင်းကိစ္စနှင့်ပတ်သက်၍ ယခင်မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းတွင် တာဝန် ထမ်းဆောင်ခဲ့သော အမှတ်(၁)ရပ်ကွက် မတ္တရာမြို့ မန္တလေးတိုင်းဒေသကြီးတွင် နေထိုင်သော ဦးနေဝင်း၊ ၉/ပတရ(နိုင်)၀၀၂၉၈၈ သည် စိုက်ပျိုးရေးဦးစီးဌာန ရှမ်းပြည်မြောက်ပိုင်း၊ နမ္မတူမြို့နယ် ဒုတိယဦးစီးမှူးရာထူး ဖြင့် ၁၃-၁-၂၀၁၃ ရက်နေ့တွင် အသက်(၆၀)ပြည့်၍ သက်ပြည့်ပင်စင် စတင် ယူခဲ့ပြီး ဖြစ်ပါတယ်။ ဦးနေဝင်း ၏ လုပ်သက်မှာ ပုံသေလစာ (၆)နှစ်အပါအဝင် လုပ်သက်(၃၂)နှစ်နှင့် အမှုထမ်းစာအုပ် (Service Book) ထဲတွင် ထည့်သွင်းရေးသားထားပြီး ပင်စင်ဦးစီးဌာနသို့ တင်ပြခဲ့ရာ ပင်စင်ဦးစီးဌာနမှ ပုံသေလစာ လုပ်သက်(၆)နှစ် ထုတ်နုတ်ပြီး လုပ်သက်(၂၆)နှစ်ဖြင့် ပင်စင်ခံစားခွင့် ပြုခဲ့ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ယင်းကိစ္စနှင့်ပတ်သက်၍ ဦးနေဝင်း က ၂၀၁၃ ခု ဇွန်လ ၃ ရက်နေ့တွင် နိုင်ငံတော်သမ္မတကြီးထံသို့ တင်ပြခဲ့ပါတယ်။ ဦးနေဝင်း ၏ တင်ပြစာကို ကိုးကား၍ လယ်ယာ စိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ဝန်ထမ်းတချို့ပင် ခံစားခွင့် နစ်နာနေကြပါတယ်။ ထို့ကြောင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန(၂)ခု ပြဋ္ဌာန်းချက် ညီအောင် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ၊ အစီအစဉ် ရှိပါက မည်သည့်အချိန်တွင် ပြင်ဆင် ပေးသည်ကို အမျိုးသားလွှတ်တော် ဥက္ကဋ္ဌမှတစ်ဆင့် ဖြေကြားပေးပါရန် မေတ္တာရပ်ခံအပ်ပါတယ် ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၂၇။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းနဲ့ပတ်သက်ပြီး ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ဖြေကြား ပေးဖို့ ဖြစ်ပါတယ်။

## ဖြေကြားချက်

**အချိန်၊ ၁၀း၂၇။**

**ဒေါက်တာလင်းအောင် (ဒုတိယဝန်ကြီး၊ ဘဏ္ဍာရေးဝန်ကြီးဌာန)။** ။ လေးစားအပ် ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကျန်းမာရွှင်လန်း ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာလင်းအောင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မွန်ပြည်နယ် အမှတ်(၅) မဲဆန္ဒနယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးနိုင်ထွန်းအုံ ရဲ့ မေးခွန်းနှင့် စပ်လျဉ်းပြီးတော့ ဘဏ္ဍာရေးဝန်ကြီးဌာနကိုယ်စား ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဝန်ထမ်း(၁)ဦးရဲ့ အမှုထမ်းသက်များဟာ မြို့ပြဝန်ထမ်းစည်းမျဉ်းဥပဒေ အပိုဒ် ၃၆၁ ပါ ပြဋ္ဌာန်းချက်များနဲ့ ကိုက်ညီမှသာ ပင်စင်အကျိုး ခံစားခွင့်ရှိတဲ့ လုပ်သက်အဖြစ် သတ်မှတ် နိုင်ပါတယ်။ ဒီပြဋ္ဌာန်းချက်တွေကတော့ နိုင်ငံတော်ရဲ့ ဝန်ထမ်းအဖွဲ့အစည်းတစ်ရပ်ရပ်မှာ တာဝန်ထမ်းဆောင်ခြင်း၊ ဖွဲ့စည်းပုံနဲ့ တီထွင်ထားတဲ့ ရာထူးမှာ အမြဲတမ်းနဲ့ အတည်ခန့် အလုပ်အကိုင်ဖြစ်ခြင်း၊ တာဝန် ထမ်းဆောင်ခြင်းကြောင့် ရရှိတဲ့လစာကို ပြည်သူ့ဘဏ္ဍာရန်ပုံငွေမှ ကျခံခြင်းတို့ ဖြစ်ပါတယ်။ ယခင် စီမံကိန်းနဲ့ ဘဏ္ဍာရေးဝန်ကြီးဌာန ရသုံးမှန်းခြေငွေစာရင်း ဦးစီးဌာနရဲ့ ၁၇-၁၁-၁၉၈၁ ရက်စွဲပါ စာအမှတ်၊ ဘ-၂(၄)၇/၁၁(၉၁၆/၈၁) မှာ အောက်ပါအတိုင်း ဖော်ပြထားပါတယ်။

ဝန်ထမ်းများကို ချိန်နှုန်းလစာနဲ့ တီထွင်ထားတဲ့ အမြဲတမ်းရာထူးနေရာများမှာ သွတ်သွင်း ခန့်ထားခြင်း မခံရမီ အစမ်းသဘော ပုံသေလစာဖြင့်လည်းကောင်း၊ ယာယီနေ့စား လပေးလုပ်ခဖြင့် လည်းကောင်း၊ ရာထူးကိုပြ၍ ထမ်းဆောင်စေခဲ့သော ကာလများကို ပင်စင် အကျိုးငှာ ထည့်သွင်း ရေတွက်ခွင့် မရှိကြောင်း၊ ဝန်ကြီးအဖွဲ့၏ သဘောတူညီချက် ရရှိထားသော ယာယီဖွဲ့စည်းပုံအရ တီထွင်ထားသော ရာထူးများ၌ ခန့်ထားခြင်းခံရသူများအား အဆိုပါလုပ်ငန်းအတွက် နိုင်ငံတော်က ခွင့်ပြုသည့် အမြဲတမ်း ဖွဲ့စည်းပုံအရ တီထွင်ထားသော ရာထူးများတွင် တစ်ဆက်တည်းပြောင်းလဲ သွတ်သွင်းခန့်ထားခြင်း ခံရပါက မြို့ပြဝန်ထမ်းစည်းမျဉ်းဥပဒေအပိုဒ် ၃၇၀ ပါ ပြဋ္ဌာန်းချက်များနှင့် အညီ ယင်းလုပ်သက်ကာလကို ပင်စင်အကျိုးငှာ ထည့်သွင်းရေတွက်ခွင့်ရှိကြောင်း ဖော်ပြထားပါတယ်။

ယခင်စီမံကိန်းနဲ့ ဘဏ္ဍာရေးဝန်ကြီးဌာန ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနရဲ့ ၂၂-၅-၈၁ ရက်စွဲပါ စာအမှတ်၊ ဘ- ၂(၄)၇/၈(၆၉/၈၀) မှာ ယာယီနေ့စား လပေးဝန်ထမ်းများဖြင့် ခန့်ထားခံရပြီး တစ်ဖန် ဖွဲ့စည်းပုံအရ ချိန်နှုန်းလစာဖြင့် တီထွင်ထားသော အမြဲတမ်းရာထူးများတွင် သွတ်သွင်း ခန့်ထားခြင်းခံရသည့် ဝန်ထမ်းများအား ယာယီနေ့စား လပေးအဖြစ် တစ်ဆက်တည်း ထမ်းဆောင်ခဲ့ ရသောကာလကို ပင်စင်အကျိုးငှာ ထည့်သွင်းရေတွက်ခွင့် မရှိကြောင်းနှင့် ထည့်သွင်းရေတွက်၍ ပင်စင်အကျိုး ခံစားခွင့်ပေးသည့် ဌာနအဖွဲ့အစည်းများ ရှိပါက ခွင့်ပြုသူများ၏ တာဝန်သာဖြစ်ကြောင်း

ဖော်ပြထားပါတယ်။ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနရဲ့ ၁၈-၈-၁၉၈၉ ရက်စွဲပါစာအမှတ်၊ စဘ-၁/၈၃(၁၉၆၃/၈၉) အမြဲတမ်းဖွဲ့စည်းပုံရာထူးမှာ သွတ်သွင်းခန့်ထားခြင်းမပြုမီ နိုင်ငံတော်က ခွင့်ပြုထားတဲ့ ယာယီလုပ်ငန်းစီမံချက် အင်အားပါရာထူးမှာ ယာယီဝန်ထမ်းအဖြစ် တစ်ဆက်တည်း ထမ်းဆောင်ခဲ့တဲ့ လုပ်သက်အပြည့်ကို မြို့ပြဝန်ထမ်းစည်းမျဉ်း ဥပဒေအပိုဒ် ၃၇ဝ ပါ ပြဋ္ဌာန်းချက်အရ ပင်စင်ခံစားခွင့်ရှိတဲ့ လုပ်သက်အဖြစ် ထည့်သွင်းတွက်ချက်ရန် ပြဋ္ဌာန်းပေးထားပါတယ်။

အထက်ဖော်ပြပါ ပြဋ္ဌာန်းချက်များနှင့်အညီ ပင်စင်ဦးစီးဌာနအနေနဲ့ ဌာနအဖွဲ့အစည်းအသီးသီးမှ ပေးပို့လာတဲ့ ပင်စင်အမှုတွဲများကို စိစစ်ဆောင်ရွက်ရာမှာ ယာယီ နေ့စား၊ လပေး ပုံသေလစာတို့နဲ့ ခန့်ထားတဲ့ အမှုထမ်းသက်များ ပါဝင်လာပါက ယင်းကဲ့သို့ ခန့်ထားခြင်းဟာ ယာယီဖွဲ့စည်းပုံမှာ ဦးစွာခန့်ထားပြီး ယာယီဖွဲ့စည်းပုံမှ အမြဲတမ်း ဖွဲ့စည်းပုံရရှိသောအခါ တစ်ဆက်တည်း ခန့်အပ်တာဝန်ပေးအပ်ခြင်း ဟုတ်/မဟုတ် စိစစ်၍လည်းကောင်း၊ ဖွဲ့စည်းပုံ မရရှိသေးမီ ယာယီလုပ်ငန်းစီမံချက် အင်အားပါ ရာထူးတွင် ခန့်ထားခဲ့ပြီး အမြဲတမ်းဖွဲ့စည်းပုံ ရရှိသောအခါ တစ်ဆက်တည်းခန့်အပ်ခြင်းခံရသူ ဟုတ်/မဟုတ် စိစစ်၍လည်းကောင်း၊ တည်ဆဲပင်စင်နည်းဥပဒေ လုပ်ထုံးလုပ်နည်းနှင့် အမိန့်၊ ညွှန်ကြားချက်တို့နဲ့အညီ ပင်စင်လစာနှင့် လုပ်သက်ဆုငွေ အကျိုးခံစားခွင့်များကို တွက်ချက်ခွင့်ပြုပေးလျက် ရှိပါတယ်။ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ ယခင် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှာ ၁-၅-၁၉၇၄ နေ့မှစ၍ ပုံသေလစာဖြင့် ခန့်ထားသော ဝန်ထမ်းများ၏ လုပ်သက်သည် မြို့ပြဝန်ထမ်းစည်းမျဉ်းဥပဒေ အပိုဒ် ၃၆၁ ပါ ဒုတိယပြဋ္ဌာန်းချက်ဖြစ်သော ဖွဲ့စည်းပုံဖြင့် တီထွင်ထားသည့် ရာထူးတွင် အမြဲတမ်းနှင့် အတည်ခန့်ထားခြင်း မဟုတ်ပါသဖြင့် ပင်စင်အကျိုးခံစားခွင့် မရှိခြင်း ဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ရဲ့ မေးမြန်းချက်မှာ ဖော်ပြထားတဲ့ ဦးနေဝင်း ဒုတိယဦးစီးမှူး စိုက်ပျိုးရေးဦးစီးဌာနရဲ့ သက်ပြည့်ပင်စင်ကိစ္စမှာ ၁၈-၃-၁၉၈၁ မှ ၃၁-၈-၁၉၈၆ အထိ (၅)နှစ် (၅)လနှင့် (၁၄)ရက်အား တစ်လလျှင် ပုတ်ပြတ် ကျပ်(၂၀၀)နှုန်းဖြင့် ခန့်ထားခဲ့သော လုပ်သက်များ ဖြစ်ပါတယ်။ ဦးနေဝင်း ရဲ့ ပုတ်ပြတ်ဖြင့် ခန့်ထားသော လုပ်သက်များဟာ အထက်တွင် ရှင်းလင်းတင်ပြခဲ့သော မြို့ပြဝန်ထမ်းစည်းမျဉ်း ဥပဒေအပိုဒ် ၃၆၁ အရ လည်းကောင်း၊ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနရဲ့ ၁၇-၁၁-၁၉၈၁ ရက်စွဲပါစာအမှတ် ဘ-၂/(၄)၇/၁၁(၉၁၆/၈၁) နဲ့ စီမံကိန်းနဲ့ ဘဏ္ဍာရေးဝန်ကြီးဌာနရဲ့ ၁၈-၈-၁၉၈၉ ရက်စွဲပါ စာအမှတ် စဘ-၁/၈၃(၁၉၆၃/၈၉) ပြဋ္ဌာန်းချက်များအရလည်းကောင်း၊ ပင်စင်အကျိုးခံစားခွင့်ရှိသော လုပ်သက်များ မဟုတ်သဖြင့် အဆိုပါ ပုတ်ပြတ်ကာလများကို နုတ်ပယ်၍ အသားတင် ပင်စင်ခံစားခွင့်ရှိသော အမှုထမ်းသက်(၂၆)နှစ်ဖြင့် သက်ပြည့်ပင်စင် ခွင့်ပြုပေးခဲ့ခြင်းဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

ဘဏ္ဍာရေးဝန်ကြီးဌာနဟာ ညွှန်ကြားချက်နဲ့အညီ ဌာနအဖွဲ့အစည်းအားလုံးရဲ့ ပင်စင်ဆိုင်ရာကိစ္စရပ်များကို ဆောင်ရွက်ပေးလျက်ရှိရာ ပုံသေလစာအရ ဝန်ထမ်းများအတွက် ညွှန်ကြားချက်များနဲ့ ညီညွတ်ပါက ယခင် ယာယီထမ်းဆောင်ခဲ့သော လုပ်သက်ကို ပင်စင်အကျိုးငှာ ထည့်သွင်းရေတွက်ခွင့် ပြုနိုင်မည်ဖြစ်ပါကြောင်းနဲ့ ညီညွတ်မှုမရှိပါက ခွင့်ပြုပေးနိုင်မည် မဟုတ်ပါကြောင်းနှင့် ကိုယ်စားလှယ်တော်ကြီး မေးမြန်းတဲ့ ပြဋ္ဌာန်းချက်နဲ့အညီ ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ နဲ့

စပ်လျဉ်း၍ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ထားခြင်းဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ရှိပါတယ်။

**မြန်မာ-အိန္ဒိယနယ်စပ်တစ်လျှောက်ရှိ နယ်စပ်ကားလမ်း(၇)ခုကို အပြည်ပြည်ဆိုင်ရာ ဝင်ထွက်ပေါက်များအဖြစ် တရားဝင်ဂိတ်များ ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၃၄။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးပေါလ်ထန်ထိုင်း က မြန်မာ-အိန္ဒိယနယ်စပ်တစ်လျှောက်ရှိ နယ်စပ်ကားလမ်း(၇)ခုကို အပြည်ပြည်ဆိုင်ရာ ဝင်ထွက်ပေါက်များအဖြစ် တရားဝင်ဂိတ်များ ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၄။**

**ဦးပေါလ်ထန်ထိုင်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)။** ။ လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများ ပြည်ထောင်စုဝန်ကြီးများ၊ အမျိုးသားလွှတ်တော် ပညာရှင်၊ ကော်မရှင်အဖွဲ့က လူကြီးများအားလုံးကို ဦးစွာပထမ မင်္ဂလာပါလို့နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်သည် ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃) ထန်တလန်မြို့နယ်မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးပေါလ်ထန်ထိုင်း ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် မေးခွန်းကို ဖတ်ကြားခွင့်ပြုပါရန် ပန်ကြားအပ်ပါတယ်။ ဥက္ကဋ္ဌကြီးကို စာနဲ့ဖတ်ကြားခွင့် တောင်းခံတာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံနှင့် နယ်နိမိတ် ထိစပ်နေတဲ့ အိမ်နီးချင်း(၅)နိုင်ငံနှင့် ယခင်က နယ်စပ်ဂိတ်ပေါင်း(၁၆)ခု ဖွင့်လှစ်ခဲ့ပြီး ယခု နောက်ထပ်ဂိတ်(၄)ခု စုစုပေါင်းဂိတ်(၂၀) ဖွင့်လှစ်ထားပြီးဖြစ်ကြောင်း ကြားသိရပါတယ်။ ဤကဲ့သို့ အပြည်ပြည်ဆိုင်ရာ ဝင်ထွက်ပေါက်ဂိတ်များကို ချင်းပြည်နယ်မှာလည်း မြန်မာ-အိန္ဒိယနယ်စပ်တစ်လျှောက်ရှိ သင့်လျော်တဲ့ ကားလမ်းများမှာ တရားဝင်ဂိတ်ဖွင့်လှစ်ပေးရေးနှင့် ပတ်သက်ပြီး ကျွန်တော် မေးမြန်းမှာ ဖြစ်ပါတယ်။ ချင်းပြည်နယ်သည် တောင်ထူထပ်သော ကုန်းတွင်းဒေသ ဖြစ်ပါတယ်။ အဲဒါကြောင့် ရထားလမ်းလည်း မရှိပါဘူး၊ လေကြောင်းလမ်းလည်း မရှိပါဘူး၊ ရေကြောင်းလမ်းလည်း မရှိပါဘူး။ ဒါကြောင့် စီးပွားရေး၊ လူမှုရေး၊ သွားလာရေး၊ ဆက်သွယ်ရေး၊ ပို့ဆောင်ရေး စတဲ့ မည်သည့်လုပ်ငန်းကိုစ္စ အသီးသီးကို ဆောင်ရွက်ရတဲ့ အခါမှာ ကားလမ်း တစ်ခုတည်းကိုသာ ပြည်နယ်၏ သွေးကြောကြီး ဖြစ်နေပါတယ်။ ချင်းပြည်နယ်အား ဖွံ့ဖြိုးမှုအနည်းဆုံးဒေသမှ ဖွံ့ဖြိုးတိုးတက်လာသောဒေသဖြစ်လာစေမယ့် ဦးတည်ချက်ဖြင့် အခြားသော ပြည်နယ်နှင့် တိုင်းဒေသကြီး နယ်စပ်ဂိတ်များနည်းတူ ချင်းပြည်နယ် နယ်စပ်ဂိတ်များကိုလည်း နိုင်ငံတကာ ဝင်ပေါက်ထွက်ပေါက်အဖြစ် ဖွင့်ပေးမည်ဆိုပါက နိုင်ငံကူးလက်မှတ် ကိုင်ဆောင်ထားသောသူများအားလုံး အဆိုပါ ဝင်ထွက်ပေါက်များမှ တစ်နိုင်ငံနဲ့ တစ်နိုင်ငံ လွတ်လပ်စွာ သွားလာနိုင်တော့မည်ဖြစ်ပြီး ယင်းနယ်စပ်ဒေသဆိုင်ရာ အရောင်းအဝယ် ပုံမှန်ပြုလုပ်နိုင်မှာ ဖြစ်ပါတယ်။ အဲဒီအခါမှာ နယ်စပ်ကုန်သွယ်ရေးလုပ်ငန်းများလည်း တစ်နှစ်ပြီးတစ်နှစ် ဖွံ့ဖြိုးတိုးတက်လာမှာဖြစ်ပါတယ်။ ထိုအချိန်မှသာ ချင်းပြည်နယ်နဲ့ ချင်းလူမျိုးများအတွက် ဒေသဖွံ့ဖြိုးတိုးတက်ရေးကို ယခုအခြေအနေထက် ပိုမိုအောင်မြင်အောင် ဆောင်ရွက်နိုင်မည် ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် တင်ပြပြီးဖြစ်တဲ့အတိုင်း ချင်းပြည်နယ်မှာ ယနေ့အထိ ရထားလမ်း၊ ရေကြောင်းလမ်း၊ လေကြောင်းလမ်းလည်း မရှိခဲ့ပါသဖြင့် ကားလမ်းတစ်ခုတည်းကိုသာ အဓိက အားကိုး အသုံးပြုရတဲ့ လမ်းဖြစ်ပါတယ်။ ကျွန်တော် မေးခွန်း မမေးခင်က အနည်းငယ် ပြောချင်တာကတော့ နယ်စပ်ကားလမ်းများဆိုတာက ကျွန်တော်တို့ ပြည်သူလူထုက ကိုယ်ထူကိုယ်ထနဲ့ ဖောက်လုပ်တဲ့ လမ်းများဖြစ်ပါသဖြင့် အချို့လမ်းများသည် တချို့နေရာမှာ နေရာကျဉ်းမယ်၊ တချို့နေရာမှာ ခိုင်မာမှု မရှိ၊ အကွေ့အကောက် အတက်အဆင်းများလည်း ရှိနိုင်ပါသော်လည်း နယ်စပ်ဂိတ် ဖွင့်လှစ်နိုင်အောင် လိုအပ်သည်များကို အစိုးရက တာဝန်ယူပြီးတော့ လုပ်ပေးသင့်ပါတယ်လို့ ကျွန်တော် ပြောချင်ပါတယ်။ နယ်စပ်ဂိတ်များ ဖွင့်လှစ်ပေးရန် ဖြစ်နိုင်၊ မဖြစ်နိုင်။ ကျွန်တော် မေးချင်တဲ့ လမ်း(၇)ခု ကတော့ (၁) ကလေး-တီးတိန်-ရိဒ်မှ အိန္ဒိယသို့ သွားတဲ့လမ်း၊ (၂) ဟားခါး-ဖလမ်း-ရိဒ်မှ အိန္ဒိယသို့ သွားတဲ့လမ်း၊ ဟားခါး-ထန်တလန်-ဆိုင်ဆီခြောက်မှ အိန္ဒိယသွားတဲ့လမ်း၊ တီးတိန်-တွန်းဇံ-ကျီခါးမှ အိန္ဒိယသွားတဲ့လမ်း၊ ထန်တလန်-ဇန်ကန်-တလန်လိုမှ အိန္ဒိယသွားတဲ့လမ်း၊ ဂန့်ဂေါ-ရေဇွာ-လိုင်လင်းသဲမှ အိန္ဒိယ သွားတဲ့လမ်း၊ ထန်တလန်-လုံလဲရ်-ဘုန်ခွါမှ အိန္ဒိယသွားတဲ့ လမ်းတို့ ဖြစ်ကြပါတယ်။ ကျွန်တော် မေးချင်တဲ့ မေးခွန်း (၁) မြန်မာ-အိန္ဒိယနယ်စပ်တစ်လျှောက်ရှိ နယ်စပ်ကားလမ်း (၇)ခုကို အပြည်ပြည်ဆိုင်ရာ ဝင်ထွက်ပေါက်များအဖြစ် တရားဝင်ဂိတ်များ ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိ၊ (၂) တစ်ချိန်တည်း တစ်ပြိုင်တည်း ဖွင့်လှစ်ပေးနိုင်ခြင်း မရှိပါက ယင်းလမ်းမကြီးများအနက် အသင့်လျော်ဆုံး ဂိတ်(၃)ခုကို ဖွင့်လှစ်ပေးရန် ဖြစ်နိုင်/မဖြစ်နိုင် သိလိုပါကြောင်း မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၄၀။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းနဲ့ပတ်သက်ပြီး စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

## ဖြေကြားချက်

**အချိန်၊ ၁၀း၄၀။**

**ဒေါက်တာပွင့်ဆန်း (ဒုတိယဝန်ကြီး၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ တက်ရောက်လာကြသော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၊ ဧည့်သည်တော်ကြီးများအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနဲ့ ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်း တောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဒေါက်တာပွင့်ဆန်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ချင်းပြည်နယ် အမှတ်(၃)မဲဆန္ဒနယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးပေါလ်ထန်ထိုင်း ၏ မေးခွန်းနဲ့ ပတ်သက်ပြီး ဖြေကြားသွားမှာ ဖြစ်ပါတယ်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေနဲ့ နယ်စပ်ဒေသနေ တိုင်းရင်းသားလုပ်သားပြည်သူများရဲ့ လူမှုဘဝဖွံ့ဖြိုးတိုးတက်စေရေးအတွက် နယ်စပ်ဒေသများမှာ ကုန်သွယ်ရေးဇုန်များ၊ နယ်စပ်ကုန်သွယ်ရေးစခန်းများ၊ နယ်စပ်ဈေးများကို ဖွင့်လှစ်ဆောင်ရွက်ပေးနိုင်ခဲ့တဲ့နေရာများမှာ ဖွင့်လှစ်ပေးနိုင်ရေးအတွက်ကို စီမံဆောင်ရွက်လျက်ရှိပါတယ်။ အဲဒီလို ဆောင်ရွက်ရာမှာ နှစ်နိုင်ငံ နယ်စပ်ကုန်သွယ်ရေစခန်းများ ဖွင့်လှစ်ရာမှာ အခြေခံထည့်သွင်းစဉ်းစားရမည့် အချက်များဖြစ်တဲ့

နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုရှိခြင်း၊ ဒေသအတွင်း လုံခြုံငြိမ်းချမ်းမှုရှိခြင်း၊ လမ်းပန်းဆက်သွယ်မှု ချောမွေ့ကောင်းမွန်ခြင်း၊ နှစ်နိုင်ငံ ကုန်သွယ်မှုလုပ်ငန်း အစီအစဉ်နှင့် ဘဏ်လုပ်ငန်း အစီအစဉ်များ ညှိနှိုင်းသဘောတူညီမှုနဲ့ ယင်းအခြေခံ အဆောက်အဦများ ထူထောင်ပေးနိုင်မှုရှိခြင်း၊ ဒေသအတွင်း စားသုံးမှုဖူလုံသည့်အပြင် ပိုလျှံမှုရှိပြီး ပြည်တွင်းပြည်ပ ဈေးကွက်များသို့ ရောင်းချနိုင်မယ့် ကုန်ပစ္စည်းများရှိခြင်းနဲ့ ဈေးကွက်ဖွံ့ဖြိုးမှုရှိခြင်း၊ အခြားပြည်နယ်/တိုင်းဒေသကြီးများနဲ့လည်း ချိတ်ဆက်၍ ကုန်စည်များကို တရားဝင်နည်းလမ်းဖြင့် ကူးသန်းရောင်းဝယ်ပြီး တိုက်ရိုက် သို့မဟုတ် တစ်ဆင့်ခံ ကုန်သွယ်ရောင်းချမှု ပြုလုပ်နိုင်သည့် အခြေအနေရှိခြင်း၊ နယ်စပ်ကုန်သွယ်ရေး စခန်းဖွင့်လှစ်မည့် နယ်စပ်ဒေသမှာ နှစ်နိုင်ငံ နယ်နိမိတ်တိုင်းတာရေးကိစ္စများ ရှင်းလင်းပြီးပြတ်ပြီးခြင်း ဟူသော အချက်များကို ထည့်သွင်းစဉ်းစားဆောင်ရွက်လျက်ရှိပါတယ်။

မြန်မာနိုင်ငံနှင့် နယ်နိမိတ် ထိစပ်နေတဲ့ အိမ်နီးချင်းနိုင်ငံများအနက် လက်ရှိ ဖွင့်လှစ်ထားရှိသော နယ်စပ်ကုန်သွယ်ရေးစခန်းများမှာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ မျက်နှာစာမှာ (၄)ခု၊ ထိုင်းနိုင်ငံမျက်နှာစာမှာ (၆)ခု၊ အိန္ဒိယနိုင်ငံမျက်နှာစာမှာ(၂)ခု၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ မျက်နှာစာမှာ(၂)ခု စုစုပေါင်း နယ်စပ်ကုန်သွယ်ရေးစခန်း(၁၄)ခု ဖွင့်လှစ်ထားရှိပြီး ဖြစ်ပါတယ်။ မြန်မာ-အိန္ဒိယ နှစ်နိုင်ငံ နယ်စပ်ကုန်သွယ်ရေးစခန်းများဖြစ်တဲ့ တမူးနယ်စပ်ကုန်သွယ်ရေးစခန်းကို ၁၉၉၅ ခုနှစ်၊ ဧပြီလ ၁၂ ရက်နေ့မှာသော်လည်းကောင်း၊ ကလေး-တီးတိန်-ရိဒ်လမ်း၊ ဟားခါး-ဖလမ်း-ရိဒ် လမ်းတို့နဲ့ ဆက်စပ်တဲ့ ရိဒ်နယ်စပ်ကုန်သွယ်ရေးစခန်းကို ၂၀၀၃ ခုနှစ်၊ ဒီဇင်ဘာ ၁၀ ရက်နေ့မှာသော်လည်းကောင်း အသီးသီး ဖွင့်လှစ်ပြီးတော့ နှစ်နိုင်ငံ နယ်စပ်ကုန်သွယ်ရေးများကို ဆောင်ရွက်ခဲ့ပါတယ်။ ချင်းပြည်နယ်အတွင်းမှာ ရှိတဲ့ ဟားခါး-ထန်တလန်-ဆိုင်ဆီခြောက်လမ်း၊ ထန်တလန်-ဗန်ကန်-တလန်လိုလမ်း၊ ထန်တလန်-လုံလဲရ်-ဘုန်ခွါ ကားလမ်းတို့နဲ့ ဆက်စပ်တဲ့ ထန်တလန်မှာ နယ်စပ်ကုန်သွယ်ရေးစခန်း(၁)ခု ဖွင့်လှစ်ရန်အတွက် ထန်တလန် ယာယီနယ်စပ်ကုန်သွယ်ရေးစခန်းကို ၂၀၁၃ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှာ ဖွင့်လှစ်ဆောင်ရွက်နိုင်ခဲ့ပါတယ်။

မြန်မာ-အိန္ဒိယ နှစ်နိုင်ငံနယ်စပ်ဒေသများမှာ နေထိုင်သူများရဲ့ အကျိုးဖြစ်ထွန်းမှုကို ရည်ရွယ်၍ နှစ်နိုင်ငံနယ်စပ်ဈေးများကို ဖွင့်လှစ်ရန် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရနဲ့ အိန္ဒိယသမ္မတ နိုင်ငံအစိုးရတို့အကြား နယ်စပ်ဈေးများ ဖွင့်လှစ်နိုင်ရေး နားလည်မှုစာချွန်လွှာအား ၂၀၁၂ ခုနှစ်၊ မေလ ၂၈ ရက်နေ့မှာ လက်မှတ်ရေးထိုးခဲ့ပါတယ်။ ယင်းနယ်စပ်ဈေးများမှာ နှစ်ဖက်အစိုးရမှ ခွင့်ပြုထားသော ဒေသတွင်း ထုတ်လုပ်ထွက်ရှိတဲ့ သတ်မှတ်ကုန်စည်နှင့် ထုတ်ကုန်များကို သတ်မှတ်လုပ်ထုံးလုပ်နည်းများနှင့်အညီ အကောက်ခွန်မဲ့ ကူးသန်းရောင်းဝယ်နိုင်ရေးအား ခွင့်ပြုပေးသွားမှာဖြစ်ပါတယ်။ မြန်မာ-အိန္ဒိယ နှစ်နိုင်ငံနယ်စပ် ဈေးပူးတွဲကော်မတီ ပထမအကြိမ် အစည်းအဝေးကို ၂၀၁၂ ခုနှစ်၊ အောက်တိုဘာလ ၁၈ ရက်နေ့မှာ ပြုလုပ်ခဲ့ပြီးတော့ နှစ်နိုင်ငံနယ်စပ်ဈေးများ ဆောင်ရွက်မည့် နေရာများအဖြစ် စစ်ကိုင်းတိုင်းဒေသကြီးမှာ (၄)နေရာနှင့် ချင်းပြည်နယ်မှာ (၅)နေရာ စုစုပေါင်း (၉)နေရာအား ရွေးချယ်သတ်မှတ်ထားပြီး ဖြစ်ပါတယ်။ ချင်းပြည်နယ်အတွင်း နှစ်နိုင်ငံနယ်စပ်ဈေးများ ဆောင်ရွက်ရန် ချင်းပြည်နယ်အစိုးရနဲ့ ညှိနှိုင်းဆောင်ရွက်ထားသော နေရာများမှာ ခင်မန်း၊ လေးလက်၊ ဒါရ်ခိုင်း၊ ထာအိုနှင့် ဖာရ်တလန် တို့ ဖြစ်ပါတယ်။ ဝင်ထွက်ပေါက်များနဲ့ ပတ်သက်၍တော့ မြန်မာနိုင်ငံနဲ့ နယ်နိမိတ်ထိစပ်နေတဲ့ အိမ်နီးချင်း(၅)နိုင်ငံအနက် အိန္ဒိယနိုင်ငံမှလွဲ၍ တရုတ်၊ လာအို၊

ထိုင်း၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံများနဲ့ နယ်စပ်ဖြတ်သန်းသွားလာရေးဆိုင်ရာ နှစ်နိုင်ငံ သဘောတူစာချုပ်များ ချုပ်ဆိုခဲ့ပြီးတော့ ဝင်ထွက်ပေါက်များ သတ်မှတ်ကာ နှစ်နိုင်ငံသားများအား ဖြတ်သန်းသွားလာ ခွင့်ပြုလျက် ရှိပါတယ်။

အိန္ဒိယနိုင်ငံနဲ့ နယ်စပ်ဖြတ်သန်းသွားလာရေးဆိုင်ရာ သဘောတူစာချုပ်များ ချုပ်ဆိုထားခြင်း မရှိသေးပါဘူး။ သို့သော်လည်း နှစ်နိုင်ငံနယ်စပ်ဒေသ ပြည်သူများသွားလာရ လွယ်ကူစေရန်အတွက် စစ်ကိုင်းတိုင်းဒေသကြီး၊ တမူး၊ မိုးရေး ဝင်ထွက်စခန်းနဲ့ ချင်းပြည်နယ် ရိဒ်ခေါဒါ၊ ဇိုခေါဒါ ဝင်ထွက် စခန်းများကို နှစ်နိုင်ငံနယ်စပ်ဒေသ အာဏာပိုင် အစီအစဉ်ဖြင့် ဖွင့်လှစ်ထားပြီးတော့ နှစ်နိုင်ငံနယ်စပ်နေ ပြည်သူများ နယ်စပ်ဒေသအတွင်း ဝင်ထွက်ခွင့်ပြုလျက်ရှိပါတယ်။ အပြည်ပြည်ဆိုင်ရာ ဝင်ထွက်ပေါက်အဖြစ် ဖွင့်လှစ်မည်ဆိုပါက နှစ်နိုင်ငံနယ်စပ်ဖြတ်ကျော်ခွင့်ဆိုင်ရာ စာချုပ်ကို ဦးစွာ လက်မှတ်ရေးထိုးပြီးမှသာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ချင်းပြည်နယ် အမှတ်(၃)မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးပေါလ်ထန်ထိုင်း မေးမြန်းထားတဲ့ ဖောက်လုပ်ပြီး အသုံးပြုလျက်ရှိသော နယ်စပ်လမ်း(၇)ခုနဲ့ ပတ်သက်၍ ဖြေကြားတင်ပြရလျှင် မြန်မာ-အိန္ဒိယ နယ်စပ်လမ်းကြောင်း(၇)ခုအနက် နယ်စပ်ကုန်သွယ်ရေးစခန်း(၂)ခုနဲ့ ဆက်သွယ်ထားသော လမ်းကြောင်း(၃)ခုဖြစ်တဲ့ ကလေး-တီးတိန်-ရိဒ် မှ အိန္ဒိယနိုင်ငံသို့ သွားသည့်လမ်း၊ ဟားခါး-ဖလမ်း-ရိဒ်မှ အိန္ဒိယနိုင်ငံသို့ သွားသည့်လမ်းနဲ့ ဟားခါး-ထန်တလန်-ဆိုင်ဆီခြောက်မှ အိန္ဒိယနိုင်ငံသို့ သွားသည့် လမ်းကြောင်းများအပေါ်တွင် နယ်စပ်ကုန်သွယ်ရေးဂိတ်များ ဖွင့်လှစ်ထားပြီး ဖြစ်ပါကြောင်းနဲ့ လက်ရှိအခြေအနေမှာ ကျန်လမ်းကြောင်း(၄)ခုမှာ နယ်စပ်တရားဝင်ဂိတ်များဖွင့်လှစ်ရန် အတွက်သော်လည်းကောင်း၊ မြန်မာ-အိန္ဒိယ နယ်စပ်ရှိကားလမ်း(၇)ခုလုံးကို အပြည်ပြည်ဆိုင်ရာ ဝင်ထွက်ပေါက် တရားဝင်ဂိတ်များအဖြစ် ဖွင့်လှစ်ရန် အစီအစဉ် မရှိသေးပါကြောင်း ဖြေကြားအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**လက်ပံတန်းမြို့နယ်၊ မြေစီးကျေးရွာနှင့် ကြို့ပင်စခန်းရွာ ကြားရှိ ကြံ့ခိုင်မှုမရှိသော အောင်စိုးမိုးသစ်သားတံတားအား သံကူကွန်ကရစ်တံတားအဖြစ် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၄၅။**

**ဥက္ကဋ္ဌ**။ ။ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးမြင့်ထွန်း က လက်ပံတန်းမြို့နယ်၊ မြေစီးကျေးရွာနှင့် ကြို့ပင်စခန်းရွာကြားရှိ ကြံ့ခိုင်မှုမရှိသော အောင်စိုးမိုး သစ်သားတံတားအား သံကူကွန်ကရစ်တံတားအဖြစ် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၄၅။**

**ဦးမြင့်ထွန်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)**။ ။ လေးစားအပ်တဲ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီး၊ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၊ ကော်မရှင်အဖွဲ့ဝင်များခင်ဗျား။ မင်္ဂလာပါလို့ ဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်။ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)က လွှတ်တော်ကိုယ်စားလှယ် ကျွန်တော် ဦးမြင့်ထွန်း အနေနဲ့

ဒီနေ့ ကြယ်ပွင့်ပြမေးခွန်းဖြစ်တဲ့ ပဲခူးတိုင်းဒေသကြီး၊ လက်ပံတန်းမြို့နယ်၊ မြေစီးကျေးရွာအုပ်စု၊ မြေစီးကျေးရွာနဲ့ ကြို့ပင်စခန်းရွာကြားမှာရှိတဲ့ အောင်စိုးမိုးသစ်သားတံတားလေး ပျက်စီးနေလို့၊ သံကူ ကွန်ကရစ်လေး ဖြစ်စေချင်လို့ အခြေအနေ တင်ပြမေးမြန်းသွားမှာ ဖြစ်ပါတယ်။

ကျွန်တော် ဇူလိုင်လက တင်ပြထားတဲ့ မေးခွန်းပါ။ (၄)လနီးပါးတောင် ရှိပါပြီ။ ကျွန်တော် ကွင်းဆင်းတုန်းက အခြေအနေ တော်တော်လေးဆိုးနေတာလည်း တွေ့ရပါတယ်။ ကျွန်တော် Power Point လည်း တင်ပြဖို့ ကျွန်တော် ဆောင်ရွက်ထားပါတယ်။ Silde-1 တံတားရဲ့ အခြေအနေ တော်တော်လေး ယိမ်းယိုင်နေတာ ဖြစ်ပါတယ်။ အန္တရာယ်လည်း ရှိပါတယ်။ Silde-2 တံတားရဲ့ အောက်ပိုင်း ကျွန်တော် မှတ်တမ်းတင်ထားတာ ဖြစ်ပါတယ်။ Silde-3 ဆိုတော့ ဒီ(၃)ပုံ ကျွန်တော် တင်ပြတာ ဖြစ်ပါတယ်။ တံတားလေး သက်တမ်းဟာ နှစ်ပေါင်း(၅၀)ကျော်ပြီးတော့ ပျက်စီးခါနီးနီး ဖြစ်နေတဲ့အတွက် ပြင်မယ်ဆိုရင်တော့ သိန်း(၅၀)၊ (၆၀)လောက်ပဲ ကုန်မယ်လို့လည်း ထင်ပါတယ်။ သို့သော် သံကူ ကွန်ကရစ်တံတား ဆောက်လုပ်မယ်ဆိုရင်တော့ သိန်း(၁၀၀)ပတ်ဝန်းကျင်လောက် ကုန်မယ်လို့ ကျွန်တော် ဒီလိုပဲ မြင်ပါတယ်။ ဒီတံတားဟာ အလျားပေ(၄၀)၊ အနံ(၁၅)ပေ၊ အမြင့်(၁၅)ပေ သေးငယ်ပေမယ့်လည်း ရွာကြီး(၄)ရွာဖြစ်တဲ့ ကြို့ပင်စခန်းရွာ၊ သစ်ရောင်းပြင်ရွာ၊ သဲတောရွာ၊ သက်ရက်ချောင်း ရွာ စတဲ့ အဓိကရွာကြီးတွေနဲ့ တခြားနံဘေးက ကျေးရွာ(၁၀)ရွာလောက် ဒါ အားကိုးနေကြရတာပါ။ တချို့စက်ဘီးလေးတွေနဲ့ စပါးအိတ် (၆)အိတ်၊ (၇)အိတ်လောက် တင်ပြီး တော့မှ ဒီတံတားပေါ်က တွန်းပြီးသွားနေကြတာလည်း တွေ့ရပါတယ်။ လှည်း၊ ထော်လာဂျီ၊ ဆိုင်ကယ်နဲ့ ရဟန်းရှင်လူ၊ ကျောင်းသူ/ကျောင်းသားတွေလည်း နေ့စဉ် တံတားကိုပဲ အားကိုးပြီး သုံးနေခဲ့ကြရပါတယ်။ အခုတော့ မသုံးရဲလို့ ဒီလိုပဲ ခက်ခက်ခဲခဲ သွားနေရတဲ့အကြောင်း တင်ပြလိုပါတယ်။

မြေစီးရွာမှ ရွာသူ/ရွာသားတွေကလည်း ဒီ ဘုန်းတော်ကြီးတွေ အပါအဝင် ကြယ်ပွင့်ပြ မေးခွန်းမေးပေးပါဆိုပြီး ကျွန်တော့်ကို ပြောကြပါတယ်။ ကျွန်တော်တို့ဆီက လယ်သမားတွေလည်း ကြယ်ပွင့်ပြတွေ၊ ကြယ်ပွင့်မပြတွေ တော်တော်လေး သိနေကြပါပြီ။ ကျွန်တော်ကလည်း ကြယ်ပွင့်ပြ မေးပေးပါမယ်လို့ ကတိခံလိုက်မိပါတယ်။ သူတို့က လွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြရင်ရမှာ သေချာတယ် ဆိုပြီးတော့ သူတို့ ထင်နေကြပါတယ်။ အဲဒီတော့ ကျွန်တော်ကလည်း ရှင်းပြရတယ်။ မဟုတ်ဘူး၊ ရချင်မှရမှာ၊ တစ်ခါတလေ တို့ တင်ပြတဲ့အချက်တွေဟာ ရပ်ကွက်အုပ်ချုပ်ရေးမှူး၊ မြို့နယ် အုပ်ချုပ်ရေးမှူးတွေရဲ့ ထောက်ခံချက်တောင် ပြန်တောင်းနေလို့ မင်းတို့ သိဖို့လိုပါတယ်။ ဒါကြောင့် မို့လို့ ခင်ဗျားတို့တွေရအောင် ဆုတောင်းပေးကြပါလို့ ကျွန်တော် ဒီလိုပဲပြောပေးခဲ့ရပါတယ်။ ကျွန်တော် စပြောတုန်းကလည်း ခင်ဗျားတို့ မဲပေးထားတာ၊ မေးကြပါ၊ ပြောကြပါ၊ တော်တော်လေး ကျွန်တော် ပြောလို့ သူတို့လည်း မဝံ့မရဲနဲ့ ပြောတာတွေ ကျွန်တော် တွေ့ရပါတယ်။ ခင်ဗျားတို့ ခိုင်းရင်လည်း ကျွန်တော် တာဝန်ကျေအောင် လုပ်ပါမယ်လို့ ဒီလိုလည်း ကျွန်တော်တို့ ကတိပေးထားတာတွေ ရှိပါတယ်။ ခင်ဗျားတို့က ကျွန်တော်တို့ မိဘတွေပါ၊ ကျွန်တော်တို့ကို သားလို၊ သမီးလို ဒီလိုသဘော ထားပြီးတော့ ခိုင်းမယ်ဆိုရင် အားမနာတမ်း ဒါ ကျွန်တော်တို့ ခိုင်းကြပါ၊ ပြောကြပါဆိုမှ ဒီတံတားလေး ကို သူတို့ မဝံ့မရဲပြောလို့ ကျွန်တော် လွှတ်တော်မှာ တင်ပြရခြင်း ဖြစ်ပါတယ်။

အခုလို တင်ပြလို့ သက်ဆိုင်ရာဝန်ကြီးဌာနအနေနဲ့က အစီအစဉ်မရှိပါဘူးလို့ ပြောရင် လည်းပဲ ကုသိုလ်လို့ပဲ ကျွန်တော် ယူဆပါတယ်။ ကျွန်တော်လည်း ပြောထားပါတယ်။ လွှတ်တော် ကိုယ်စားလှယ်ဆိုတာ မေးပေးမယ်။ ပြောပေးမယ်။ အဲဒီတော့ ဒါပဲရပါတယ်။ အာဏာစက်တော့ မရှိဘူး။ ဒါလေးတော့ ရင်ထဲမှာ အသည်းစွဲအောင် မှတ်ထားကြပါ။ ဒါ ကျွန်တော် ပြောထားပါတယ်။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီနေရာမှာ ကျွန်တော် ဝန်ကြီးဌာနရဲ့ အချိုးညီ စေချင်တဲ့ ကိစ္စလေး တစ်ခု သွားတွေ့လို့ နည်းနည်းလေး ရင်ဖွင့်ပြပါရစေခင်ဗျား။ ဒီ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက် ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနရဲ့ ၂၀၁၃-၂၀၁၄ ဖြည့်စွက်ခွင့်ပြုငွေတောင်းတဲ့ စာရင်းထဲမှာ ကျွန်တော်တို့ ပဲခူးတိုင်းအနောက်ခြမ်း တစ်ခုတည်း ကြည့်မယ်ဆိုရင် ပဲခူးတိုင်း အနောက်ခြမ်းမှာ (၁၄)မြို့နယ် ရှိပါတယ်။ အဲဒါကြည့်လိုက်တဲ့အခါမှာ မြို့နယ်နှစ်ခုတည်းမှာကိုပဲ မြို့နယ်တစ်ခုက လုပ်ငန်း(၁၆)ခု၊ မြို့နယ်တစ်ခုက လုပ်ငန်း(၁၅)ခု တောင်းပေးထားတာ တွေ့ပါတယ်။ အဲဒီလုပ်ငန်း(၁၆)ခု တောင်းထားတဲ့ မြို့နယ်ဆိုရင် ဘတ်ဂျက်ငွေက သန်း(၃၀၀၀)လောက် တောင်းထား ပါတယ်၊ (၁၅)ခု။ လုပ်ငန်း (၁၅)ခု တောင်းထားတဲ့ မြို့နယ်အတွင်းမှာ(၄၆၉)သန်း တောင်းပါတယ်။ ကျန်တဲ့မြို့တွေမှာတော့ တစ်ခု၊ နှစ်ခုလောက်ပဲ တောင်းပြီးတော့မှ အများစုမှာတော့ တစ်ခုမှ မတောင်း ထားတာလည်း သွားသတိထားမိပါတယ်။ အဲဒီတော့ ကျွန်တော်တို့ တခြားတိုင်းတွေ၊ ပြည်နယ်တွေမှာ ရှိတဲ့ ဆင်းရဲတဲ့ ရွာတွေလိုပဲ၊ ဆင်းရဲတဲ့ ရွာတွေ ကျွန်တော်တို့ တိုင်းဘက်မှာလည်း တော်တော်များ ပါတယ်။ ဆိုလိုတာက အုပ်ချုပ်ရေးအာဏာပိုင်တွေအနေနဲ့ ဖြစ်နိုင်သလောက် အချိုးညီညီ ဖြစ်စေ ချင်ပါတယ်။ ဒီသဘောကို တင်ပြတာပါ။ ရတဲ့မြို့နယ် နှစ်ခု၊ သုံးခုလောက်ကတော့ ဝမ်းသာမှာ သေချာပါတယ်။ မရတဲ့မြို့နယ် အများစုရဲ့ ရင်ထဲကတော့ မချိတင်ကဲ ဝမ်းနည်းစွာနဲ့ မုဒိတာပွား ကြရမှာ ဖြစ်ပါတယ်လို့ ကျွန်တော် တင်ပြလိုပါတယ်။

သေချာပြန်ကြည့်ပြန်တော့လည်း လွှတ်တော်ကိုယ်စားလှယ်တွေ တောင်းထားတာကို တချို့ ပေးထားတာတွေလည်း ဝမ်းသာစရာ တွေ့ရပြန်ပါတယ်။ ဒါပေမဲ့ တချို့မေးခွန်းမေးဖို့ အရေအတွက် ပြည့်သွားတဲ့ ကိုယ်စားလှယ်တွေ၊ မမေးလိုက်ရလို့ ကျန်သွားတဲ့ ကိုယ်စားလှယ်တွေအတွက်လည်း ဒီအခါမှာ သက်ဆိုင်ရာဌာနက မြေပြင်ရဲ့ လိုအပ်ချက်တွေကို ကြိုးစားပြီးတော့မှ ဒါ သိအောင် လုပ်ပြီးတော့ မတောင်းလည်းပဲ ဖြည့်ဆည်းပေးရင် ကောင်းမယ်လို့ ဒါ ရိုးရိုးသားသား အကြံပြုလို ပါတယ်။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ကိုယ်စားလှယ်တွေ တင်ပြတာတွေဟာ မြေပြင်မှာ တကယ်လိုအပ်နေတာတွေ ဖြစ်ပါတယ်။ တချို့လည်း ဌာနက လုပ်ပေးတာတွေတော့ ရှိပါတယ်။ သို့သော် ချက်ချင်းလုပ်ပေးရမယ်လို့ မဆိုလိုပါဘူး။ နောက်နှစ်မှာ လုပ်ပေးမယ်ဆိုရင် လည်းပဲ ပြည်သူတွေက ကျေနပ်ပါတယ်။ ဒါမှမဟုတ် နောက်တစ်နှစ်မှ ထပ်ဆိုင်းပြီးမှ လုပ်ပေးမယ် ဆိုရင်လည်းပဲ ကျေနပ်ပါတယ်။ Plan ထဲ ထည့်ပေးလိုက်ရင်ပဲ ကတိလည်း ဒါ ပေးထားလိုက်ရင် အားလုံးကျေနပ်ကြမယ်လို့ ကျွန်တော် ဒီလိုပဲ မြင်ပါတယ်။ ကျွန်တော်တို့ နိုင်ငံဆင်းရဲတာကို ပြည်သူတွေ သဘောပေါက်ကြပါတယ်။ အုပ်ချုပ်ရေးအာဏာပိုင်ဘက်ကလည်း ကြည့်ရင်လည်း ဥပမာအားဖြင့် မုန့်(၁၀)ခုကို ကလေး(၁၀)ယောက်ကို တစ်ခုစီဝေလို့ ပြဿနာ မရှိပါဘူး။ ကလေး(၂၀) ရှိရင်တော့ မုန့်ကိုတစ်ခြမ်း၊ တစ်ခုကို တစ်ခြမ်းစီဖြင့် ဝေရမှာဖြစ်ပါတယ်။ ကလေး(၁၀၀) ရှိရင်တော့

မုန့်ကို ဆယ်စိတ်စီလောက် စိတ်ရမှာ ဖြစ်ပါတယ်။ မုန့်ကို (၁၀၀)စိတ် စိတ်ဖို့ မဖြစ်နိုင်တဲ့အခါကျတော့ ကလေး(၁၀၀၀)ရှိရင်တော့ ဝေတဲ့ ပုဂ္ဂိုလ်၊ မိဘ ဒါ တော်တော်လေး ချင့်ချင့်ချိန်ချိန်နဲ့ လေးလေးနက် စဉ်းစားဖို့ လိုသွားပါပြီ။ ဒါကြောင့်မို့လို့ ဒီနှစ်မှာလည်းပဲ မင်းက (၁၀၀)ယူကွာ၊ နောက်နှစ်ကျရင် မင်းတို့(၁၀၀)ယူကွာ၊ နောက်နှစ်ကျရင် (၁၀၀)ယူကွာ ဆိုလည်းပဲ တော်တော်လေး ကျေနပ်ကြမှာပါ။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်သူတွေမှာ လိုအပ်ချက်တွေကို တစ်မျှော်မျှော်နဲ့ တစ်ခါတစ်ခါ လမ်းစပျောက်သလို ဖြစ်နေတတ်ကြပါတယ်။ တချို့လည်း ကျွန်တော်တို့ ပြောခိုင်းတာ တောင် မပြောရဲတာတွေ တွေ့ခဲ့ရပါတယ်။ ရွာတွေကို ဖြည့်ဆည်းခွဲဝေပေးတဲ့အထဲမှာ အချိုးညီမယ် ဆိုရင်တော့ ဒါ ကောင်းပါတယ်။ အချိုးမညီဘူး ဆိုရင်တော့ အုပ်ချုပ်သူတွေရော၊ လွှတ်တော်ကိုပါ အထင်အမြင် သေးခံရမှာလည်း စိုးရိမ်ပါတယ်။ ကျွန်တော်တို့ကလည်း ပြည်သူတွေအတွက် မမေးရင်၊ မပြောမိရင် ပြည်သူတွေ ငြိုငြင်မှာ စိုးရိမ်ရပါတယ်။ အုပ်ချုပ်ရေးအာဏာပိုင်တွေ စီမံထားတာကို လွှတ်တော်က ဘတ်ဂျက်ဖြတ်တောက်ဖို့ဟာလည်းပဲ ကျွန်တော်တို့ တော်တော်လေး ချင့်ချင့်ချိန်ချိန် စဉ်းစဉ်းစားစား ဆောင်ရွက်ရ ပါတယ်။ တစ်နေ့က ကိုယ်စားလှယ်ကြီး ဦးအောင်ငြိမ်း ပြောသလိုပါပဲ၊ ကွယ်လွန်ခါနီးနေကြတဲ့ သက်ကြီးရွယ်အို နိုင်ငံ့ဂုဏ်ရည်ပုဂ္ဂိုလ်ကြီးတွေ တစ်လမှာမှ ကျပ်(၃၀၀၀)တို့ (၆၀၀၀)တို့ ဒီလိုရနေကြတာ ဒီငွေဟာ လက်ဖက်ရည်တစ်ခွက်ဖိုးနဲ့ မုန့်တစ်ခုဖိုးလောက်ပဲရှိမယ်လို့ တွက်ပါတယ်။ ဒီလို တိုင်းပြုပြည်ပြု အသက်(၉၀)ပတ်ဝန်းကျင် နိုင်ငံ့ဂုဏ်ရည်ပုဂ္ဂိုလ်ကြီးတွေကို နေပြည်တော်မှာရှိတဲ့ မင်္ဂလာကန် လျှပ်စစ်မီးမွမ်းမံတဲ့ငွေ သိန်း(၁၈၀၀)ထဲကပဲဖြစ်ဖြစ်၊ နေပြည်တော် အဝင် စီလမ်းဆုံက ရေကန် မွမ်းမံတဲ့ သိန်း(၅၄၀၀)ထဲကပဲဖြစ်ဖြစ် လက်သန်းတစ်ဆစ်လောက် ဖဲ့ပေးလိုက်ရင် ဒီပုဂ္ဂိုလ်ကြီးတွေဟာ ဘဝကို ပျော်ပျော်ရွှင်ရွှင်နဲ့ နိဂုံးချုပ်နိုင်ကြမလား။ ဒါ တွေးမိ ပါတယ်။ ဒီရေကန်တွေလည်း ရုပ်ပျက်မသွားပါဘူး။ အဲဒီတော့ ကျွန်တော်တို့ အုပ်ချုပ်ရေး အာဏာပိုင်တွေ အနေနဲ့ ပြည်သူ လိုအပ်ချက်တွေကို ဖြည့်ဆည်းတဲ့အခါမှာ ဖြစ်နိုင်ဆုံး၊ အကောင်းဆုံး အချိုးညီညီဖြစ်အောင် ဆောင်ရွက်ပေးသင့် ပါတယ်လို့ မေတ္တာရပ်ခံအပ်ပါတယ်။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ဥက္ကဋ္ဌကြီးရဲ့စကားကို သံယောင်လိုက်တာတော့ မဟုတ်ပါဘူး။ ဟိုတစ်နေ့က ပညာရေးဝန်ကြီးဌာနကို ပြောလိုက်တဲ့ ဥက္ကဋ္ဌကြီးရဲ့စကားပါ။ ဒီ စကား မတိုင်ခင်ကတည်းက ကျွန်တော် ဒီ မူလတန်းကျောင်း(၁)ကျောင်းကိစ္စကို ကျွန်တော့်ဧရိယာထဲမှာ (၁၀)ရာခိုင်နှုန်းလောက် ယိုင်နေတယ်ဆိုတာ ကျွန်တော် တင်ပြဖူးပါတယ်။ ဒါကို သက်ဆိုင်ရာဌာနက ဖြေသွားတာက အစီအစဉ် မရှိသေးပါဘူးလို့ဘဲ ဖြေသွားပြီးတော့ ပြန်သွားပါတယ်။ အမှန်ကတော့ ဥက္ကဋ္ဌကြီး မိန့်ကြားခဲ့သလို အန္တရာယ်ရှိတယ်ဆိုရင် သွားကြည့်ပေးမယ်၊ စစ်ဆေးပေးမယ်၊ အချိန်မီ လုပ်ပေးမယ် စသည်ဖြင့် ပြောရင် ပြည်သူတွေလည်း ကျေနပ်ကြမှာပါ။ ဒီလိုမဖြေဘဲနဲ့ အစီအစဉ် မရှိ၊ မရှိ ဆိုတော့ ပြည်သူ့ဆီက ပြန်လာတဲ့အသံက သူတို့ သားသမီးတွေ မပါလို့လား ဆိုပြီးတော့ ဒီလိုလည်း မချင့်မရဲလေးတွေ ပြောကြပါတယ်။ နောင်မှာ ဒါတွေအားလုံး ကျွန်တော်တို့ သတိထားကြရမှာ ဖြစ်ပါတယ်။ မကြာသေးခင်ကလည်း စာသင်ကျောင်းတစ်ကျောင်း ပြိုကျလို့ ကလေးတွေ ဆေးရုံ တက်လိုက်ကြရပါတယ်။ ဒါတွေဟာ တာဝန်ရှိသူတွေအပေါ်ကိုလည်း တန်ပြန်အကျိုးသက်ရောက် တတ်တယ်ဆိုတာကို ကျွန်တော်တို့ သတိပြုရမယ်လို့ ထင်မိပါတယ်။ ကျွန်တော့်အမြင်ကတော့ အသစ် အသစ်တွေကို ဦးစားပေးကြတာထက် ရှိပြီးသား ပြည်သူတွေ အသုံးပြုနေတဲ့ ပျက်စီးနေတဲ့ အဟောင်း

အပေါင်းတွေကိုလည်း အန္တရာယ်ရှိတာတွေကို ပြည်သူတွေအတွက် အန္တရာယ်လည်းမရှိအောင် သုံးစွဲနေတဲ့ အရှိန်အဟုန်လည်း မပျက်ရအောင် ပိုပြီး ဦးစားပေး လုပ်သင့်တယ်လို့ ဒီလိုပဲမြင်ပါတယ်။ တချို့ကိစ္စတွေမှာ တိုင်းဒေသကြီး ဝန်ကြီးချုပ်တွေကလည်းပဲ ရန်ပုံငွေ အခက်အခဲကြောင့် မလုပ်ပေးနိုင်တာတွေလည်း ရှိနေပါတယ်။

ဒါကြောင့်မို့လို့ ကျွန်တော်တင်ပြတဲ့ တံတားလေးဟာလည်း ချက်ချင်း မဟုတ်တာတောင် သင့်လျော်တဲ့အချိန်လေးမှာ စီမံကိန်းထဲ ထည့်ပြီး ပြုပြင်ပေးစေလိုပါကြောင်းနဲ့ အစီအစဉ် မရှိသေးဘူးဆိုရင်လည်း ရှိအောင်လုပ်ပေးစေလိုကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါတယ် ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၀း၅၇။**

**ဥက္ကဋ္ဌ**။ ။ ပြောစရာတော့ ရှိတယ်။ မပြောတော့ပါဘူး။ မေးခွန်းနဲ့ပတ်သက်ပြီး မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးကဖြေကြားပေးဖို့ ဖြစ်ပါတယ်။

## ဖြေကြားချက်

**အချိန်၊ ၁၀း၅၇။**

**ဦးတင်ငွေ (ဒုတိယဝန်ကြီး၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီးများအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာခြင်းနဲ့ ပြည့်စုံပါစေကြောင်း ဦးစွာပထမနှုတ်ခွန်း ဆက်သအပ်ပါတယ်။ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)က အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီး ဦးမြင့်ထွန်း ရဲ့ ကြယ်ပွင့်ပြမေးခွန်းနဲ့ ပတ်သက်ပြီးတော့ ကျွန်တော် ဒုတိယဝန်ကြီးမှ ပြန်လည်ဖြေကြားပေးမှာ ဖြစ်ပါတယ်ခင်ဗျား။ အစောကလည်း ကျွန်တော်တို့ မေးခွန်းမေးတဲ့ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်ကြီးကလည်း ပြည့်ပြည့်စုံစုံ ရှင်းရှင်းဝေဝေ ပြောသွားတာ ကျွန်တော်လည်း အားလုံး သဘောလည်းပေါက်ပါတယ်။ နားလည် နားလည်ပါတယ်။ ကျွန်တော်တို့ ဒီ ပဲခူးတိုင်းဒေသကြီး၊ လက်ပံတန်းမြို့နယ်မှာရှိတဲ့ ကျွန်တော်တို့ မြေစီးကျေးရွာနဲ့ ကြို့ပင်ကျေးရွာကြားမှာ ဒီ လမ်းမှာဆက်သွယ်ထားတဲ့ ရုံးပင်တန်းလမ်းပေါ် မှာရှိတဲ့ အောင်စိုးမိုးတံတား ခုန ပုံမှာပြတဲ့အတိုင်း ဒါလည်း ကျွန်တော်တို့ မြင်တဲ့အတိုင်း ပျက်စီးနေတာတွေ့ပါတယ်။ ဒါကို ကျွန်တော်တို့ အဲဒီဒေသမှာရှိတဲ့ ကျေးရွာ(၁၂)ရွာနဲ့ လူဦးရေပေါင်း(၄၈၄၁)ဦး ဖြတ်သန်းသွားလာပြီးတော့ ဒါကလည်း ဆိုင်ကယ်တွေရော၊ လူရော အကုန်သွားနေကြတာ ဖြစ်ပါတယ်။ ခုန ကျွန်တော်တို့ Power Point မှာ ကြည့်ရင် တော်တော်ပျက်စီးနေတာလည်း တွေ့ပါတယ်။ ဒါနဲ့ ပတ်သက်လို့ ကျွန်တော်တို့ သံကူကွန်ကရစ်တံတား တည်ဆောက်ပေးဖို့ ကျွန်တော်တို့ အဆိုပြု မေးထားတာ ဖြစ်ပါတယ်။

အဲဒါကို ဆောက်လို့ရှိရင် ခန့်မှန်းကုန်ကျငွေက (၂၄)သန်းလောက် ကုန်ကျမယ်လို့ ခန့်မှန်းပါတယ်။ အဲဒီတော့ ကျွန်တော်တို့ လက်ပံတန်းမြို့နယ်၊ ခုနက လွှတ်တော် ကိုယ်စားလှယ်ကြီး တင်ပြသလိုပဲ အဲဒီမှာ ပဲခူးတိုင်းတစ်ခုလုံးမှာ လက်ပံတန်းမြို့နယ်မှာ ကျွန်တော်တို့ ၂၀၁၃-၂၀၁၄

ကျွန်တော်တို့ လျှာထားတဲ့ ရန်ပုံငွေကတော့ ကျွန်တော်တို့ ကျောက်ချောလမ်းမှာ တင်ပြလိုပါတယ်။ (၄)မိုင် (၄)ဖာလုံ၊ မြေသားလမ်း (၃)မိုင်နဲ့ (၆)ဖာလုံ၊ တံတားနဲ့ ရေပြွန်(၄၈)ပေ စုစုပေါင်းခန့်မှန်း ကုန်ကျငွေ (၁၁၃.၈၉၅)သန်းကို ကျွန်တော်တို့ ဒီနှစ်ခွင့်ပြုထားတာ ရှိပါတယ်။ ဒါသည် လက်ပံတန်းမြို့နယ်အတွက်။ သို့သော်လည်း ခုနက လွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြသလို ကျွန်တော်တို့ ဆောင်ရွက်ထားတာ အဲဒါမျိုးတွေကတော့ ကျွန်တော်တို့ မနေ့ကလည်း ပြည်ထောင်စု လွှတ်တော်မှာ ကျွန်တော်တို့ဆီက ဒုတိယဝန်ကြီး သွားဖြေပါတယ်။

အဲဒီလိုပေါ့ ကျွန်တော်တို့ လျှာထားကတော့ လွှတ်တော်ကိုယ်စားလှယ်ကြီးများ မေးမြန်းသော ကျွန်တော်တို့ တောင်းဆိုသော ဟာတွေကို ကျွန်တော်တို့ ကတိကဝတ်တွေထဲမှာ ထည့်ပြီးတော့ တချို့တွေလည်း ကတိကဝတ်ပေါင်း(၂၀၀)ကျော်၊ တချို့တွေလည်း ပထမအကြိမ်ကနေ စပြီးတော့ ယနေ့ သတ္တမအကြိမ်အထိ လျှာထားတာ တော်တော်များများရှိပါတယ်။ အဲဒါလည်း နောက်ကနေ ထပ်ဖြည့်သလို ဒီလိုထပ်မံပြီးတော့ တောင်းခံတာတွေရော၊ တိုင်းဒေသကြီးများကရော တင်ပြတာတွေကို ကျွန်တော်တို့ လျှာထားပါတယ်။ လျှာထားပြီးတော့ ခုနက ဘတ်ဂျက်ကို တင်ပြတာဖြစ်ပါတယ်။ အခုလည်း ကျွန်တော် ဒီမှာ တင်ပြချင်တာကတော့ ဒီ ၂၀၁၃-၁၄ မှာတော့ ခု ကိုယ်စားလှယ်တော်ကြီး တင်ပြတဲ့ကိစ္စကတော့ ဟို တံတားအတွက်ကတော့၊ ကျွန်တော်တို့ အောင်စိုးမိုးတံတား အတွက်တော့ မပါသေးပါဘူး။ သို့သော်လည်း ဒီပုံမှာကြည့်ရတာ တော်တော်လေးပျက်စီးယိုယွင်းနေတဲ့အတွက်ကြောင့် ဒါကိုတော့ ကျွန်တော်တို့ ခုန မေတ္တာရပ်ခံချက်ရော၊ ဆွေးနွေးချက်များအရ ကျွန်တော်တို့ ဒါ မီရာဘတ်ဂျက်ပေါ့၊ ကျွန်တော်တို့ သစ်သားတံတားကိုပဲပြင်ပြင်၊ ဒါမှမဟုတ်လည်း ကျွန်တော်တို့ တစ်စိတ်တစ်ပိုင်းကိုပေါ့၊ ခိုင်ခန့်အောင်ဆောင်ရွက်ဖို့ ကျွန်တော်တို့ ဒီမှာ တင်ပြပေး ပါမယ်ခင်ဗျား။ ဒီနှစ် ၂၀၁၃-၁၄ မှာတော့ မပါဝင်ကြောင်း ဒီမှာ လေးစားစွာ တင်ပြအပ်ပါတယ်။ အထူးကျေးဇူး တင်ပါတယ်။

**ဦးသိန်းဝင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉) (ဥက္ကဋ္ဌ၊ ပြည်သူ့ငွေစာရင်းကော်မတီ)၏ ပဲခူးတိုင်းဒေသကြီး၊ နတ္တလင်းမြို့နယ်၊ နတ္တလင်း-ဒမငယ်-တောင်ညိုလမ်း ကျောက်ချောခင်းခြင်း လုပ်ငန်းအပေါ် အမျိုးသားလွှတ်တော် ပြည်သူ့ငွေစာရင်းကော်မတီ၏ လေ့လာစိစစ်တွေ့ရှိချက် အစီရင်ခံစာတွင် ဖော်ပြထားသော လေ့လာစိစစ်တွေ့ရှိချက်၊ သုံးသပ်ချက်များအပေါ် အရေးယူ ပြုပြင် လိုက်နာဆောင်ရွက်ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို လွှတ်တော် ကိုယ်စားလှယ်က ဆွေးနွေးခြင်း၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ဖြေရှင်း ဆွေးနွေးခြင်းနှင့် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၁း၀၀။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၆)ကို ဆက်လက်ဆောင်ရွက်ပါ့မယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉) မှ ဦးသိန်းဝင်း (ဥက္ကဋ္ဌ၊ ပြည်သူ့ငွေစာရင်း ကော်မတီ) တင်သွင်းထားသည့် ပဲခူးတိုင်းဒေသကြီး၊ နတ္တလင်းမြို့နယ်၊ နတ္တလင်း-ဒမငယ်-တောင်ညိုလမ်း ကျောက်ချောခင်းခြင်း လုပ်ငန်းအပေါ် အမျိုးသားလွှတ်တော် ပြည်သူ့ငွေစာရင်းကော်မတီ၏ လေ့လာစိစစ်တွေ့ရှိချက် အစီရင်ခံစာမှာ ဖော်ပြထားသော လေ့လာ စိစစ်တွေ့ရှိချက်၊ သုံးသပ်ချက်များအပေါ် အရေးယူပြုပြင် လိုက်နာ ဆောင်ရွက်ရန် ပြည်ထောင်စုအစိုးရအား

တိုက်တွန်းကြောင်း အဆိုနှင့် စပ်လျဉ်း၍ ၂၃-၁၀-၂၀၁၃ ရက်နေ့တွင် ကျင်းပသည့် ပထမအကြိမ် အမျိုးသားလွှတ်တော်အဋ္ဌမပုံမှန် အစည်းအဝေး(၁၁)ရက်မြောက်နေ့မှာ လွှတ်တော်ကိုယ်စားလှယ် (၂)ဦးက ဆွေးနွေးပြီးဖြစ်ပါတယ်။ ယခု ဆွေးနွေးဖို့ကျန်တဲ့ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂) မှ ဦးထွန်းဇော်(ခ)ကိုပေါက် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၀၀။**

**ဦးထွန်းဇော်(ခ)ကိုပေါက်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၊ အစိုးရအဖွဲ့ဝင် ပုဂ္ဂိုလ်များနှင့် ဧည့်သည်တော်များခင်ဗျား။ အားလုံးမင်္ဂလာပါလို့ ဂါရဝပြုနှုတ်ဆက်ပါတယ်။ ပြည်သူ့ငွေစာရင်းကော်မတီ ဥက္ကဋ္ဌ အဆိုတင်သွင်းခဲ့တဲ့ နတ္တလင်း-ဒမငယ် ကျောက်ခင်း၊ ကျောက်ချောလမ်း နှင့် ပတ်သက်၍ အဖြစ်မှန်ကို အားလုံးသိရှိအောင် ကျွန်တော် အပြုသဘောဖြင့် ဆွေးနွေးတင်ပြမှာ ဖြစ်ပါတယ်။ ဆွေးနွေးတင်ပြချက်ကို ဖတ်ကြားခွင့်ပြုပါခင်ဗျား။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီလမ်းနှင့် ပတ်သက်၍ လွှတ်တော်ထဲအထိ ရောက်ရှိလာအောင် ဆောင်ရွက်သူမှာ ယခင် နယ်စပ်ရေးရာဝန်ကြီး ဌာနက တင်ဒါရခဲ့တဲ့ ရွှေလွင်လွင် ဆောက်လုပ်ရေးကုမ္ပဏီကြောင့်ပဲ ဖြစ်ပါတယ်။ နတ္တလင်း-ဒမငယ် ကျေးရွာဟာ (၉)မိုင်ခန့် ကွာဝေးပြီး၊ ယခင်က မော်တော်ကားလမ်းရှိခဲ့ပါတယ်။ တောင်ညိုဆည်ကြီး တည်ဆောက်ချိန်မှ ပြီးစီးတဲ့အချိန်အထိ လမ်းကောင်း၍ ဆလွန်းကားများပင် ဆည်အထိတောင်သွားနိုင်ခဲ့ ပါတယ်။ နောက်ပိုင်းမှာ မြန်မာ့သစ်လုပ်ငန်းက သစ်ထုတ်ဒေသလည်း ဖြစ်တယ်၊ သစ်ကားများ မောင်းရင်း နတ္တလင်း-ဒမငယ်လမ်းက ပျက်စီးခဲ့ရပါတယ်။ မိုးတွင်းအခါမှာဆိုရင် လမ်းက ဘီးနင်းရာများ နက်သွားရင် လှေတောင်လှော်လို့ရတဲ့ ချိုင့်ကြီးတွေဖြစ်တဲ့ အခြေအနေထိ ဖြစ်ခဲ့ရပါတယ်။ ယခင် တပ်မတော်အစိုးရလက်ထက် ကျွန်တော် အပါအဝင် ခ.ယ.က ဥက္ကဋ္ဌ၊ ဒုတိယဗိုလ်မှူးကြီး အုန်းမြင့် ဒမငယ်ကျေးရွာမှာရှိတဲ့ လယ်/ဆည်ဝန်ကြီးဌာနပိုင် သစ်ချိုစိုက်ပျိုးရေး မျိုးသန့်ခြံမှ ဝန်ထမ်းများ ဦးဆောင်ကာ ၎င်းလမ်းကို မိုးတွင်းအခါ ဒေသခံများ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးက အစ ဆိုင်ကယ်လေးများဖြင့် သွားလာနိုင်ဖို့အတွက်ကို (၃)၊ (၄)ပေခန့်ကျယ်တဲ့ မြေသားမြေနီခင်းလမ်းကို အလှူငွေကောက်ခံကာ ကားလမ်းဟောင်းရဲ့ နံဘေးမှာကပ်၍ ဖောက်လုပ်ခဲ့ရပါတယ်။ ၂၀၁၁ ခုနှစ် အကုန်မှာပဲ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးရဲထွဋ်ဦး မှ ဦးဆောင်ပြီး ကျွန်တော်တို့ လွှတ်တော် ကိုယ်စားလှယ်များနဲ့ ဒေသခံများ၊ မြို့ပေါ် အလှူရှင်များ ထည့်ဝင်ငွေ ကျပ်သိန်း(၁၀၀)ကျော်ဖြင့် ထပ်မံ တိုးချဲ့ပြီး (၈)ပေ၊ (၁၀)ပေခန့်ရှိတဲ့ လမ်းအဆင့်မြင့် ပြုပြင်ခဲ့ရပါတယ်။ နောက် ၂၀၁၂ ခုနှစ် ကုန်ခါနီး ကျွန်တော်အထက်တွင် တင်ပြခဲ့တဲ့ ဒမငယ်ကျေးရွာမှာရှိတဲ့ သစ်ချိုစိုက်ပျိုးရေး မျိုးသန့်ခြံ အဆင့်မြင့် တင်ရန်အတွက် လယ်/ဆည် ဝန်ကြီးဌာနက ၎င်းပိုင်ယာဉ်များ သွားလာနိုင်ဖို့အတွက် ယန္တရားများဖြင့် ကျွန်တော်တို့ ဖောက်လုပ်ထားတဲ့ မြေသားလမ်းအပေါ်မှာ ကား(၂)စီးရှောင်သာတဲ့ မြေသားမြေနီ ခင်းလမ်း ထပ်မံဖောက်လုပ်ခဲ့ပါတယ်။ ဒမငယ်ကျေးရွာသို့ မော်တော်ယာဉ်ဖြင့် (၁၅)မိနစ်ခန့်သာ သွားရောက်နိုင်ခဲ့ပါတယ်။ ဒါကြောင့် ပညာရေး၊ ကျန်းမာရေးအပြင် အရှေ့ဘက်အရပ်မှ ဒေသထွက်ကုန် စပါး၊ ပဲများလည်း ကုန်စည်စီးဆင်းမှု ကောင်းမွန်ခဲ့ရပြန်ပါတယ်။

၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်မှာ ယခင် နယ်စပ်ရေးရာဝန်ကြီးဌာနက တင်ဒါ ခေါ်ခဲ့ရာမှာ ရွှေလွင်လွင်ကုမ္ပဏီက နတ္တလင်းမြို့နယ်အတွက် ၎င်းလမ်းနှင့် တံတား(၁)စင်း ရရှိခဲ့ပါတယ်။ ပဲခူး အနောက်ခြမ်းမှာ လုပ်ငန်းများစွာ ရရှိခဲ့သော ကုမ္ပဏီလည်း ဖြစ်ပါတယ်။ ဝန်ကြီးဌာနကို နတ္တလင်း-ဒမငယ်လမ်း တင်ပြခဲ့ရင် ကျွန်တော်တို့ ဒေသခံတွေနဲ့ နိုင်ငံတော်မှ (၄၂၃.၄၃)သန်းတန်၊ သိန်းပေါင်း(၄၀၀၀)ကျော်တန် ကျောက်ခင်း၊ ကျောက်ချောလမ်း လမ်းမိုင်(၇)မိုင်ချပေးတဲ့အတွက် များစွာ ကျေးဇူးလည်းတင်ရှိခဲ့ပါတယ်။ ထင်ထားတာကတော့ လမ်းဟောင်းကြီးလည်း ရှိနေတယ်။ လယ်/ဆည် ဖောက်ထားတဲ့ လမ်းကလည်း တစ်လမ်းရှိတယ်။ ရွှေလွင်လွင်ကုမ္ပဏီက ဖောက်မှာက တစ်လမ်း၊ ကျွန်တော်တို့ကတော့ နှစ်လမ်းသွားတော့ဖြစ်ပြီ၊ ကားကြီးတွေလည်း ပြန်လည်သွားလို့ရမယ်။ ဒေသမှာ ရှိတဲ့ လူထုရဲ့ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးအားလုံး ပြန်လည်ဖွံ့ဖြိုးတော့မယ်လို့ ယုံကြည်ခဲ့ပါတယ်။ ဒါပေမဲ့ တခြားစီ ဖြစ်သွားပါတယ်ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ ရွှေလွင်လွင်ကုမ္ပဏီက လယ်/ဆည်ပြုပြင်ပေးထားတဲ့ မြေသားမြေနီ ခင်းလမ်းပေါ်မှာ မြေသားလုပ်ငန်းများ လုံးဝမလုပ်ဘဲနဲ့တော့ ကျောက်စီခင်းရန်အတွက် ကြံစည်ခဲ့ပါတယ်။ လမ်းကို တစ်ပိုင်းချင်း ကျောက်မခင်းဘဲ တစ်လမ်းလုံးကျောက်တွေ ပုံချလိုက်တဲ့အတွက် လမ်းမှာ သွားမရတော့ဘဲ ကြွက်ကိုက်သလို ဖြစ်နေရပါတယ်။ စက်တင်ဘာလ၊ တတိယပတ်မှာ လမ်းကြောင်း အနေအထားသွားကြည့်တော့ ဒမငယ်အထိ (၁)နာရီခွဲခန့်ကြာမြင့်စွာ ကားမောင်းလိုက်ရပါတယ်။ အဲဒါကလည်း လမ်းဟောင်းကနေချပြီး မောင်းရတာဖြစ်ပါတယ်။ အထူးသဖြင့် ဒေသခံများ အရမ်းနစ်နာပါတယ်။ ကျောင်းသားအရွယ်ကလေးများ နတ္တလင်း အ.ထ.ကသို့ ကျောင်းတက်တာမှ အစ ကျွန်တော်တို့ နယ်စပ်မြို့ဖြစ်တဲ့ ဇီးကုန်းနဲ့ နတ္တလင်းနယ်စပ်၊ ကျေးရွာချင်းဆက် လမ်းတွေပတ်ကာ မြို့ကို ကျောင်းလာတက်ရပါတယ်။ စက်ဘီး၊ ဆိုင်ကယ်တောင် သွားလို့မရတော့ပါဘူး။ အဲဒီအကြောင်း ကိုလည်း ကျွန်တော်တို့ ငွေစာရင်းကော်မတီဝင်ဖြစ်တဲ့ ဦးအောင်ချိုဦး ဆွေးနွေးစဉ်က Power Point အရ တွေ့ရှိရကြမှာ ဖြစ်ပါတယ်။

ဒါကြောင့် ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်တွေ၊ ရပ်မိ/ရပ်ဖတွေ၊ ဒေသအုပ်ချုပ်ရေး အဖွဲ့တွေနဲ့ ရွှေလွင်လွင်ကုမ္ပဏီမှ ဒါရိုက်တာတစ်ဦးကို ပထမအကြိမ် မြို့နယ်အုပ်ချုပ်ရေး ထွေ/အုပ်ရုံးမှာ တွေ့ဆုံကာ ဘာအကူအညီပေးရမလဲ၊ လိုအပ်ရင် အကူအညီပေးဖို့အတွက်ကို တွေ့ဆုံခဲ့ပါတယ်။ ဒါပေမဲ့ ဒါရိုက်တာတစ်ယောက်အနေနဲ့ ဒီလမ်းရဲ့ Estimate တောင်မှ မပါပါဘူးခင်ဗျား။ တောင်းတော့လည်း ပြလည်း မပြနိုင်ခဲ့ပါဘူး။ လမ်းဖောက်တဲ့ ကုမ္ပဏီလည်း ဖြစ်တယ်။ ကျောက်ခွဲစက်တောင် မရှိဘူး။ ကျွန်တော်တို့ သွားကြည့်တော့ ကျောက်ခွဲ စက်ကလေးတစ်လုံးရှိပါသေးတယ်။ သေးသေးလေးပဲ၊ အင်ဂျင်တောင် မရှိဘူး။ အဲဒီတော့ လမ်းကြိတ်စက်လည်းပဲ မြို့နယ်စည်ပင်ကနေ ငှားသုံးပါတယ်။ နောက် လမ်းပခုံး တင်ဖို့ဆိုပြီး ကျွန်တော်တို့ လယ်တွေအတွက် လုပ်နေတဲ့ လယ်တွေ အတွက်ကို ရေမြောင်းတူးနေတဲ့ Backhoe ကို ငှားသုံးတယ်။ ငှားသုံးပြန်တော့လည်း (၁)ရက်၊ (၂)ရက်နဲ့လည်း ငွေမပေးနိုင်တော့ ဒီလုပ်ငန်းတွေလည်း ရပ်ခဲ့ပါတယ်။

ဒုတိယအကြိမ် ကုမ္ပဏီမှ MD နဲ့ ဒါရိုက်တာအဖွဲ့ကို ကျွန်တော်တို့ မြို့နယ်ထွေ/အုပ်ရုံး မှာပဲ ထပ်မံတွေ့ဆုံပြီးတော့ ၁၅-၅-၂၀၁၃ ရက်နေ့မှာ အပြီးသတ်လုပ်ဆောင်မယ်လို့ ကျွန်တော်တို့ ကတိပေးပါတယ်။ တိုင်းဒေသကြီး၊ ဝန်ကြီးချုပ်ခရီးစဉ်မှာ ဒုတိယအကြိမ် ကတိပေးထားတဲ့ ကျွန်တော်တို့

၁၅ ရက်၊ ၅လကို ကျော်လွန်ပြီး ဝန်ကြီးချုပ်ကိုလည်း ၁၆-၆-၂၀၁၃ ရက်နေ့မှာ အပြီးသတ် ဆောင်ရွက်မယ်ဆိုပြီး ထပ်မံ ကတိပေးခဲ့ပြန်ပါတယ်။ အဲဒါနဲ့ ဝန်ကြီးချုပ်လည်းပဲ လမ်းက သွားကြည့်ရှုတော့ လမ်းလုပ်ငန်း အစဖြစ်တဲ့ လမ်းထိပ်မှာပဲ ကားတွေ ဝင်မရလို့ ကုမ္ပဏီနဲ့ မြို့နယ် အုပ်ချုပ်ရေးမှူးအဖွဲ့ကို မှာပြီး ပြန်လည်ထွက်ခွာ သွားခဲ့ရပါတယ်။ ဒါကြောင့် မြို့ရွာလူထုနဲ့ ဝန်ကြီးချုပ်ထံ ကတိ ခဏခဏ ပေးပြီး ကတိမတည်တဲ့ ရွှေလွင်လွင်ကုမ္ပဏီဟာ အင်မတန်ကို စုတ်ပဲ့တဲ့ ကုမ္ပဏီဖြစ်ကြောင်း နိုင်ငံ့ဘဏ္ဍာ၊ ပြည်သူ့ဘဏ္ဍာတွေကို လုပ်ချင်တာလုပ်၊ တင်ဒါဆွဲ၊ လမ်းကိုလည်း ကောင်းမွန်အောင် လုပ်မပေးခဲ့ဘူး။ ဒီကုမ္ပဏီမျိုး ပြည်သူ့ဘဏ္ဍာကို မတရားစားရက်တယ်၊ လမ်းဖောက်၊ တံတားဆောက်ဆိုတာ ကုသိုလ်လည်းရ၊ ဝမ်းလည်းဝတဲ့ လုပ်ငန်းဖြစ်ပါတယ်ဆိုတဲ့အကြောင်း၊ သူတို့မို့လို့ လုပ်ရက်တယ်ဟု တိုင်ကြားခဲ့တဲ့ ဒေသခံလူထုက ကျွန်တော့်ကို ပြောခဲ့ပါတယ်။ ယခုတော့ လမ်းကလည်း မပြီးပါဘူး။ ဝန်ကြီးဌာနက သွားစစ်တော့လည်း လမ်းထိပ်မှာပဲ ကားများရပ်ပြီး ဆိုင်ကယ်နဲ့ သွားစစ်ရတာ၊ စစ်ဆေးခဲ့တဲ့သူတွေ အသိပါ။ အဲဒါကတော့ ကျွန်တော်တို့ (၅)ရက် (၈)လမှာ ပြုလုပ်တဲ့ ကြားနာပွဲမှာ ကျွန်တော်တို့ ဝန်ကြီးဌာနကနေ သွားရောက်စစ်ဆေးတဲ့သူများ ဓာတ်ပုံ မှတ်တမ်း အရ ကျွန်တော် ပြောကြားရခြင်း ဖြစ်ပါတယ်။

ဒါကြောင့် ဒီလမ်းဒီလောက်ဆိုးဝါးနေတဲ့အတွက် ဒေသခံတွေဟာ ဆန္ဒဖော်ထုတ်ဖို့ကို ကြိုးစားခဲ့ပါတယ်။ ဒါပေမဲ့ ရပ်မိ/ရပ်ဖတွေနဲ့ ဒေသအုပ်ချုပ်ရေးက ကောင်းမွန်ခဲ့တဲ့အတွက် သူတို့လည်း မအောင်မြင်ခဲ့ပါဘူး။ နောက်ဆုံးတော့ ဒီဒေသခံတွေရဲ့ ဆန္ဒဖော်ထုတ်တဲ့ကိစ္စဟာ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်တွေဆီ ရောက်ရှိခဲ့ပါတယ်။ ယခု လွှတ်တော်ငွေစာရင်းကော်မတီကို လူထုလက်မှတ်ထိုးတိုင်စာအဖြစ်နဲ့ ပေါက်တုံးရွာနဲ့ လက်ခုပ်ပင်ရွာက တိုင်ကြားခဲ့ခြင်းလည်း ဖြစ်ပါတယ်။ ကျွန်တော်လည်း လွှတ်တော်မှာ မေးခွန်းမေးတာ အချိန်မရသဖြင့် ကြယ်ပွင့်မပြ မေးခွန်းအဖြစ် ပြန်ကြားစာလည်း ရရှိခဲ့ပါတယ်။ အဲဒီစာကိုတော့ ကျွန်တော့်လက်ထဲကို အောက်တိုဘာ ၁ ရက်နေ့မှာ ရရှိခဲ့တာဖြစ်ပါတယ်။ အဲဒီစာကို အနည်းငယ်ဖတ်ကြားပြရရင်တော့ ၅-၈-၂၀၁၃ ရက်နေ့မှာ ကျွန်တော်တို့ ရွှေလွင်လွင်ကုမ္ပဏီနဲ့ပတ်သက်ပြီး ဝန်ကြီးဌာနမှာ ပထမအကြိမ်၊ ဒုတိယအကြိမ်ကိုတော့ ၂၆-၈-၂၀၁၃ ရက်နေ့မှာ ဒုတိယအကြိမ်၊ ပြည်သူ့ငွေစာရင်းကော်မတီကို လာရောက်ရှင်းလင်းခဲ့ပါတယ်။ အဲဒီမှာတင် အဲဒီရှင်းလင်းမှုနဲ့ ပတ်သက်ပြီးတော့လည်း (၅)ရက် (၈)လရဲ့ နောက်ပိုင်းမှာ ၁၀-၈-၂၀၁၃ ရက်နေ့မှာပဲ နတ္တလင်းကို ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမြင့်ဦး ခေါင်းဆောင်တဲ့အဖွဲ့ဟာ သွားရောက်စစ်ဆေးပါတယ်။ အဲဒီမှာလည်း ကျွန်တော် ပိတ်ရက်၊ စနေ၊ တနင်္ဂနွေ ပိတ်ရက်ဖြစ်နေတဲ့အတွက် ကျွန်တော် ကိုယ်တိုင် နတ္တလင်းကို ပြန်၍ လိုက်ပါသွားခဲ့ပါတယ်။ အဲဒီမှာလည်း သူတို့က ဒု-ညွှန်ချုပ်ကလည်းပဲ ၃၀-၉-၂၀၁၃ မှာ အပြီးဆောင်ရွက်ရန်အတွက်လည်း မှာကြားခဲ့ပါတယ်။

အဲဒီမှာ ပြန်ကြားထားတဲ့ စာအရကတော့ ခုန ရွှေလွင်လွင် ကုမ္ပဏီ၊ ဒါရိုက်တာ ဒေါ်တင်တင်နု ကို ကုမ္ပဏီ က ပြင်းပြင်းထန်ထန် အရေးယူသင့်ကြောင်း၊ နောက် Black List သွင်းဖို့၊ ဒါတွေကလည်းပဲ ဒါရိုက်တာကို ကုမ္ပဏီက အရေးယူတယ် ဆိုတာကလည်း ဒါ ခုန MD ဖြစ်တဲ့ ကိုရဲလွင် တို့၊ ဒေါ်တင်တင်နု တို့ဆိုတာကလည်း အမျိုးတွေချည်းပါ။ အဲဒီမှာ ပါနေတဲ့ ဒါရိုက်တာတွေကလည်း သူတို့ ယောက်ဖတွေချည်းပဲ၊ အဲဒီတော့ သူတို့ လုပ်ရမယ့်ကိစ္စကတော့ သူတို့ကိစ္စပါ။ ဒါပေမဲ့ Black List သွင်းတာကတော့ ကုမ္ပဏီကို သွင်းရခြင်းပဲ၊ ဒါပေမဲ့ ကုမ္ပဏီကို သွင်းတယ်ဆိုတာကလည်း

ဒီ ကုမ္ပဏီဆိုတာ အားလုံးသိတဲ့အတိုင်းပါ၊ လူတွေက လုပ်ဆောင်တာ ဖြစ်ပါတယ်။ ကုမ္ပဏီနာမည် ပြောင်းပြီး အခြားလုပ်ငန်း လုပ်ရင်လည်းပဲ တခြားကုမ္ပဏီနာမည်ပြောင်းပြီး လုပ်လို့ရပါတယ်။ ဒါကြောင့် အဲဒီပုဂ္ဂိုလ်တွေကိုပါ Black List သွင်းရမှာ ဖြစ်ပါတယ်။ ဆောက်လုပ်ရေးလုပ်ငန်းလုပ်တဲ့ အခြားအစိုးရဝန်ကြီးဌာနများသို့လည်း တရားဝင် သတင်းပို့ထားသင့်ပါတယ်။ ပတ်သက်သူများပင် တင်ဒါဆွဲခွင့် မပေးရန် သိသာထင်ရှားစွာ ပြုလုပ်ထားသင့်ပါတယ်။ ကုမ္ပဏီဗန်းပြပြီး ပတ်သက်ရာ ပတ်သက်ကြောင်း လုပ်ကိုင်စားသောက် နေသူများကို နောက်ကြောင်းလိုက်ပြီး တင်ဒါ ရပါလည်း မပေးသင့်ပါဘူး။ ပြင်းပြင်းထန်ထန် ဝန်ကြီးဌာနက အရေးယူသင့်ပါတယ်။ ငွေစာရင်းကော်မတီ ဥက္ကဋ္ဌ တင်ပြခဲ့တဲ့ ငွေကြေးထုတ်ပေးမှုမှာလည်း ဌာနအနေနဲ့ အများကြီးမှားခဲ့ကြောင်း သိရှိထားပြီး ဖြစ်ပါတယ်။ လုပ်ငန်းကို လာရောက်မကြည့်ဘဲ တိုင်းဒေသကြီးကနေ လုပ်ငန်းဘယ်နှစ်ရာခိုင်နှုန်း ပြီးစီးကြောင်း လက်မှတ်ရေးထိုးပေးရင်လည်း ငွေထုတ်ပေးလိုက်ကြောင်း၊ ငွေစာရင်းကော်မတီ ကြားနာတဲ့ ခုနကျွန်တော် တင်ပြခဲ့တဲ့ ၅-၈-၂၀၁၃ ရက်နေ့က ဒုတိယဝန်ကြီး ဗိုလ်ချုပ်မောင်မောင်အုန်း အပါအဝင် ရုံးချုပ်အဖွဲ့ကနေပြီး ကျွန်တော်တို့ကို ဖြေကြားခဲ့ပါတယ်။

ဒါကြောင့် ကျွန်တော့်အနေနဲ့ကတော့ လက်မှတ်ရေးထိုးပေးလိုက်တာ အလကားထိုးပေး လိုက်တာ မဟုတ်ဘူးလို့တောင် ထင်မိပါတယ်။ လမ်းအကျယ်က (၁၂)ပေ၊ လမ်းပခုံးက(၃)ပေစီ ရှိရမယ့် လမ်းပါ။ လမ်းပခုံးလည်းမရှိပါဘူး။ မြေသားပေါ်မှာ ၆.၉၊ ၂.၄၊ ၁.၂ တင်ပြီး မြေနှိခင်းရ ပါမယ်။ အခုတော့ တော်တော်များများနေရာမှာတော့ ၆.၉ စီပြီး မြေနှိပဲ ဖြူးထားပါတယ်။ လမ်းလည်း မပြီး၊ စည်ပင်က (၂)မိုင်တာဝန်ယူပြီး ခင်းလိုက်ပါတယ်။ အဲဒီတော့ လမ်းက အာမခံ (၅) နှစ်လည်း ဖြစ်ပါတယ်။ (၅)နှစ်အတွင်းပျက်စီးသွားရင် ဘယ်သူ့ကို ဥပဒေအရ အရေးယူမှာလဲ၊ ယခု လည်း ပြီးထားတဲ့ လမ်းပိုင်းအချို့ပျက်စီးနေပါပြီ၊ အဲဒီကုမ္ပဏီဟာ ကျွန်တော်တို့ မြို့ချင်းကပ်လျက် ပေါင်းတည် မြို့နယ်၊ နတ္တလင်းမြို့နယ် အနောက်ဘက်မှာ ကတ္တရာလမ်း မြို့နယ်ချင်းဆက် ကတ္တရာလမ်း ခင်းထား ပါတယ်။ ဒီ ကုမ္ပဏီပဲ ရထားတာ၊ အဲဒီတော့ အခုဆိုရင် အဲဒီကတ္တရာလမ်းက မကြာသေးဘူး။ ပေါက်ပြဲ နေပါပြီ။ ကျွန်တော်တို့ အနောက်ခြမ်းမှာရတဲ့ လုပ်ငန်းမှန်သမျှကို ပြဿနာပေါင်း သောင်းခြောက်ထောင် ရှိနေတဲ့ ကုမ္ပဏီတစ်ခု ဖြစ်ပါတယ်။

ကျွန်တော်အထက်က တင်ပြခဲ့သလိုပဲ နတ္တလင်းက ရရှိထားတဲ့ ရေမွှေးတံတားကိုလည်း (၅၀)ရာခိုင်နှုန်း ပြီးစီးကြောင်း အစီရင်ခံထားပါတယ်။ ငွေလည်း ထုတ်ပြီးနေပါပြီ၊ ချောင်းတန်းပြီး ပိုင်ရိုက်ထားတာပဲ ရှိပါတယ်။ တံတားဆောက်ရန်လည်း သစ်ကအလုံအလောက်မရှိပါဘူး။ သစ်တွေ ကလည်း တရားမဝင်သစ်တွေ ဖြစ်နေပါတယ်။ သစ်ကလည်း တံတားအတွက် စုထားတာ(၂၀) ရာခိုင်နှုန်း လောက်ပဲ ရှိပါသေးတယ်။ ဆင်းမစစ်ဘဲနဲ့ ငွေထုတ်ပေးနေတာကိုတော့ တော်တော်အံ့သြ ပါတယ်။ ဝန်ကြီးဌာနက ပြောင်းသွားတော့ ကျွန်တော်လာရောက်ပြီး ဖြေရှင်းပေးတဲ့ ဒုတိယဝန်ကြီး ကိုတော့ အားနာပါတယ်။ ၈-၈-၂၀၁၃ ရက်နေ့က ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနကို မွေး/ရေ ဝန်ကြီး ဌာနအောက် ထည့်သွင်းကြောင်း ပြည်ထောင်စုလွှတ်တော်မှာ ပြည်ထောင်စုဝန်ကြီး လာရောက် တင်ပြ နေတာ၊ ပြည်ထောင်စုဝန်ကြီးကိုလည်း ဝင်းရွှေလွင်လွင်ကုမ္ပဏီ အကြောင်းကို ကျွန်တော် နှုတ်အားဖြင့် တင်ပြခဲ့သေးပါတယ်။

အဲဒီတော့ ဒီလမ်းနဲ့ ပတ်သက်ပြီး ကျွန်တော်တို့ ဒီ ကုမ္ပဏီဆောင်ရွက်တဲ့အတွက်ကြောင့် ကိုယ်စားလှယ်တွေကိုလည်း လမ်းမှာအသုံးပြုနေတဲ့ နတ္တလင်း အရှေ့ဘက်က ဒေသလူထုကလည်း အားမကိုးရဘူးဆိုပြီး ကျွန်တော်တို့ ကိုယ်စားလှယ်တွေကိုလည်း မယုံကြည်တော့ပါဘူးခင်ဗျား။ ဒါကတော့ ကျွန်တော်အခု နတ္တလင်း-ဒမငယ်လမ်းရဲ့ ပြင်ထားတဲ့ လမ်းပိုင်းအချို့ကို တင်ပြရခြင်း ဖြစ်ပါတယ်။ ဒါကတော့ ကျွန်တော်ခုန တင်ပြခဲ့ ပါတယ်။ (၆)(၉)ပဲ ခင်းထားပါတယ်။ ဒါတောင် ခုထက်ထိ မြေနီတောင် မဖြူးနိုင်သေးပါဘူး။ ဒါက ကျွန်တော်တို့ လမ်းပုခုံးမရှိဘဲနဲ့ (၆)(၉)ခင်းပြီး မြေနီဖြူးထားတာ ဖြစ်ပါတယ်။ ဒါက ကျွန်တော်တို့ ဒုတိယဝန်ကြီးဗိုလ်ချုပ် မောင်မောင်အုန်း ခိုင်းလို့ ဆိုင်ကယ်တွေ သွားလို့ရအောင် အရေးပေါ် မြေနီခင်းထားတဲ့ ပုံဖြစ်ပါတယ်။ ဒါက ကျွန်တော်တို့ တိုင်နဲ့ ပေါက်တုံးကျေးရွာအတွင်းမှာရှိတဲ့ လမ်းပိုင်းဖြစ်ပါတယ်။ (၆)(၉) ကိုသာခင်းပြီး မြေနီပဲ ဖြူးထား ပါတယ်။ ဘယ်ဘက်မှာတော့ ကျွန်တော်တို့ လမ်းအနိမ့်ကြီး ဖြစ်နေပါတယ်။ ဒါက ကျွန်တော်တို့ တိုင်နဲ့ ပေါက်တုံးကျေးရွာ ရွာအလယ်က ဘုန်းကြီးကျောင်းရှေ့ ခုနဓာတ်ပုံနဲ့ တစ်စပ်တည်း ဖြစ်ပါတယ် ခင်ဗျား။ မြင်တွေ့မှာဖြစ်ပါတယ်။ (၆)(၉)လို့ ပြောပါတယ် ခင်ဗျား။ ကျွန်တော် ခုနကပဲ ဒီက ဟို ထောက်/ပို့က ညီတော်မောင်တွေကို မေးကြည့်တော့မှ ဦးပေါက်ရယ်တဲ့ (၆)(၉)ဆိုတာကတော့ အုတ်(၂)ချပ်စာလောက်ပဲ ရှိတယ်။ အေး ဟိုက တောင်ရွှေ့လာတာလားတော့ မသိဘူး။ ဒါက ကျွန်တော်တို့ ညောင်ကုန်း ကျေးရွာဖြစ်ပါတယ် ခင်ဗျား။ ဒါက ညောင်ကုန်းကျေးရွာ အတွင်းပိုင်းမှာ ခင်းထားတဲ့ လမ်းပါ။ အဲဒီမှာ ကျွန်တော်တို့ စက်ဘီးတွန်းနေတဲ့ ပုံပါ။ ဒါက လမ်းပျက်စီးနေတဲ့ ပုံကိုပြတာပါ။ ဒါက ကျွန်တော်တို့ ကျေးရွာကလူထုတွေကို ကျွန်တော်က ရေတော့တင်နေတယ်၊ ဘေးက ရေဖောက် မြောင်းလေးတော့ လုပ်ကြ၊ ကိုယ့်အပိုင်းနဲ့ကိုယ်ဆိုတော့ အဲဒါလူထုလုပ်နေတဲ့ပုံပါ။ လမ်းကတော့ လမ်းအသစ်ပါခင်ဗျား။ ဒီမှာ ကျွန်တော်တို့ ရှောင်လမ်းတွေနဲ့ပါ။ ညာဘက်အခြမ်း ကတော့ ကျွန်တော်တို့ လမ်းဟောင်းကြီး ဖြစ်ပါတယ်။ ဒါ လမ်းခင်းထားတဲ့ ပုံပါ။ ကျောက်ခင်းတာ၊ လမ်းပုခုံးမရှိပါဘူး။ အားလုံးမြင်နိုင်ပါတယ်။ ဒါကျွန်တော်တို့ ငှားသုံးတဲ့ ဘယ်ကုမ္ပဏီက လည်းတော့ မသိဘူး။ ငှားသုံးတဲ့ Roller ကြီး ဖြစ်ပါတယ်။ မြေနီတွေ ပုံထားပါတယ်။ ဖြန့်မယ့်ဝန်ထမ်းမရှိပါဘူး။ လုပ်သားမရှိပါဘူးခင်ဗျား။ ဒီနေ့လည်း ဒီအတိုင်းအထိ ရှိပါတယ်။ ဘာကြောင့်လဲဆိုတော့ မနက်က ကျွန်တော် မြို့နယ်အုပ်ချုပ်ရေးမှူးကို လှမ်းဆက်ပါတယ်။ ဒီနေ့ အစီအစဉ်ဘာလဲဆိုတော့၊ ဦးပေါက်ရေ ဘာမှဆက်မလုပ်ပါဘူးလို့ ကျွန်တော့်ကို ဖုန်းသတင်း ပြောပါတယ်။ အဲဒီတော့ ဒီကုမ္ပဏီနဲ့ ပတ်သက်တဲ့ ခုန ကျွန်တော် ရေမွှေးရွာက ရွာထိပ်က တံတားပါခင်ဗျား။ အဲဒီမှာ အဲဒီ တံတားပြင်ဖို့အတွက် သစ်တွေကို စုထားတာပါ။ အဲဒီမှာ သစ်လုံးတွေ၊ ဒါတောင် အခွံတွေ မခွာရသေးပါဘူး။ ကိုယ့်ဒေသ ဖွံ့ဖြိုးရေးလည်း ဖြစ်တဲ့အတွက် သိပ်တော့ မပြောလိုပါဘူး။ တရားမဝင် သစ်တွေပါ။ အဲ့ဒီမှာ ပကာသားတွေတောင် ပါ ပါတယ် ခင်ဗျား။ ဒါ ပိုင်ရိုက် ထားတာပါ။ အဲဒီလောက်ပဲ ရှိပါတယ်။ ဒါ ချောင်းပါ ခင်ဗျား။ ရပါပြီ။

အဲဒီတော့ ဥက္ကဋ္ဌကြီးခင်ဗျား။ နိဂုံးချုပ်အနေနဲ့ အထက်ကကျွန်တော်တင်ပြချက်များဟာ တစ်ပါးသူကို နစ်နာလိုစိတ်နဲ့၊ ပျက်စီးလိုစိတ်နဲ့ တင်ပြရခြင်း မဟုတ်ပါဘူး။ မြို့နယ်တစ်ခုရဲ့ ဒေသ ဖွံ့ဖြိုးရေးအတွက် လမ်းမိုင်(၇)မိုင်လမ်းကို ချထားပေးတဲ့ ရန်ပုံငွေကလည်း အားလုံးသိတဲ့အတိုင်း (၄၂၃.၄၃)သန်းလည်း ဖြစ်တဲ့အပြင် နည်းနည်းနောနော ငွေလည်း မဟုတ်ပါဘူး။ များပြားပါတယ်။ စားချင်တာစားပြီး မြို့အတွက်တော့ ကောင်းကောင်းမွန်မွန်တော့ ကျန်ခဲ့စေချင်ပါတယ်။ ၂၀၁၃၊

မတ်လမှာ ပြီးရမယ်ဆိုပြီး စာချုပ်ချုပ်ထားပေမယ့် လမ်းကမပြီးတဲ့ အတွက်၊ ဧပြီလ(၁)ရက်နေ့ကနေစပြီး ဒီနေ့အထိ ဒဏ်ငွေ(၅၀၀၀၀)ကျပ်နဲ့ တစ်လကို (၁၅)သိန်းဒဏ်ဆောင်နေရကြောင်း၊ ဝန်ကြီးဌာနက ဖြေကြားချက်အပေါ် ဒေသခံများက ကျပ်သိန်း(၄၀၀၀)ကျော်ဖြစ်တဲ့အတွက် (၁)ကျပ်တိုးတောင်မရှိကြောင်း ကျွန်တော့်ကို ပြန်လည်ပြောတယ်ခင်ဗျား။ သူတို့လည်း စာတတ်နေပါပြီ၊ ဒီလိုပေါင်းစားတဲ့ ကုမ္ပဏီပိုင်ရှင်၊ MD၊ ဒါရိုက်တာများနဲ့ ပတ်သက်သူများကို၊ ပတ်သက်သူဆိုတော့ တော်တော်များပါတယ်၊ တာဝန်လွှဲပြောင်းယူရတဲ့ ဝန်ကြီးဌာနအနေနဲ့ မည်သို့မည်ပုံ အရေးယူဆောင်ရွက်မည်ကို ဒေသခံများကိုယ်စား ကျွန်တော်ကိုယ်တိုင် မျက်မြင်ကိုယ်တွေ့ဖြစ်တဲ့အပြင် ဒေသခံလွှတ်တော်ကိုယ်စားလှယ်တစ်ဦး အနေနဲ့ ဥက္ကဋ္ဌကြီးနဲ့ လွှတ်တော်ကိုယ်စားလှယ်ကြီးများရှေ့မှာ အပြုသဘောဖြင့် ဆွေးနွေးတင်ပြရခြင်း ဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၁း၁၇။**

**ဥက္ကဋ္ဌ။** ။ ဆွေးနွေးတဲ့အခါမှာ ဒေါသနဲ့ အပြစ်တင်စကားတွေ မပါဖို့လိုပါတယ်။ အပြုသဘောနဲ့ ဆွေးနွေးပါ။ နောက်ဆုံး နိဂုံးချုပ်ကျမှပဲ အပြုသဘောနဲ့ ဆွေးနွေးတယ်။ စောစောကတော့ စုတ်ပြတ်နေတာပဲ။ နောက် သတိထားပြီးတော့ ပြောဖို့။

အဆိုနှင့် စပ်လျဉ်းပြီးတော့ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး က ပြန်လည် ဆွေးနွေးရန်ရှိက ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၁၇။**

**ဦးတင်ငွေ (ဒုတိယဝန်ကြီး၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ အားလုံးစိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနဲ့ ပြည့်စုံကြပါစေကြောင်း ဦးစွာပထမ ကျွန်တော်နှုတ်ခွန်း ဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မွေးမြူရေး၊ ရေလုပ်ငန်းနဲ့ ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးဖြစ်ပါတယ်ခင်ဗျား။ ကျွန်တော် ပဲခူးတိုင်းဒေသကြီး၊ နတ္တလင်းမြို့နယ်၊ နတ္တလင်း-ဒမငယ်ကျောက်ချောလမ်းခင်းခြင်းကိစ္စနဲ့ ပတ်သက်ပြီး အမျိုးသားလွှတ်တော်၊ ပြည်သူ့ငွေစာရင်းကော်မတီရဲ့ လေ့လာစိစစ်တွေ့ရှိချက် အစီရင်ခံစာမှာ ဖော်ပြထားတဲ့ လေ့လာစိစစ်တွေ့ရှိချက်၊ သုံးသပ်ချက်များကို ပြည်ထောင်စုအစိုးရမှ ရွှေလွင်လွင်ကုမ္ပဏီအား အရေးယူပြုပြင်လိုက်နာရန် တိုက်တွန်းကြောင်း အဆိုနဲ့ ပတ်သက်ပြီးတော့ ကျွန်တော် ဒုတိယဝန်ကြီး ဦးတင်ငွေ မှ ရှင်းလင်းမှာ ဖြစ်ပါတယ်။

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရဲ့ ၂၀၁၁-၁၂ ဘဏ္ဍာရေးနှစ်မှာ ဖြည့်စွက်ရန်ပုံငွေ၊ နတ္တလင်းမြို့နယ်၊ နတ္တလင်း-ဒမငယ်လမ်းအတွက် (၇)မိုင် ကျောက်ခင်းခြင်းလုပ်ငန်းအတွက် ခွင့်ပြုငွေ(၄၂၃.၄၃) ခွင့်ပြုထားတာ၊ ခုနလည်း ကျွန်တော်တို့ ကိုယ်စားလှယ်တော်ကြီး ရှင်းပြတဲ့အထဲမှာလည်း ပါပြီးဖြစ်ပါတယ်။ အဲဒီ ရွှေလွင်လွင်ကုမ္ပဏီက တင်ဒါအောင်မြင်တဲ့ အတွက်ကြောင့် ဆောင်ရွက်ခွင့်ရထားတာဖြစ်ပါတယ်။ နတ္တလင်း-ဒမငယ်လမ်း ကျောက်ချောခင်းခြင်းလုပ်ငန်းအား တင်ဒါရရှိတဲ့ ရွှေလွင်လွင်ကုမ္ပဏီက ၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ ကစပြီးတော့ လုပ်ငန်းများကို စတင်ဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။ လုပ်ငန်းပြီးစီးမှု အခြေအနေတို့ကိုလည်း ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေး

ဦးစီးဌာနက စစ်ဆေးရေးညွှန်ကြားရေးမှူး ဦးဆောင်တဲ့အဖွဲ့က(၂)ကြိမ်၊ ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့က ဒုတိယအင်ဂျင်နီယာမှူးကြီးအဖွဲ့က (၃)ကြိမ်၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး(လမ်း)က (၁)ကြိမ်၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဒုတိယညွှန်ကြားရေးမှူးချုပ်က(၁)ကြိမ် ကျွန်တော်တို့ ကွင်းဆင်းစစ်ဆေးခဲ့ပါတယ်။ နတ္တလင်း-ဒမငယ် လမ်းမှာကျောက်ချောလမ်းခင်းခြင်းလုပ်ငန်းဟာ ၁၅-၁၀-၂၀၁၃ ရက်နေ့မှာ လုပ်ငန်းရဲ့ (၈၅)ရာခိုင်နှုန်းလောက်ပဲ ပြီးစီးတာ စစ်ဆေးတွေ့ရှိရပါတယ်။

အဆိုပါ ကုမ္ပဏီကနေပြီးတော့မှ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်ထံကို ၁၅-၆-၂၀၁၃ ရက်နေ့က လုပ်ငန်းပြီးစီးပါမည်ဟု တင်ပြခဲ့သော်လည်း ရာသီဥတု အခြေအနေကြောင့် ၃၀-၆-၂၀၁၃ ရက်နေ့ကျမှပြီးစီးအောင် ဆောင်ရွက်ပါမည်ဟု ထပ်မံရက်တိုးတောင်းတဲ့အတွက် ဒါ တိုင်းဒေသကြီးဝန်ကြီးချုပ်ကလည်း ခွင့်ပြုထားတာရှိပါတယ်။ သို့သော်လည်း ၃၀-၆-၂၀၁၃ ရက်နေ့မှာ လုပ်ငန်းပြီးစီးမှုမရှိဘဲနဲ့ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ကနေပြီးတော့မှ နောက်ထပ် ၃၀-၆-၂၀၁၃ ရက်နေ့အထိ ဒီမပြီးသေးတဲ့အကြောင်းကို ပြည်ထောင်စုအစိုးရအဖွဲ့ရုံးကို တင်ပြထားပြီးတော့ ကျွန်တော်တို့ လမ်းညွှန်မှုခံယူထားတာလည်း ရှိပါတယ်။

နောက်ပြီးတော့ ကုမ္ပဏီရဲ့ လုပ်ငန်းဆောင်ရွက်မှုမှာလည်း အလွန်အားနည်းတာကြောင့် ၁၅-၇-၂၀၁၃ ရက်နေ့မှာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနကနေပြီးတော့ ရွှေလွင်လွင် ကုမ္ပဏီကို အကြောင်းကြားစာ ပေးပို့ပြီးတော့ ၁၆-၇-၂၀၁၃ ရက်နေ့မှာ လုပ်ငန်းများကို ဇူလိုင်လကုန် ၃၁-၇-၂၀၁၃ ရက်နေ့မှာ ပြီးအောင် ဆောင်ရွက်ဖို့ ကတိကဝတ်ကို လက်မှတ်ရေးထိုးထားခဲ့ပါတယ်။ အဲဒီတော့ ကတိပြု လက်မှတ်ရေးထိုးထားပြီးတဲ့ နောက်ပိုင်းမှာလည်း ဒီဇူလိုင်လ ၁၉ ရက်နေ့အထိ လုပ်ငန်းကလည်း (၅၀) ရာခိုင်နှုန်းပဲပြီးသေးတာကို တွေ့ရပါတယ်။ အဲဒါကြောင့်မို့ ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့က ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသို့ တင်ပြပြီးတော့ ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန ကနေပြီးတော့မှ ၂၆ ရက်နေ့မှာ တစ်ခါ ရွှေလွင်လွင် ကုမ္ပဏီကို ခေါ်ပြီးတော့ ထပ်မံပြီးတော့ တွေ့ဆုံပြီးတော့ ကျွန်တော်တို့ ၁၅ ရက် ၈ လမှာ ပြီးအောင် လုပ်ပေးပါ ဆိုပြီးတော့ဒါ ကတိပြုလက်မှတ်ရေးထိုးခဲ့ပါတယ်။

နောက် နတ္တလင်း-ဒမငယ် လမ်းလုပ်ငန်းခွင်ကိုလည်း ကျွန်တော်တို့ ဇူလိုင်လ ၂၈ ရက်နေ့မှာ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး (လမ်း၊ တံတား) က တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့က ဒုတိယအင်ဂျင်နီယာမှူးကြီးနှင့် အတူမြို့နယ်စည်ပင် သာယာရေးအဖွဲ့က အင်ဂျင်နီယာများနှင့် ရွှေလွင်လွင်ကုမ္ပဏီမှတာဝန်ရှိသူကို ခေါ်ပြီးတော့ ကွင်းဆင်းစစ်ဆေးပြီးတော့ လုပ်ငန်းကို ၁၅ ရက် ၈ လမှာ ပြီးအောင်ဆောင်ရွက်ဖို့ ကျွန်တော် ပြောပါတယ်။ မပြီးလို့ရှိရင် ဌာနမှ အရေးယူခြင်းအား ခံယူပါမည်ဟုလည်း ဒါကိုလည်း ကတိပြုခိုင်း ပါတယ်။ ကတိပြုခိုင်းပြီးတော့ ၁၀-၈-၂၀၁၃ ရက်နေ့မှာ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် အဖွဲ့ဟာ ကွင်းဆင်းပြီးတော့ ၁၅-၈-၂၀၁၃ ရက်နေ့မှာ ပြီးအောင်ဆောင်ရွက်ဖို့လည်း ထပ်ပြီးတော့ ပြောပါတယ်။ အဲဒီတော့ သူတို့ကလည်း ၃၀ ရက် ၉ လမှာ ကျွန်တော်တို့ ပြီးအောင် မဆောင်ရွက်လို့ရှိရင် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ကနေပြီးတော့ ရွှေလွင်လွင်ကုမ္ပဏီရဲ့ လုပ်ငန်းဆောင်ရွက်မှုကို အင်တိုက်အားတိုက်မဆောင်ရွက်လို့ရှိရင် ဒါကိုလည်း အရေးယူမယ်လို့ ကျွန်တော်တို့ အဲဒီမှာ မှာခဲ့ပါတယ်။

အဲဒီတော့ ၂၆ ရက် ၈ လနေ့မှာ အမျိုးသားလွှတ်တော်ရဲ့ ကော်မတီအဆောင် (I-15)မှာ အမျိုးသားလွှတ်တော် ပြည်သူ့ငွေစာရင်းကော်မတီကနေပြီးတော့မှ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမြင့်ဦး ခေါင်းဆောင်တဲ့အဖွဲ့နဲ့ ကျွန်တော်တို့ ဆွေးနွေး ပြီးတော့ အဲဒီကလည်း မန်နေဂျင်းဒါရိုက်တာဖြစ်တဲ့ ဦးရဲလွင် ပါ ပါတယ်။ ဦးရဲလွင် နဲ့ ကျောက်ချော လမ်း ခင်းခြင်းကိစ္စများကို ၃၀-၉-၂၀၁၃ ရက်နေ့မှာ ပြီးအောင်လုပ်ပါလို့ တစ်ခါ ထပ်ပြီးတော့ ကတိပြုခိုင်းခဲ့ပါတယ်။ လက်မှတ် ရေးထိုးခိုင်းပါတယ်။

ဒီတင်ဒါအောင်မြင်တဲ့ ရွှေလွင်လွင်ကုမ္ပဏီဟာ ဒီကျေးလက်လမ်း၊ တံတားလုပ်ငန်းအတွက် မဟုတ်ဘဲနဲ့ ဒီတစ်ခုလုံးမှာ သူ လမ်းတွေအားလုံးပေါ့လေ၊ သူရတဲ့ တင်ဒါအားလုံးက ငွေကို အားလုံးပေါင်းလိုက်လို့ရှိရင် ငွေ(၁၁၅၇.၂၇)သန်း ရှိပါတယ်။ အဲဒါကို ကျွန်တော်တို့ ၁၅ ရက် ၁၀ လ ရက်နေ့အထိ လုပ်ငန်းပြီးစီးမှု တန်ဖိုးကတော့ (၁၀၁၃.၉၆၅)သန်းဖြစ်တဲ့အတွက်ကြောင့် သူ့ကို ကျွန်တော်တို့ ထုတ်ပေးရန်ကျန်တဲ့ငွေက (၁၄၃.၃၀၅)သန်း ဖြစ်ပါတယ်။ ကျွန်တော်တို့ ဒီ ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အနေဖြင့် ကုမ္ပဏီကို အရစ်ကျထုတ်ပေးဖို့ ကျန်တဲ့ငွေဟာ (၁၆၆.၂၄)သန်း ဖြစ်ပါတယ်။ အဲဒါကြောင့် ကျန်တဲ့ပိုက်ဆံနဲ့လုပ်ငန်းကို အစသတ်ဖို့ဟာ ကျွန်တော်တို့ လုံလောက်မှုရှိတယ်ဆိုတာ တွေ့ရှိရပါတယ်။ ဒါကြောင့်မို့ အဲဒီအပြင် သူက ကျွန်တော်တို့ ဘာကျန် သေးလဲဆိုလို့ရှိရင် အာမခံကြေး စဘော်ငွေ (Deposit) ပေါ့ (၁၁၄.၁၃)သန်းလည်း လက်ဝယ်မှာ ရှိပါတယ်။ ဒါစာချုပ်ပါ စည်းကမ်းနှင့်အညီ ကျွန်တော်တို့ ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။

အဆိုပါကုမ္ပဏီဟာ ကျောက်ခင်းခြင်းလုပ်ငန်းကို ဆောင်ရွက်တဲ့အခါမှာ အင်တိုက် အားတိုက် ဆောင်ရွက်တာ မရှိပါဘူးခင်ဗျား။ အစိုးရအဖွဲ့ဒေသဆိုင်ရာ အာဏာပိုင် အဖွဲ့အစည်းတွေ၊ ဦးစီးဌာနမှ လုပ်ငန်းပြီးအောင် အကြိမ်ကြိမ် ညွှန်ကြားပေမယ့်လည်း သတ်မှတ်ချိန်အတွင်းမှာ ပြီးစီးအောင် မလုပ်နိုင်ဘဲနဲ့ ကတိကဝတ်ကို အကြိမ်ကြိမ် ချိုးဖောက်ပြီးတော့ ပြီးစီးအောင် ဆောင်ရွက် နိုင်ခြင်း မရှိတာကို တွေ့ရပါတယ်။ နတ္တလင်း-ဒမငယ် လမ်း ကျောက်ချောခင်းခြင်း လမ်းလုပ်ငန်း ပြီးစီးရေးအတွက် ပဲခူးတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အင်ဂျင်နီယာ များ၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီ၊ မြို့နယ်နှင့်ကျေးရွာမှာရှိတဲ့ ဖွံ့ဖြိုးမှု အထောက်အကူပြုအဖွဲ့တွေနဲ့ ရပ်မိရပ်ဖတွေ ပေါင်းပြီးတော့ ကျွန်တော်တို့ တိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ အကူအညီ အပံ့အပိုး ရယူပြီးတော့ ပြီးစီးသည်ဖြစ်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနအနေနဲ့ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဒီ(ရုံးချုပ်)ကနေပြီးတော့နေ လိုအပ်တာများကို ထပ်မံပြီးတော့ ကူညီဖြည့်တင်းပြီးတော့ ကျွန်တော်တို့ လာမယ့် ၁၅-၁၂-၂၀၁၃ ဒီဇင်ဘာလ ၁၅ ရက်နေ့ နောက်ဆုံးထားပြီးတော့ ပြီးစီးအောင် အနီးကပ် ကြပ်မတ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တင်ပြလိုပါတယ်။

ပဲခူးတိုင်းဒေသကြီး၊ နတ္တလင်းမြို့နယ်၊ နတ္တလင်း-ဒမငယ်လမ်း ကျောက်ချောလမ်းခင်းခြင်း ကိစ္စနှင့် ပတ်သက်ပြီးတော့ အမျိုးသားလွှတ်တော် ပြည်သူ့ငွေစာရင်းကော်မတီ၏ လေ့လာစိစစ် တွေ့ရှိချက်အစီရင်ခံစာမှာ ဖော်ပြထားတဲ့ လေ့လာစိစစ်တွေ့ရှိချက်၊ သုံးသပ်ချက်များအပေါ် ပြည်ထောင်စုအစိုးရမှ ရွှေလွင်လွင်ကုမ္ပဏီအား အရေးယူ၊ ပြုပြင်၊ လိုက်နာဆောင်ရွက်ပေးရန်

တိုက်တွန်းကြောင်း အဆိုနှင့်စပ်လျဉ်းပြီးတော့ ဒေသခံပြည်သူများရဲ့ ဆန္ဒနှင့်အညီ လမ်းလုပ်ငန်းကို ရွှေလွှင်လွှင် ကုမ္ပဏီမှ အလေးထားဆောင်ရွက်စေမည်ဖြစ်ပြီးတော့ သတ်မှတ် စံချိန်စံညွှန်းနှင့်အညီ လည်း လမ်းလုပ်ငန်းပြီးမြောက်စေရေး၊ အရည်အသွေးကောင်းမွန်စေရေးတို့ကို အဓိက ဆောင်ရွက် စေမှာ ဖြစ်ပါတယ်။ လမ်းလုပ်ငန်းဆောင်ရွက်ပြီးစီးလို့ရှိရင်လည်း ဒေသခံ ပြည်သူများမှ ကျေနပ်တဲ့ အထိ၊ လက်ခံသည့်အထိ ကုမ္ပဏီက တာဝန်ယူဆောင်ရွက်စေပြီးတော့ လုပ်ငန်းလွှဲပြောင်း လက်ခံခြင်း ကို အဲဒီအချိန်ကျရင် ကျွန်တော်တို့ဌာနက စနစ်တကျလက်ခံ ဆောင်ရွက်မှာဖြစ်ပါတယ်။ အဲဒီတော့ ရွှေလွှင်လွှင်ကုမ္ပဏီကို ကျွန်တော်တို့ တင်ဒါအောင်မြင် စာချုပ်ချုပ်ဆိုခဲ့စဉ်က စာချုပ်ပါစည်းကမ်းများ နှင့်အညီ ဆက်လက်ဆောင်ရွက်သွားဖို့ ကျွန်တော်တို့ ဆောင်ရွက်မှာ ဖြစ်ပါတယ်။ ထို့အပြင်လည်း လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက် သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းတင်ပြလို ပါတယ်။

ခုန ကျွန်တော်တို့ သက်ဆိုင်ရာ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ကြီး ဆွေးနွေးသလိုပဲ ဒါတွေအားလုံးက ကျွန်တော်တို့ တခြားတိုင်းတွေမှာလည်း ကျွန်တော်တို့ အတွေ့အကြုံအရ ရှိတာ တွေ့ခဲ့ပါတယ်။ စစ်ကိုင်းတိုင်းဘက်မှာ၊ ဘာညာလည်း ဒီလိုပဲ ကျွန်တော်တို့ကတော့ လုပ်ငန်းကို ပြီးအောင်၊ ငွေကိုလည်း သူ့ငွေထဲဝင်အောင် ဒါကို အား ပထမ စိုက်ပြီးတော့မှ နောက်ပိုင်း ဒီကုမ္ပဏီကို အရေးယူတာ အဲဒီဘက်မှာလည်း ကုမ္ပဏီကြီးပါပဲ။ တစ်ခုလုံးကို ကျွန်တော်တို့ တိုင်းတစ်တိုင်းလုံးမှာ ရှိတဲ့ လုပ်ငန်းတွေကို သူအကုန်လုံး ယူထားတဲ့ကုမ္ပဏီပါပဲ။ Monolized လုပ်ထားတဲ့ ကုမ္ပဏီဖြစ်တော့ ကျွန်တော်တို့က တစ်ခုမှာ သွားပြီးဒီလိုပဲဖြစ်ပါတယ်။ ပြည်သူတွေနဲ့ လည်း ထိပ်တိုက်တွေ့ပါတယ်။ တိုင်းဒေသကြီးက ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများနဲ့လည်း ထိပ်တိုက်တွေ့ခဲ့ပါတယ်။ အဲဒီမှာ ကျွန်တော်တို့ အတွေ့အကြုံရှိပါတယ်။ အဲဒါကြောင့် ကျွန်တော့်အနေနဲ့ ဒီမှာတင်ပြချင်တာကတော့ လုပ်ငန်းကို ပြီးစီးအောင် ခုန ကျွန်တော်တင်ပြတဲ့ ၁၅-၁၂-၂၀၁၃ မှာ ပြီးစီးအောင်ဆောင်ရွက်ပါမယ်။ ဆောင်ရွက်ပြီးတော့ သက်ဆိုင်ရာ ငွေစာရင်းကိုလည်း စနစ်တကျ သူတို့နဲ့ ရှင်းပါမယ်။ စာရင်းစစ် လည်း ခံပါမယ်။ ပြီးလို့ရှိရင် ကျွန်တော်တို့ ကုမ္ပဏီပေါ်မှာ ဆက်လက်ဆောင်ရွက်ရမယ့် ကိစ္စကတော့ လုပ်ထုံးလုပ်နည်းနဲ့အညီ သူ့ရဲ့စာချုပ်ပါ စည်းကမ်းနဲ့က တစ်ပိုင်း၊ နောက်တစ်ခါ လုပ်ထုံးလုပ်နည်း နဲ့က တစ်ပိုင်း နိုင်ငံတော်ရဲ့ လုပ်ထုံးလုပ်နည်းနဲ့အညီ သူ့ကို ဆက်လက်အရေးယူသွားမှာ ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၁း၂၆။**

**ဥက္ကဋ္ဌ။** ။ ဒုတိယဝန်ကြီး ဦးတင်ငွေ ကတော့ ဒီကိစ္စမျိုးနဲ့ ပတ်သက်ပြီးတော့ အတွေ့အကြုံရင့်ကျက်တဲ့ အင်ဂျင်နီယာကြီးလည်း ဖြစ်ပါတယ်။ ထိုင်ပါ။ အဲဒီတော့ နောက်ပိုင်းပေါ့ နော်။ အခုဒီကိစ္စတွေ ဖြစ်တုန်းကတော့ ဒုတိယဝန်ကြီးလည်းမရောက်သေးတဲ့ အနေအထား ရှိပါတယ်။ စာချုပ်ချုပ်တဲ့အခါသတိထားဖို့နဲ့ ငွေထုတ်ပေးတဲ့အခါမှာ ခုနက တင်ပြတဲ့ Slide တွေ ကြည့်တဲ့အခါမှာ ထုတ်ပေးတဲ့ငွေ များနေတယ်လို့ ကျွန်တော့်စိတ်ထဲမှာ ခံစားရတယ်။ အဲဒီတော့ ဒီလို လုပ်ငန်းတွေ လုပ်တဲ့အခါမှာ မျက်နှာနာခြင်း၊ အားနာခြင်းမရှိဘဲနဲ့ ပြည်သူအတွက် ရသင့်ရထိုက်တာ ရအောင် ဒုတိယဝန်ကြီးလည်း ကြပ်မတ်ပေးဖို့ မေတ္တာရပ်ခံလိုပါတယ်။

**အချိန်၊ ၁၁း၂၇။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဦးသိန်းဝင်း တင်သွင်းတဲ့ ပဲခူးတိုင်းဒေသကြီး၊ နတ္တလင်းမြို့နယ်၊ နတ္တလင်း-ဒမငယ်-တောင်ညိုလမ်း ကျောက်ချောခင်းခြင်းလုပ်ငန်းအပေါ် အမျိုးသားလွှတ်တော် ပြည်သူ့ငွေစာရင်းကော်မတီရဲ့ လေ့လာစိစစ်တွေ့ရှိချက် အစီရင်ခံစာတွင် ဖော်ပြထားသော လေ့လာစိစစ်တွေ့ရှိချက်၊ သုံးသပ်ချက်များအပေါ် အရေးယူပြုပြင် လိုက်နာဆောင်ရွက်ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို အတည်ပြုရန် သဘောတူ/မတူ လွှတ်တော်ရဲ့ အဆုံးအဖြတ် ရယူပါမယ်။

လွှတ်တော်၏ အဆုံးအဖြတ်ရယူရာတွင် အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၇၊ နည်းဥပဒေခွဲ(တ)၊ နည်းဥပဒေခွဲငယ်(၁)အရ စက်ခလုတ်အသုံးပြု၍ လျှို့ဝှက်စွာဆန္ဒပြုတဲ့ နည်းလမ်းဖြင့် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခု လွှတ်တော်ရဲ့ ဆန္ဒရယူပါမယ်။ ဆန္ဒမဲပေးကြဖို့ အသင့်ရှိစေလိုပါတယ်။ ဆန္ဒမဲပေးနိုင်ကြပါပြီ။ ထောက်ခံမဲ(၁၇၄)မဲ၊ ကန့်ကွက်(မရှိ)၊ ကြားနေ(မရှိ) ဖြစ်ပါတယ်။

အားလုံးထောက်ခံတဲ့အတွက် ဦးသိန်းဝင်း ရဲ့ အဆိုကို အတည်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၁း၃၀။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၇)ကို မဆောင်ရွက်မီ (၁၅)မိနစ် ခေတ္တနားပါမယ်။

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ ကိုယ်စားလှယ်များ အားလုံး ထွက်ခွာနိုင်ပါပြီခင်ဗျား။

[အစည်းအဝေးကို (၁၁း၃၀) နာရီအချိန်တွင် ခေတ္တရပ်နားပြီး (၁၁း၄၅) နာရီအချိန်တွင် ပြန်လည်ကျင်းပပါသည်။]

**အချိန်၊ ၁၁း၄၅။**

**အခမ်းအနားမှူး**။ ။ အစည်းအဝေး ပြန်လည်စတင်တော့မှာ ဖြစ်ပါတယ်ခင်ဗျား။

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**ဦးမျိုးမြင့်၊မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)၏ အဆင့်မြင့်နည်းပညာတက္ကသိုလ်များ (Centres of Excellence) ပေါ်ပေါက်လာ၍ အရည်အချင်း ပြည့်ဝသော နည်းပညာကျွမ်းကျင်သူ များနှင့် အင်ဂျင်နီယာများ မွေးထုတ်ပေးနိုင်ရေး လက်တွေ့ကျစွာ ပုံဖော်မည့် အစီအစဉ် (Realistic Scenario) ဖြင့် အင်ဂျင်နီယာနှင့် နည်းပညာဆိုင်ရာ ပညာရေးစနစ်ကို အကောင်အထည်ဖော် ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ဖြေရှင်းဆွေးနွေးခြင်းနှင့် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၁း၄၅။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၇)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆) မှ ဦးမျိုးမြင့် တင်သွင်းထားတဲ့ အဆင့်မြင့် နည်းပညာတက္ကသိုလ်များ (Centres of Excellence) ပေါ်ပေါက်လာ၍ အရည်အချင်း ပြည့်ဝသော နည်းပညာ ကျွမ်းကျင်သူများနှင့် အင်ဂျင်နီယာများ မွေးထုတ်ပေးနိုင်ရေး လက်တွေ့ ကျစွာပုံဖော်မည့် အစီအစဉ် (Realistic Scenario)ဖြင့် အင်ဂျင်နီယာနှင့် နည်းပညာဆိုင်ရာ ပညာရေးစနစ်ကို အကောင်အထည်ဖော် ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုနှင့် စပ်လျဉ်း၍ ၂၃-၁၀-၂၀၁၃ ရက်နေ့တွင် ကျင်းပတဲ့ ပထမအကြိမ် အမျိုးသားလွှတ်တော် အဌမပုံမှန် အစည်းအဝေး (၁၁)ရက်မြောက်နေ့မှာ ကိုယ်စားလှယ်(၆)ဦး က ဆွေးနွေးခဲ့ပါတယ်။

ယခု အဆိုနှင့်စပ်လျဉ်း၍ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး က ပြန်လည်ဆွေးနွေးရန် ရှိပါက ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၄၆။**

**ဒေါက်တာကိုကိုဦး (ပြည်ထောင်စုဝန်ကြီး၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန)**။ ။ လေးစား အပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အခုအစည်းအဝေးကို တက်ရောက်လာကြတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီးများအားလုံး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းတို့နှင့် ပြည့်စုံပါစေကြောင်း ဦးစွာဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ သိပ္ပံနှင့်နည်းပညာ ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကိုကိုဦး ဖြစ်ပါတယ်။

ဒီအမျိုးသားလွှတ်တော်အစည်းအဝေးမှာ မန္တလေးတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၆)၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမျိုးမြင့် ရဲ့ အဆင့်မြင့်နည်းပညာ တက္ကသိုလ်များ (Centres of Excellence) ပေါ်ပေါက်လာ၍ အရည်အချင်းပြည့်ဝသော နည်းပညာကျွမ်းကျင်သူများနှင့် အင်ဂျင်နီယာ များ မွေးထုတ်ပေးနိုင်ရေး လက်တွေ့ ကျစွာပုံဖော်မည့် အစီအစဉ် (Realistic Scenario) ဖြင့် အင်ဂျင်နီယာနှင့် နည်းပညာဆိုင်ရာ ပညာရေးစနစ်ကို အကောင်အထည်ဖော် ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်းအဆိုကို သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနက ရှင်းလင်း ဖြေကြား တင်ပြသွားမှာဖြစ်ပါတယ်။ အဆို တင်ပြဆွေးနွေးတဲ့အခါမှာ မြန်မာနိုင်ငံရဲ့ အင်ဂျင်နီယာ ပညာရေးစနစ်အား ၁၉၂၄ ခုနှစ်မှ ၁၉၉၈ ခုနှစ်အထိ ဆောင်ရွက်ခဲ့သည်များအား အကျဉ်းချုပ်တင်ပြ ထားခြင်း၊ ၁၉၉၈ ခုနှစ် နောက်ပိုင်းမှ လက်ရှိ ၂၀၁၃ ခုနှစ် အထိဆောင်ရွက်ခဲ့သည့် အင်ဂျင်နီယာ

ပညာရေး၊ နည်းပညာနှင့်အသက်မွေး ပညာရေးကဏ္ဍရှိ ကျွမ်းကျင်သူပညာရေး ဆောင်ရွက်ချက်များအား သုံးသပ်တင်ပြထားခြင်း၊ ၂၀၁၂ ခုနှစ်တွင် စတင်ဆောင်ရွက်ခဲ့သော အဆင့်မြင့်နည်းပညာတက္ကသိုလ် (Centres of Excellence) နှစ်ခု၏ လက်ရှိဆောင်ရွက်ချက်များအား သုံးသပ်တင်ပြထားခြင်း၊ အင်ဂျင်နီယာပညာရေးစနစ်အတွက် အင်ဂျင်နီယာဘွဲ့ Bachelor of Engineering (B.E) သင်တန်းများကို အဆင့်မြင့်နည်းပညာတက္ကသိုလ် (Centres of Excellence) နှစ်ခုတွင်သာ သတ်မှတ်ဖွင့်လှစ်ပြီး၊ ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် လက်ရှိသင်ကြားလျက်ရှိသော နည်းပညာတက္ကသိုလ်များတွင် အင်ဂျင်နီယာဘွဲ့ Bachelor of Engineering (B.E)ဘွဲ့ ပေးအပ်ခြင်းမပြုဘဲ ကျွမ်းကျင်သူပညာရှင်ဘွဲ့ Bachelor of Technology (B.Tech) အဆင့်ကိုသာ သင်ကြားရန် အဆိုပြုထားခြင်း၊ တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသော ကျောင်းသား၊ ကျောင်းသူများ အား A.G.T.I ဒီပလိုမာသင်တန်းများ၊ Bachelor of Technology (B.Tech)၊ ကျွမ်းကျင်သူပညာရှင် သင်တန်းများနှင့် Bachelor of Engineering(B.E) အင်ဂျင်နီယာဘွဲ့သင်တန်းများအား သီးခြားစီ တက်ရောက်ရန်နှင့် ပေါင်းကူးစနစ်များအတွက် အဆိုပြုထားခြင်း၊ နိုင်ငံတော်မှ လက်ရှိဆောင်ရွက်နေသော အင်ဂျင်နီယာပညာရေးစနစ်အား လက်တွေ့ကျစွာ ပုံဖော်နိုင်မည့်အစီအစဉ် (Realistic Scenario) ဖြင့် အင်ဂျင်နီယာနှင့် နည်းပညာဆိုင်ရာ ပညာရေးစနစ်ကို ပြုပြင်ပြောင်းလဲ ဆောင်ရွက်ပေးစေလိုခြင်းတို့ကို အဓိက အဆိုပြု တင်ပြဆွေးနွေးထားတာကို တွေ့ရှိရပါတယ်။

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနလက်အောက်မှာရှိတဲ့ တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံနှင့်နည်းပညာအထက်တန်းကျောင်းများအားလုံး ပညာရေးအဆင့်မြင့်မားလာရေးအတွက် ပြုပြင်ပြောင်းလဲမှုများကို နိုင်ငံတော်မှ လက်ရှိသတ်မှတ်ပြဋ္ဌာန်းပြီးသော ဥပဒေများ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ မူဘောင်များအတွင်းမှသာ ဆောင်ရွက်လျက်ရှိပြီး နိုင်ငံတကာအဆင့်မီ တက္ကသိုလ်များ လျင်မြန်စွာ ပေါ်ထွန်းလာရေးအတွက် တက္ကသိုလ်(၆)ခုအား (Centres of Excellence) များအဖြစ် ဦးစားပေးအဆင့်မြှင့်တင် ဖွင့်လှစ်ခဲ့ရာ ရန်ကုန်နည်းပညာတက္ကသိုလ်နှင့် မန္တလေးနည်းပညာတက္ကသိုလ် နှစ်ခုလည်း အပါအဝင်ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အစိုးရသစ် တာဝန်ယူပြီးနောက်ပိုင်းမှာ နိုင်ငံတော်ရဲ့ စီးပွားရေးနှင့်လူမှုရေးပြုပြင်ပြောင်းလဲရေးမူဘောင်၊ Framework for Economic and Social Reforms(FESR) သတ်မှတ်ချက်များကို ထုတ်ပြန်ဆောင်ရွက်ခဲ့ရာမှာ ပညာရေးဆိုင်ရာ ပြုပြင်ပြောင်းလဲရေးဟာလည်း တစ်ခုအပါအဝင်ဖြစ်ပါတယ်။ နိုင်ငံတော်သမ္မတကြီးမှလည်း ပညာရေး ပြုပြင်ပြောင်းလဲရာမှာ ကဏ္ဍအားလုံးအတွက် လေ့လာဆန်းစစ်ဆောင်ရွက်ရန်နှင့် ပြည်သူဗဟိုပြုဆောင်ရွက်ရန် လမ်းညွှန်မှာကြားခဲ့ပါကြောင်း တင်ပြအပ်ပါတယ်။ ပညာရေးစနစ် ပြုပြင်ပြောင်းလဲမှု ဆောင်ရွက်ရာမှာ ကဏ္ဍအားလုံးကို သေချာစွာ လေ့လာဆန်းစစ်ပြီးမှသာ ပြောင်းလဲရန်လိုအပ်ပါကြောင်း၊ ပညာရေးလေ့လာဆန်းစစ်မှုအစီအစဉ်အဖြစ် ယခုအခါ နိုင်ငံတကာအဖွဲ့အစည်းများ၊ နိုင်ငံတကာမှ ကျွမ်းကျင်သူများ၊ ပြည်တွင်းပညာရှင်များ၊ အမျိုးသားအကြံပေးပုဂ္ဂိုလ်များပါဝင်တဲ့ ဘက်စုံလွှမ်းခြုံနိုင်သော ပညာရေးကဏ္ဍလေ့လာ ဆန်းစစ်မှုလုပ်ငန်း (Comprehensive Education Sector Review-CESR) ကို ဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်။ ဘက်စုံလွှမ်းခြုံနိုင်သော ပညာရေးကဏ္ဍလေ့လာဆန်းစစ်မှုလုပ်ငန်း (CESR) ရဲ့ ပထမအဆင့် အချိန်တိုအတွင်း အကဲဖြတ်လုပ်ငန်းများကို ၂၀၁၂ ခုနှစ်၊

ဩဂုတ်လမှစတင်၍ ဆောင်ရွက်ခဲ့ပြီး ၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလမှာ အစီရင်ခံစာထွက်ရှိခဲ့ပြီး ဖြစ်ပါကြောင်းနှင့် ယခုအခါမှာ ဒုတိယအဆင့်ဖြစ်တဲ့ အသေးစိတ်လေ့လာဆန်းစစ်မှု (Indepth Analysis) လုပ်ငန်းများဆောင်ရွက်နေတဲ့ ကာလဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။

နိုင်ငံတော်သမ္မတကြီးရဲ့ ၇-၁-၂၀၁၃ ရက်နေ့ လက်တွေ့ကျသော ပညာရေးပြုပြင်ပြောင်းလဲမှုဆိုင်ရာဆွေးနွေးပွဲတွင် လမ်းညွှန်ခဲ့တာနှင့်အညီ ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ ၁၈-၁၀-၂၀၁၃ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၆၇/၂၀၁၃ ဖြင့် ပညာရေးမြှင့်တင်မှု အကောင်အထည်ဖော်ရေးကော်မတီကို အဖွဲ့ဝင်(၂၇)ဦးဖြင့်လည်းကောင်း၊ အထူးလုပ်ငန်းအဖွဲ့ကို အဖွဲ့ဝင်(၄၃)ဦးဖြင့်လည်းကောင်း၊ အကြံပေးအဖွဲ့ကို အဖွဲ့ဝင်(၃၄)ဦးဖြင့်လည်းကောင်း ဖွဲ့စည်းခဲ့ပြီး ထိရောက်အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်။

ပညာရေးမြှင့်တင်မှု အကောင်အထည်ဖော်ရေးကော်မတီသည် ဘက်စုံလွှမ်းခြုံနိုင်သော ပညာရေးကဏ္ဍလေ့လာဆန်းစစ်မှုလုပ်ငန်း (CESR)မှ တွေ့ရှိချက်၊ အကြံပြုချက်များကိုလည်း ထည့်သွင်းစဉ်းစား ဆောင်ရွက်သွားမည်ဖြစ်ပါတယ်။ ပညာရေးမြှင့်တင်မှု အကောင်အထည်ဖော်ရေးကော်မတီ အထူးလုပ်ငန်းအဖွဲ့ (Task Force) နဲ့ အကြံပေးအဖွဲ့ (Advisory Board) အစည်းအဝေးများ ပြုလုပ်လျက်ရှိပြီး ဝန်ကြီးဌာနများမှ တာဝန်ရှိသူများနဲ့ ပညာရှင်များပါဝင်သည့် ပူးတွဲလုပ်ငန်းအဖွဲ့(၁၇)ဖွဲ့ဖြင့် ရန်ကုန်တက္ကသိုလ်၊ စိန်ရတုခန်းမမှာ ရုံးခန်းဖွင့်လှစ်၍ လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပြီး ပြည်သူလူထုထံမှ အကြံဉာဏ်များကို ရယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။

လေးစားအပ်ပါသောဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ နိုင်ငံတော်အစိုးရအနေနဲ့ အင်ဂျင်နီယာပညာရေးစနစ် ပြုပြင်ပြောင်းလဲရေးအတွက်သာမက အမျိုးသားပညာရေးစနစ်တစ်ခုလုံး၏ ပြုပြင်ပြောင်းလဲမှုများကိုပါ ဗဟိုပြုလျက် ဆောင်ရွက်လျက်ရှိနေပြီဖြစ်ပါ၍ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးမျိုးမြင့် မှ တင်သွင်းသည့်အဆိုအား ရုပ်သိမ်းသင့်ပါကြောင်း ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၁း၅၆။**

**ဥက္ကဋ္ဌ**။ ။ ဦးမျိုးမြင့် ရဲ့ သဘောထားကို တင်ပြဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၅၆။**

**ဦးမျိုးမြင့်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့က ဒီအဆိုကို မတင်သွင်းခင်ကတည်းက အပြန်ပြန်အလှန်လှန် ဒီဥစ္စာကို လေ့လာသုံးသပ်၊ ဆွေးနွေးသင့်၊ တိုင်ပင်သင့်တဲ့ ပုဂ္ဂိုလ်တွေနဲ့ ညှိနှိုင်းဆွေးနွေး တိုင်ပင်ပြီးတော့မှလည်း ကျွန်တော်တို့ တင်ပြခြင်း ဖြစ်ပါတယ်။ အဲဒီတော့ ဒါဟာ အခုလို ဝန်ကြီးအနေနဲ့ တလေးတစား ကျွန်တော်တို့ လွှတ်တော်ကို လာရောက်ရှင်းလင်းပြတာလည်း ကျွန်တော် ကျေးဇူးအထူးတင်ရှိပါတယ်။

အဲဒီတော့ အခု ပြည်ထောင်စုဝန်ကြီးအနေနဲ့လည်း ကျွန်တော်တို့ တင်ပြခဲ့တဲ့ ၂၀၁၂ ခုနှစ်က ဆိုရင် ဒုတိယဝန်ကြီးတာဝန်နဲ့ ကျွန်တော်တင်တဲ့အဆိုနဲ့ လိုက်ဖက်အောင် ဆိုတဲ့ပုံစံမှာ၊ အကောင်အထည်ဖော်ရာမှာ တစ်စိတ်တစ်ပိုင်း ပါဝင်ခဲ့တယ်လို့ ကျွန်တော် ဒါဟာ နားလည်ထား ပါတယ်။ ကျွန်တော်တို့ဟာ ဒီနေ့အဖွဲ့တွေ ဖွဲ့လုပ်တာ နိုင်ငံတော်အနေနဲ့ ပညာရေးကို ကောင်းသထက် ကောင်းအောင် လုပ်တာတွေကို သံသယမရှိပါဘူး။ သို့သော်လည်းပဲ ဒါဟာ လုပ်နေဆဲကာလ၊ ကော်မတီတွေနဲ့ ဆောင်ရွက်နေဆဲကာလမှာ ဒါဟာ ရပ်တန့်မနေဘဲနဲ့ ဒါဟာ လမ်းခုလတ်ကနေ ပြီးတော့ တက်ရောက်နေတဲ့ ကျောင်းသူ/ကျောင်းသားများရဲ့ ကိစ္စကလည်းပဲ ထည့်သွင်းစဉ်းစားရမှာ ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့လည်း အသေးစိတ်အဆိုမှာ အားလုံး ရှင်းလင်းတင်ပြပြီးဖြစ်တဲ့အတွက် ဒီမှာလည်း ထပ်မံပြီးတော့ ကျွန်တော် ရှင်းလင်းတင်ပြခြင်း မပြုပါဘူး။ ကျွန်တော့်အနေနဲ့ကတော့ လွှတ်တော်ရဲ့ အဆုံးအဖြတ်ကို နာခံမှုရှိတဲ့အကြောင်း တင်ပြရင်းနဲ့ပဲ ဒီလောက်ပဲ ဆွေးနွေးလိုပါတယ် ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၁း၅၈။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးမျိုးမြင့် တင်သွင်းတဲ့ အဆင့်မြင့်နည်းပညာ တက္ကသိုလ်များ (Centres of Excellence) ပေါ်ပေါက်လာ၍ အရည်အချင်း ပြည့်ဝသော နည်းပညာ ကျွမ်းကျင်သူ များနှင့် အင်ဂျင်နီယာများ မွေးထုတ်ပေးနိုင်ရေး လက်တွေ့ကျစွာပုံဖော်မည့် အစီအစဉ် (Realistic Scenario)ဖြင့် အင်ဂျင်နီယာနှင့် နည်းပညာဆိုင်ရာ ပညာရေးစနစ်ကို အကောင်အထည်ဖော် ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို အတည်ပြုရန် သဘောတူ/ မတူ လွှတ်တော်ရဲ့ အဆုံးအဖြတ် ရယူပါမယ်။

လွှတ်တော်၏ အဆုံးအဖြတ် ရယူရာတွင် အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၇၊ နည်းဥပဒေခွဲ(တ)၊ နည်းဥပဒေခွဲငယ်(၁)အရ စက်ခလုတ် အသုံးပြု၍ လျှို့ဝှက်စွာ ဆန္ဒပြုသည့် နည်းလမ်းဖြင့် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခု လွှတ်တော်ရဲ့ ဆန္ဒရယူပါမယ်။ ဆန္ဒမဲပေးကြဖို့အသင့်ရှိစေလိုပါတယ်။ ဆန္ဒမဲ ပေးနိုင် ကြပါပြီ။ ထောက်ခံမဲ (၈၄)မဲ၊ ကန့်ကွက်မဲ(၁၆)မဲ၊ ကြားနေ(၇၁)မဲ ဖြစ်ပါတယ်။

ထောက်ခံမဲ များတဲ့အတွက် ဦးမျိုးမြင့် ရဲ့ အဆိုကို အတည်ပြုကြောင်း ကြေညာပါတယ်။

**ဦးခင်မောင်ရီ၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)၏ နိုင်ငံတော်အနေနှင့် ရာသီဥတု ပြောင်းလဲဖောက်ပြန်ခြင်း၏ အကျိုးသက်ရောက်မှုအပေါ် တုံ့ပြန်ဆောင်ရွက်ရေး အမျိုးသားအဆင့် ကော်မရှင်ကဲ့သို့သော ဝန်ကြီးဌာနပေါင်းစုံ ဘာသာရပ်ဆိုင်ရာ NGO/ INGO များ၊ ပညာရှင်များ စုံညီစွာ ပါဝင်နိုင်မည့် အမျိုးသားအဆင့်အဖွဲ့အစည်းကို ဖွဲ့စည်းတာဝန် ပေးအပ်ခြင်း၊ ရန်ပုံငွေသတ်မှတ် လျာထားခြင်း၊ နိုင်ငံတကာနှင့် ဆက်သွယ်ပေါင်းစပ်၍ သတင်းအချက်အလက်နှင့် နည်းပညာဖလှယ် ရယူခြင်းဖြင့် နှစ်ရှည်အမျိုးသားစီမံကိန်းတစ်ရပ်ကို နိုင်ငံတော်နှင့် ပြည်သူအကျိုး မျှော်ကိုး၍ ချမှတ်ဆောင်ရွက်သွားရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုတင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်၊ မသင့် အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၂း၀၀။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ် (၈) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဧရာဝတီတိုင်း ဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးခင်မောင်ရီ က နိုင်ငံတော်အနေနှင့် ရာသီဥတုပြောင်းလဲ ဖောက်ပြန်ခြင်း၏ အကျိုးသက်ရောက်မှုအပေါ် တုံ့ပြန်ဆောင်ရွက်ရေး အမျိုးသားအဆင့် ကော်မရှင် ကဲ့သို့သော ဝန်ကြီးဌာနပေါင်းစုံ ဘာသာရပ်ဆိုင်ရာ NGO/ INGO များ၊ ပညာရှင်များ စုံညီစွာပါဝင်နိုင်မည့် အမျိုးသားအဆင့် အဖွဲ့အစည်းကို ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း၊ ရန်ပုံငွေ သတ်မှတ်လျာထားခြင်း၊ နိုင်ငံတကာနှင့် ဆက်သွယ်ပေါင်းစပ်၍ သတင်းအချက်အလက်နှင့် နည်းပညာ ဖလှယ်ရယူခြင်းဖြင့် နှစ်ရှည်အမျိုးသားစီမံကိန်းတစ်ရပ်ကို နိုင်ငံတော်နှင့် ပြည်သူအကျိုး မျှော်ကိုး၍ ချမှတ်ဆောင်ရွက်သွားရန်နှင့် စပ်လျဉ်းတဲ့ အဆိုတစ်ရပ် တင်သွင်းလိုကြောင်း အမျိုးသား လွှတ်တော်သို့ ပေးပို့ထားပါတယ်။

ယခု ဦးခင်မောင်ရီ အဆိုတင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၂း၀၀။**

**ဦးခင်မောင်ရီ၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ဥက္ကဋ္ဌကြီးအား အမှူးထား၍ ပြည်ထောင်စုအဖွဲ့အစည်းဝင် ပုဂ္ဂိုလ်များ၊ ပညာရှင်များနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများအားလုံးကို လေးစားစွာ ဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဥက္ကဋ္ဌကြီး ဖတ်ကြားပြသလိုပဲ တင်ရမယ့် အဆို ကတော့ နိုင်ငံတော်အနေနှင့် ရာသီဥတု ပြောင်းလဲဖောက်ပြန်ခြင်း၏ အကျိုးသက်ရောက်မှုအပေါ် တုံ့ ပြန်ဆောင်ရွက်နိုင်တဲ့ အမျိုးသားအဆင့်ကော်မရှင် ကဲ့သို့သော ဝန်ကြီးဌာနပေါင်းစုံ ဘာသာရပ် ဆိုင်ရာ NGO/ INGO များ၊ ပညာရှင်များ စုံညီစွာပါဝင်နိုင်မယ့် အမျိုးသားအဆင့် အဖွဲ့အစည်းကို ဖွဲ့စည်းတာဝန်ပေးအပ်ခြင်းဆိုတာ တစ်ပိုင်း၊ ရန်ပုံငွေလျာထား သတ်မှတ်ခြင်းဆိုတာ တစ်ပိုင်း၊ နိုင်ငံတကာနှင့် ဆက်သွယ်ပေါင်းစပ်၍ သတင်းအချက်အလက်နှင့် နည်းပညာဖလှယ် ရယူခြင်း ဆိုတာ တစ်ပိုင်းနဲ့ နှစ်ရှည်အမျိုးသား စီမံကိန်းတစ်ရပ်ကို ချမှတ်ဆောင်ရွက်သွားရန်အဆိုကို တိုက်တွန်းကြောင်းဆိုတဲ့ အဆိုက လေးပိုင်း ရှိပါတယ်။

အဲဒီမှာ ပထမပိုင်းဖြစ်တဲ့ ကော်မရှင်ဖွဲ့စည်းရေးနဲ့ နောက်ဆုံးပိုင်းဖြစ်တဲ့ နှစ်ရှည်အမျိုးသား စီမံကိန်းတစ်ရပ် ရေးဆွဲဖို့က အဓိက ဖြစ်ပါတယ်။ အဲဒီ(၂)ခု ကိုင်လိုက်လို့ရှိရင် ခါးလယ်က ရန်ပုံငွေ သတ်မှတ်လျာထားတာနဲ့ ဆက်သွယ်ဆောင်ရွက်တာတွေ၊ နည်းပညာဆောင်ရွက်တာတွေက အလို အလျောက် ပါသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ အနည်းငယ် ရှင်းပြခွင့်ပြုပါ။ မိုးလေဝသနဲ့ပတ်သက်လို့ မိုးလေဝသဆိုတာကတော့ လေထုထဲမှာ ဖြစ်ပေါ်နေတဲ့၊ ခဏတာ အချိန်ပိုင်းအတွင်း ဖြစ်ပေါ်နေတဲ့ အခြေအနေပြောင်းလဲခြင်းကို ပြောတာဖြစ်ပါတယ်။ မိုးလေဝသ အခြေအနေက Atmosphere လို့ ခေါ်တဲ့ လေထုထဲမှာပဲ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ အင်္ဂလိပ် စကားများ သုံးနှုန်းခွင့်ပြုပါရန်ပန်ကြားအပ်ပါတယ်။ ဥပမာအားဖြင့် နေသာတာ၊ တိမ်ထူတာ၊ လေတိုက် တာ၊ မိုးရွာတာ၊ ထစ်ချုန်းတာ၊ မြူထုဆိုင်းတာ (Mist and Fog)၊ မီးခိုးမြူ (Haze) စတဲ့ ဒါတွေ အားလုံး က ဖြစ်ပေါ်နေတာကို လေ့လာတဲ့ပညာရပ်က မိုးလေဝသပညာရပ် ဖြစ်ပါတယ်။ Meteorology လို့ ခေါ်ပြီးတော့ မြန်မာနိုင်ငံမှာ ပထမဆုံး ဒေါက်တာဘွဲ့ရတဲ့ ပုဂ္ဂိုလ်ဟာ ဒေါက်တာမောင်မောင်ခ လို့သိကြတဲ့ ဆရာကြီးဖြစ်ပါတယ်။ ဆရာကြီးကို အများအားဖြင့် ရူပဗေဒပါမောက္ခ၊ ရန်ကုန်တက္ကသိုလ် ရဲ့ ပါမောက္ခချုပ်အဖြစ် သိကြပါတယ်။ အမှန်ကတော့ သူဟာ မိုးလေဝသပညာရှင် ဖြစ်ပါတယ်။ သို့သော် သူပြန်လာတဲ့အခါမှာ သူ့ရဲ့ ပညာကို မသုံးနိုင်တဲ့ အတွက်ကြောင့် တက္ကသိုလ်မှာပဲ ဆရာဘဝနဲ့ သူ လုပ်သွားတာ ဖြစ်ပါတယ်။ ဆိုလိုတာက ပညာရှင် ရှားတယ်ဆိုတာကို ဖော်ပြချင်တာပါ။ ကြားထဲမှာ ဦးသုတ တို့လို ပုဂ္ဂိုလ်တွေ ပေါ်လာတယ်။ ဒီခေတ် နောက်ပိုင်းမှာဆိုရင် ဒေါက်တာထွန်းလွင်၊ အရင်တုန်းကတော့ ဦးထွန်းလွင် ပေါ့။ သူတို့ပေါ်လာတယ်။ ဦးထွန်းလွင် လည်း အငြိမ်းစားယူတဲ့အခါမှာ မျိုးဆက်သစ်ကလေးတွေ ရှိနေမှာ ဖြစ်ပါတယ်။

ဒုတိယတစ်ခုက ရာသီဥတု ဖြစ်ပါတယ်။ ရာသီဥတုဆိုတာကတော့ မြန်မာလိုကတော့ ရာသီနဲ့ ဥတုလို့ တွဲခေါ်မယ်။ အမှန်ကတော့ ရာသီဆိုတာ (Season) ဖြစ်ပြီးတော့ ဥတုက (Climate) ဖြစ်ပါတယ်။ ဒီ ရာသီဥတုဆိုတာကတော့ မိုးလေဝသအခြေအနေ တစ်ခုခုဟာ အချိန်အတန်ကြာ ဆက်တိုက်ဖြစ်ပေါ်နေတဲ့ အခြေအနေမျိုးကို ခေါ်တာပါခင်ဗျား။ Regular Pattern of Weather Condition ဖြစ်ပါတယ်။ ရာသီဥတု၊ ဥတုကို ခွဲရင်တော့ အခြေအနေနဲ့လည်း ခွဲပါတယ်၊ ဒေသနဲ့လည်း ခွဲပါတယ်။ ဥပမာအားဖြင့် Template Climate (သမပိုင်းဥတု)၊ Equatorial Climate (အပူပိုင်းဥတု) ဒီလိုလဲခွဲတာ ရှိပါတယ်။ မိုးဥတု၊ နွေဥတု၊ ဆောင်းဥတု လို့ခွဲတာလည်း ရှိပါတယ်။

ရာသီဥတု ဖောက်ပြန်ပြောင်းလဲတယ်ဆိုတာကတော့ Climate Change လို့ အခု သုံးနေပါတယ်။ ရာသီဥတုအလိုက် ဖြစ်ပေါ်ရမယ့်အချိန်မှာ မဖြစ်ပေါ်ဘဲနဲ့ ဖြစ်ပေါ်မယ့် အခြေအနေ ကလည်း ထူးထူးကဲကဲနဲ့ ပြောင်းလဲတာတွေ၊ အချိန်အခါ အခြေအနေနဲ့ မလိုက်ညီဘဲနဲ့ ဖောက်လွဲ ဖောက်ပြန် ဖြစ်တာတွေကို ဆိုလိုတာဖြစ်ပါတယ်။ ဥပမာအားဖြင့် မိုးတွင်း မိုးရွာတာ မဆန်းပေမယ့် ထူးကဲတဲ့မိုးရေချိန်နဲ့ မိုးရေကြီးတာတွေ၊ မိုးရွာရမယ့်အချိန်မှာ မိုးခေါင်တာတွေ၊ အင်အားပြင်းတဲ့ လေတွေတိုက်တာတွေ၊ အပူလွန်ကဲတာတွေ၊ ဆီးနှင်းလွန်ကဲ တာတွေကို ဆိုလိုပါတယ်ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ အခုဆို တရုတ်ပြည် မြောက်ပိုင်းမှာ ဆီးနှင်းလွန်ကဲမှု လက်တွေ့ကို ဖြစ်နေပါတယ်။ ရာသီဥတု ပြောင်းလဲဖောက်ပြန်ရင် အကျိုးဆက် ဘာဖြစ်နိုင်သလဲဆိုတော့ မိုးကြီးရင်တော့ မြစ်၊ ချောင်း၊ အင်း၊ အိုင်များ ရေပြည့်ရေလျှံ ဖြစ်ပါတယ်။ အဲဒီအခါမှာ မြစ်ကမ်း ဝဲယာမှာ ရှိတဲ့ လူနေအိမ်ခြေ၊ စိုက်ပျိုးခင်းတွေ ရေလွှမ်းမိုး ပျက်စီးတာ ဖြစ်ပါတယ်။ တောင်တန်း ဒေသမှာ Mud Slide, Land Slide လို့ခေါ်တဲ့ တောင်ပြို၊ မြေပြိုကိစ္စတွေ ဖြစ်ပါတယ်။ သူ့ရဲ့ ပြောင်းပြန်ဖြစ်တဲ့ မိုးခေါင်ရင်တော့ မိုးရေမရလို့ သီးနှံပျက်စီးပါတယ်။ သောက်သုံးရေ ပြတ်လပ် ပါတယ်။ တောမီးလောင်တတ်ပါတယ်။ ရောဂါကျရောက် ပျံ့နှံ့ကူးစက်ပါတယ်။ အပူချိန်လွန်ကဲ ပါတယ်။ လေပြင်းတိုက်ပါတယ်။ ပိုးကျတယ်ဆိုတာ ကျွန်တော်တို့က အာဖရိကမှာ ကျခဲ့တဲ့ ကျိုင်းကောင် (Locust) ဆိုတာတွေ အုပ်လိုက်ကြီးကျပြီး ဖျက်ဆီးတာတွေ ဖြစ်ပေါ်တာပါ။ မြေရဲ့အသွင်သဏ္ဌာန် ပြောင်းပါတယ်။ ပတ်ကြားအက် ပေါ်တဲ့အတွက်ကြောင့် ရေဓာတ်ကို မထိန်းသိမ်းနိုင်ဘဲနဲ့ ရေချို ပြတ်လပ်ပါတယ်။ တိရစ္ဆာန်တွေရဲ့ စားကျက် ပျက်စီးပါတယ်။

နောက် လေပြင်းတိုက်တာ ဖြစ်ပါတယ်။ လေပြင်းတိုက်ရင်တော့ မုန်တိုင်း၊ ဒီရေလို့ခေါ်တဲ့ Storm Surge တက်ပါတယ်။ နောက်ပိုင်းတော့ ဆူနာမီ ဆိုတာကတော့ အကြီးစားဖြစ်ပါတယ်။ အိုး၊ အိမ်၊ မြို့ရွာ ပျက်စီးပါတယ်။ ရေကြောင်းလမ်း၊ လေကြောင်းလမ်းတွေ ထိခိုက်ပါတယ်။ အပူချိန် လွန်ကဲရင် တောမီးလောင်တာ ဖြစ်ပါတယ်။ အပူဒဏ်ကြောင့် ရောဂါရတာ ဖြစ်ပါတယ်။ သီးနှံပျက်စီး ပါတယ်။ ကန်၊ ချောင်းတွေ ခမ်းခြောက်ပါတယ်။ ရေခဲတောင်၊ ရေခဲမြစ်တွေ အရည်ပျော်တဲ့ အတွက်ကြောင့် ပင်လယ်ရေမျက်နှာပြင် မြင့်တက်ခြင်းတွေ ဖြစ်တတ်ပါတယ်။

ဖောက်ပြန်တာတော့ အကြောင်းအရင်း (၂)ခုပဲရှိပါတယ်။ သဘာဝအလျောက် ဖောက်ပြန် တာနဲ့ လူ့ပယောဂကြောင့် ဖောက်ပြန်တာ ဖြစ်ပါကြောင်း တင်ပြပါတယ်။ သဘာဝ ဖောက်ပြန်တာ တော့ ကျွန်တော် အထူးပြောစရာ မရှိပါဘူး။ ဥက္ကဋ္ဌကြီးခင်ဗျား။ လူ့ပယောဂကတော့ (၁)ကတော့ သစ်တောတွေ အလွန်အကျွံ ခုတ်ထွင်တာ ဖြစ်ပါတယ်။ Over Logging ဖြစ်ပါတယ်။ အဲဒီလို လုပ်ရင်တော့၊ တစ်နေ့က ကိုယ်စားလှယ်ကြီး ဦးမျိုးမြင့် ဆွေးနွေးသွားတဲ့ Bio-diversity နဲ့ Eco System ဆိုတာတွေ ထိခိုက်ပျက်စီးပါတယ်။ တိရစ္ဆာန်တွေနေထိုင်တဲ့ ကျက်စားရာဒေသ (Habitat) တွေ ပျက်စီးပါတယ်။ နောက်တစ်ခုကတော့ ရုပ်ကြွင်းလောင်စာ (Fossil Fuel) ဖြစ်ပါတယ်။ ရေနံနဲ့ ကျောက်မီးသွေးကို ခေါ်တာပါ။ ဒါတွေကို အလွန်အကျူးသုံးစွဲခြင်းကြောင့် ကာဗွန်ဒိုင်အောက်ဆိုဒ်တို့၊ ဆာလဖာဒိုင်အောက်ဆိုဒ်လို ဓာတ်ငွေ့တွေလွှတ်ပြီးတော့ (Air Pollution) လို့ခေါ်တဲ့ လေထုညစ်ညမ်းမှု ဖြစ်ပါတယ်။ ဖန်လုံအိမ်ဓာတ်ငွေ့ လို့ ခေါ်တဲ့ ကလိုရိုဖလူရိုကာဗွန် (CFC) ဓာတ်ငွေ့တွေ ထုတ်လွှင့်မှု ကြောင့် O'zone လွှာ ပျက်စီးပြီးတော့ ခရမ်းလွန်ရောင်ခြည် လွန်ကဲစွာကျလာတဲ့အတွက် ကြောင့် UV Index တွေ တက်ပါတယ်။ ဒါတွေဟာ လူတွေကို ထိခိုက်ပါတယ်။ နောက် ရွှေ့ပြောင်း တောင်ယာနဲ့ မီးရှို့တဲ့စနစ် ဒါတွေဟာလည်း Land Slide တွေ ဖြစ်တတ်ပါတယ်။ လက်နက် စမ်းသပ်ခြင်း ရှိပါ တယ်။ စက်မှုလက်မှုလုပ်ငန်းများ အလျင်အမြန် ဖွံ့ဖြိုးတိုးတက်ခြင်း ဖြစ်ပါတယ်။ မြို့ရွာအိုးအိမ်များ အများအပြား ဆောက်ရွက်ခြင်းကြောင့် စားကျက်မြေ၊ စိုက်ပျိုးမြေများ လျော့ကျခြင်းတွေ ဖြစ်တတ် ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မိုးလေဝသ ကြိုတင်ခန့်မှန်းခြင်းကို ဘယ်ဌာနက လုပ်နေသလဲလို့ ပြောတဲ့အခါကျတော့ ပို့ဆောင်ရေးဝန်ကြီးဌာနအောက်မှာရှိတဲ့ မိုးလေဝသနှင့် ဇလဗေဒ ဦးစီးဌာန (Meteorology and Hydrology Department) က လုပ်ပါတယ်။ ဝန်ထမ်းအင်အား မပြည့်စုံသေးပါဘူး။ ဘတ်ဂျက် မပြည့်စုံသေးဘူး။ လုပ်နေတယ် ထက်ထက်မြက်မြက်နဲ့ တက်တက်ကြွကြွ လုပ်နေကြပါတယ်။ သိထားရသလောက်တော့ ကျွန်တော် ၁၉၈၈ ခုနှစ် ရှေ့ပိုင်းတုန်းကတော့ ဆည်မြောင်းဌာနက ဇလဗေဒကို ကိုင်ပါတယ်။ သူ့လက်ထဲမှာ ဟိုတုန်းက လုပ်ထားတဲ့ သုတေသန Data တွေ အများကြီးရှိခဲ့တယ်လို့ သိရပါတယ်။ (၈၈)အရေးအခင်းမှာ ဒါတွေဟာ ဖျက်ဆီးခြင်းခံရတဲ့ အတွက်ကြောင့် မှတ်တမ်းမှတ်ရာ မကျန်ဘူးလို့လည်း သိရပါတယ်။

မိုးလေဝသတိုင်းတဲ့နည်းကတော့ အခြေခံကတော့ ရှေးဟောင်းကျတဲ့ နည်းကတော့ Weather Balloon လို့ ခေါ်တဲ့ မိုးပျံပူဖောင်းတွေ လွှင့်တင်ပြီးတော့ အထက်လေထုအလွှာရဲ့ မိုးလေဝသအခြေအနေကို တိုင်းတာပါ။ လေဖိအားပါ ပါတယ်။ အပူချိန်ပါပါတယ်။ Humidity လို့ ခေါ်တဲ့ စိုထိုင်းဆ ပါပါတယ်။ လေတိုက်နှုန်းပါ ပါတယ်။ UV Index တွေ ပါ ပါတယ်။ သူကတော့ တစ်နေ့တာ (၂၄)နာရီ ကြိုတင်ပြီးတော့ ခန့်မှန်းထုတ်ပြန်တာ ဖြစ်ပါတယ်။ သူ့ထက် အဆင့်မြင့်တာကတော့ ရေဒါ နဲ့ တိုင်းတာလုပ်တာ၊ Satellite လို့ ခေါ်တဲ့ မိုးလေဝသဂြိုလ်တုက ထုတ်ပြီး ရိုက်ပေးတဲ့ Digital Image တိမ်ပုံတွေကို ကြည့်ပြီးတော့ လေပြင်းမုန်တိုင်းတွေရဲ့ အဆင့်ခွဲပြီးတော့ သွားရာလမ်းကြောင်းတွေ ကြိုတင်ခန့်မှန်းပေးတာတွေ ရှိပါတယ်။ ကျွန်တော်တို့နိုင်ငံက အခု ဂျပန် အကူအညီနဲ့ ဂြိုလ်တု(၁)လုံးလွှင့်တင်ဖို့ စီစဥ်နေတာကိုလည်း အားလုံး သိပါတယ်။ လက်ရှိမှာတော့ ကျွန်တော်တို့ Information Sharing အရ အခြား နိုင်ငံတွေနဲ့ ဒီ Information ကို မျှဝေသုံးစွဲပါတယ်။ Hydrology ကတော့ Sunami Early Warming System ကို ကျွန်တော်တို့ JICA အကူအညီ၊ အာဆီယံနိုင်ငံအချို့ရဲ့ အကူအညီနဲ့ လုပ်ထားတာလေးတွေ ရှိပါတယ်။ မိုးကြီးတဲ့အခါမှာ ဆက်စပ်ဖြစ်ပေါ်တတ်တဲ့ မြစ်ရေကြီးတဲ့ သတင်းတွေကိုတော့ Hydrology ဌာနကပဲ ကြိုတင်ခန့်မှန်းပါတယ်။ မြန်မာနိုင်ငံ မြစ်ကြီးများ အခြေအနေ၊ ဥပမာ -ဧရာဝတီ ဆိုရင် အဓိက က ပထမဆုံးသော Check Point က မြစ်ကြီးနား ဖြစ်ပါတယ်။ မြစ်ကြီးနားပြီးရင် ဆင်းလာမှာက ဗန်းမော် ဖြစ်ပါတယ်။ ဗန်းမော်ပြီးရင် မန္တလေး၊ ပခုက္ကူ၊ မကွေး၊ ပြည်၊ ဟင်္သာတ အဲဒီစခန်းတွေက ရေကို တိုင်းပြီးတော့ ရေအမြင့်ကို တိုင်းပြပေးလေ့ရှိပါတယ်။

အဲဒီရေအမြင့်ကို ကြည့်ပြီးတော့ ကျွန်တော်တို့က ထူးကဲတဲ့ ရေမှတ်လား၊ စိုးရိမ်ရေအမှတ်လား၊ ထူးကဲရေအမှတ်လား၊ အန္တရာယ်ရေအမှတ်လား ဆိုတာကို အဆင့်ခွဲပြီးတော့ တုံ့ပြန်ရတာ ဖြစ်ပါတယ်။ ရာသီဥတုဖောက်ပြန်ခြင်းက ဥက္ကဋ္ဌကြီးခင်ဗျား။ အခုကျတော့ (၁) သိပ်သိသာလာပါတယ်။ သိသာထင်ရှားတယ်ဆိုတာ Extreme Condition ပေါ့၊ သိပ်ပြင်းထန်တဲ့ အခြေအနေ တွေ ဖြစ်ပေါ်လာတယ်။ မိုးကို ဆိုးဆိုးရွားရွား ခေါင်တာ၊ မိုး လွန်လွန်ကဲကဲ ကြီးတာ၊ အဲဒါတွေ ဖြစ်လာပါတယ်။ နောက်(၂)က မြန်လာပါတယ်။ မြန်တယ်ဆိုတာ အကြိမ်များပြီးတော့ အကြိမ်စိပ်လာပါတယ်။ ဥပမာ - ကျွန်တော်တို့ ဟိုတုန်းက လေမုန်တိုင်း တစ်ခါတိုက်ရင် ၇၄ ခုနှစ်တုန်းကဆိုရင် နှစ်ပေါင်း(၅၀)အတွင်းမှာ အပြင်းထန်ဆုံး မုန်တိုင်းဖြစ်ပါတယ်လို့ ကြေညာခဲ့ပါတယ်။ အခု နောက်ပိုင်း အဲဒီလို မဟုတ်ပါဘူး။ မာလာ တိုက်ပြီးတော့ (၄)နှစ်အတွင်းမှာ နာဂစ် တိုက်ပါတယ်။ နာဂစ်တိုက်ပြီး

ဆက်တိုက် ဂီရိတိုက်ပါတယ်။ အဲဒီလို တို့တွေက အကြိမ်စိပ်လာတာကို ကျွန်တော် ပြောချင်ခြင်း ဖြစ်ပါတယ်။ နောက် သက်ရောက်မှု (Impact) က ပိုပြီး ပြင်းထန်လာပါတယ်။ မုန်တိုင်းတွေက ပိုပြင်းထန်လာပါတယ်။ နောက်လူသားများရဲ့ ဘဝရပ်တည်ရေးကို ခြိမ်းခြောက်လာပါတယ်။ အဓိကကတော့ စားနပ်ရိက္ခာ (Food Security) မရနိုင်တာရယ်၊ ရေလွှမ်းမိုးတဲ့ ဘေးတွေ ဖြစ်ပါတယ်။ နောက် ကာလကြာလာပါတယ်။ ဥပမာ - African Droughts လို့ခေါ်တဲ့ အာဖရိကတိုက်က မိုးခေါင်ရေရှားကိစ္စဟာ နှစ်နဲ့ချီကြာပါတယ်။ အီသီယိုးပီးယားတို့၊ ဗီယာဖရာ တို့ဟာ ငတ်မွတ်ခေါင်းပါးခြင်းဒဏ်တွေ သေကျေပျက်စီးတဲ့အထိ ခံရပါတယ်။ အနာဂတ်ခြိမ်းခြောက်မှု ဘာတွေရှိနိုင်သလဲဆိုတော့ မိုးနည်းတာတစ်ခါ၊ မြစ်ရဲ့ ရေထုနည်းသွားမယ်၊ ရေစီးနှုန်းကျတယ်။ အဲဒါဆို သောင်ထွန်းပါတယ်။ သဲနုန်းပို့ချ မှုကများလာပြီး သောင်ထွန်းတယ်။ သောင်ထွန်းရင် ရေလမ်းကြောင်းတွေ ပိတ်ပါတယ်။ အခုလည်း ဧရာဝတီ အဲဒီအတိုင်း ဖြစ်တာပါ။

နောက်တစ်ခုကတော့ ရေစီးနှုန်းကျရင် အောက်က Tidal Wave ပင်လယ်ဒီရေရဲ့ တွန်းတင်မှုကြောင့် ဆားငန်ရေက မြစ်ထဲကို ပြန်ဝင်လာပါတယ်။ အဲဒါ Salinity လို့ ခေါ်တဲ့ ဆားငန်ရေရာခိုင်နှုန်း တက်ပါတယ်။ ဟိုတုန်းက ကျွန်တော်တို့ ဧရာဝတီတိုင်းမှာဆိုရင် ပင်လယ်ဝ ငပုတောအောက်ဘက်မှာမှ ဆားငန်ရေရှိပေမယ့် အခုက ပုသိမ်အောက်နားထိအောင် ကပ်လာပြီ ဆိုတာကို ကျွန်တော်တို့ တိုင်းတာလို့သိရပါတယ်။ အဲဒီအခါမှာ ရေချိုပြတ်လပ်ပါတယ်။ သောက်သုံးရေခက်ခဲပါတယ်။ စိုက်ပျိုးရေခက်ခဲပါတယ်။ အပူချိန်မြင့်တက်ရင်တော့ ကျွဲ၊ နွားတိရစ္ဆာန်အစာပြတ်တယ်။ လူတွေရိက္ခာဖူလုံမှု ထိခိုက်တယ်။ သဘာဝဝန်းကျင်ပျက်စီးတောပြုန်းတယ်။ အပူချိန်လွန်ကဲတယ်။ အပူချိန်လွန်ကဲတယ်ဆိုတာ ကျွန်တော်တို့ကတော့ သိပ်အများကြီးတက်တာ မဟုတ်ဘူးခင်ဗျား။ (၃)ဒီဂရီနဲ့ (၅)ဒီဂရီ စင်တီဂရိတ်အထိအောင် သမုဒ္ဒရာရေရဲ့ အပူချိန်ဟာ လက်ရှိထက် တက်ရင်ရေဟာ ပေနဲ့ချီပြီး မြင့်တက်တယ်လို့ သိရပါတယ်။ ဒါ အနိမ့်ပိုင်းတွေ ရေမြုပ်နိုင်တဲ့ အနေအထားပါ။

နောက်တစ်ခုကတော့ Polar Icecap လို့ခေါ်တဲ့ မြောက်ဝင်ရိုးစွန်းမှာရှိတဲ့ ရေခဲတောင်ကြီးတွေ၊ ရေခဲမြစ်ကြီးတွေ အရည်ပျော်ကျတဲ့အတွက်ကြောင့် ပင်လယ်ရေမျက်နှာပြင် မြင့်တက်တဲ့ ကိစ္စတွေရှိပါတယ်။ နောက်တစ်ခုကတော့ ကပ်ရောဂါဖြစ်ပါတယ်။ ကပ်ရောဂါ ဆိုတာတော့ အဓိကကတော့ ဝမ်းနဲ့ GI tract လို့ ခေါ်တဲ့ ဝမ်းနဲ့ အစာအိမ်၊ အူလမ်းကြောင်း ရောဂါတွေ၊ မျက်စိရောဂါ၊ ကျောက်ရောဂါတွေ ဖြစ်တတ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံကလည်း အခုနောက်ပိုင်း Impact တွေ ရှိလာပါတယ်။ မြန်မာနိုင်ငံနဲ့ ပတ်သက်လို့ ကမ္ဘာ့စာရင်းများကို ကြည့်လိုက်တဲ့အခါမှာ သစ်တောပြုန်းတီးတာလည်း ကျွန်တော်တို့ကထိပ်နားရောက်လာပါတယ်။ ရာသီဥတုဖောက်ပြန် ပြောင်းလဲမှုတွေ ဖြစ်ပေါ်တာလည်း ထိပ်နားရောက်လာပြီးတော့ ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုရဲ့ ထိခိုက်မှုခံရတဲ့ Impact မှာ ထိပ်ကို ရောက်လာတယ်ဆိုတာ ကျွန်တော်တို့က၊ ရှင်းရှင်းပြောရရင် Top Ten ထဲမှာ ထိပ်ဆုံး(၁၀)နိုင်ငံမှာ ပါတယ်ဆိုတာ ကျွန်တော်တို့ တွေ့လာရပါတယ်။ ဒါကြောင့် ကျွန်တော်တို့က ဝန်ကြီးဌာန(၁)ခု၊ အဖွဲ့အစည်း(၁)ခု၊ ဦးစီးဌာန(၁)ခုကို တာဝန်ပေးမယ်ဆိုရင် ဒီ(၁)ခုထဲ အင်အားနဲ့ မနိုင်နိုင်ဘူး ဆိုတာကို ကျွန်တော် ဆိုလိုခြင်း ဖြစ်ပါတယ်။ ဝန်ကြီးဌာန(၁)ခုဟာ သူ့ရဲ့ ကိုယ်ပိုင်အစီအစဉ်နဲ့ စီမံကိန်းရှိမယ်။ ရန်ပုံငွေရှိမယ်။ နည်းပညာရှိမယ်။ ပညာရှင်ရှိမယ်။ သွင်းအားစုရှိမယ်။

ဒါပေမဲ့ ဒီလုပ်ငန်းကြီးဟာ Multi Sector လုပ်ငန်းကြီး၊ ဘက်စုံလုပ်ငန်းကြီး ဖြစ်တဲ့အတွက်ကြောင့် ဒါတွေဟာ စနစ်တကျ ပေါင်းစည်းပြီးတော့ ဦးစီးကွပ်ကဲပေါင်းစီးတဲ့ အဖွဲ့အစည်းလိုတယ်။ ပြည်ထောင်စုအဆင့်၊ အမျိုးသားအဆင့် ကွပ်ကဲမှုအဖွဲ့ရှိရမယ်ဆိုတာ ကျွန်တော်ပြောလိုခြင်းဖြစ်ပါတယ်။ ဒီနေရာမှာ လမ်းကြုံလို့တင်ပြရတာတော့ ကျွန်တော်အခုဖွဲ့ထားတဲ့ နိုင်ငံတော်ဒုတိယသမ္မတ ဦးစီးတဲ့ သဘာဝ ဘေးအန္တရာယ်ကာကွယ်စောင့်ရှောက်မှုအဖွဲ့ကို ကျွန်တော် မဆိုလိုပါဘူး ခင်ဗျား။ ဒီ အဖွဲ့ကြီးရှိမှန်း ကျွန်တော်သိပါတယ်။ ဒီ အဖွဲ့သည် သဘာဝဘေးအန္တရာယ်နောက်ကလိုက်ပြီးတော့ Follow Up ဖြစ်ပါတယ်။ R (၄)လုံးလုပ်ပါတယ်။ Rescue လို့ ခေါ်တဲ့ ကယ်ဆယ်တာ၊ Relief လို့ခေါ်တဲ့ ကူညီစောင့်ရှောက်တာ၊ Resettlement လို့ခေါ်တဲ့ ပြန်လည်နေရာချထားတာ၊ Rehabiliation လို့ခေါ်တဲ့ ပြန်လည်ထူထောင်ပေးတဲ့ လုပ်ငန်းကို လုပ်ပါတယ်။ သူက Disaster ရဲ့နောက်က လိုက်ပါတယ်။ ကျွန်တော်တင်ပြတဲ့အဖွဲ့က Disaster ရဲ့ ရှေ့က ကြိုလုပ်ရမယ့်ကိစ္စကိုတင်ပြခြင်း ဖြစ်ပါတယ်။ ဥပမာအားဖြင့် နှစ်တို၊ နှစ်ရှည်စီမံကိန်းမှာ ဘာတွေ ပါသင့်သလဲဆိုတာ၊ သစ်တောတွေ၊ သတ္တုတွေ၊ သဘာဝသယံဇာတ ထုတ်ယူသုံးစွဲမှုတွေနဲ့ ပတ်သက်လို့ ကြီးကြပ်တဲ့ကိစ္စ၊ သဘာဝအရင်းအမြစ်တွေကို ထိန်းသိမ်းတဲ့ကိစ္စ၊ စိုက်ပျိုးမြေနဲ့ သစ်တောမြေများ ထိန်းသိမ်းတဲ့ကိစ္စ၊ ကျန်းမာရေးကိစ္စ၊ ရေအရင်းအမြစ် ထိန်းသိမ်းတဲ့ကိစ္စ၊ သဘာဝဘေးအန္တရာယ်ကြိုတင် ကာကွယ်ရေးက အဲဒီအထဲမှာ လုပ်ငန်းတစ်ခုရဲ့ အစိတ်အပိုင်းအနေနဲ့ ပါသွားပါတယ်ခင်ဗျား။ တစ်နေ့ကပဲ ကျွန်တော် ဒုတိယသမ္မတကြီး ဦးစီးတဲ့ ရေအရင်းအမြစ်စီမံခန့်ခွဲရေး အစည်းအဝေးကို ကျွန်တော် တွေ့လိုက် ပါတယ်။ ဝမ်းမြောက်ပါတယ် ဒါတွေ။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကိုယ်စားလှယ်တော်ကြီး ဦးမျိုးမြင့် က ARC လို့ ခေါ်တဲ့ Ayerawady River Commission ဖွဲ့ဖို့ အဆိုတင်ခဲ့ဖူးပါတယ်။ ကျွန်တော်လည်း ထောက်ခံခဲ့ပါတယ်။ အဲဒီမှာ ဘာပါသလဲဆိုတော့ မြန်မာနိုင်ငံမြစ်ကြီးများရဲ့ အနေအထား၊ မြန်မာနိုင်ငံမှာရှိတဲ့ မြစ်ကြီးများရဲ့ အနေအထားကို မြစ်ကြောင်းထိန်းသိမ်းရေးလုပ်တာ အင်အားနည်းတဲ့အတွက်ကြောင့် သဲနုန်းပို့ချတယ်။ မြစ်ကြောင်းပြောင်းတယ်။ သောင်ထွန်းတယ်။ ကမ်းပြိုကမ်းစားဖြစ်တယ်ဆိုတာတွေ အားလုံး ဒါသိထားပါတယ်။ ပြီးခဲ့တဲ့ လထဲမှာ ထူးထူးဆန်းဆန်း ကျောက်ဆည်မြို့လယ်ခေါင်က ဇော်ဂျီမြစ်ရဲ့ကမ်းပါးတွေ ပြိုကျပါတယ်။ ဒါကျွန်တော်တို့ တစ်သက်မှာ မမြင်ဖူးပါဘူး။ ဒါ စဖြစ်တာ ဖြစ်ပါတယ်။ သံလွင်မြစ်ဆိုရင် ပိတ်ဆို့မှုလုံးဝမရှိသေးတဲ့ မြစ်ဖြစ်ပါတယ်။ ရေကာတာတွေ၊ စီမံချက်တွေ ရှိပါတယ်။ မလုပ်သေးပါဘူး။ လုပ်မှာဖြစ်ပါတယ်။ အဲဒီလိုလုပ်ရင် ကျွန်တော်တို့ အပေါ်ဆုံး တစ်ခုများလဲရင် Domino Effect လို့ခေါ်တဲ့ ဆက်တိုက်ဖြစ်စဉ်အရ အောက်က တာတွေ၊ ဆည်တွေပါ ထိခိုက်နိုင်ပါတယ်။ ဒါကြောင့် ဦးမျိုးမြင့် တင်ခဲ့ဖူးတဲ့ ICOLD - International Commission on Large Dam ဆိုတဲ့ ဟာမျိုးနဲ့ အဖွဲ့အစည်းတွေရဲ့ အကြံဉာဏ်တွေ ဒါ ယူသင့်တာဖြစ်ပါတယ်။

နောက်တစ်ခုကတော့ တာဝန်ယူတာ ဘယ်ဌာနက ယူလဲဆိုတာ၊ ကျွန်တော်တို့ရဲ့နောင်တော်ကြီးဖြစ်တဲ့ ဦးစိုးမြင့် လုပ်ခဲ့တဲ့ ရေအရင်းအမြစ်နဲ့ မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တာဝန်ယူတာဖြစ်ပါတယ်။ သူ့ရဲ့ ဘတ်ဂျက်အင်အား၊ သူ့ရဲ့ အနေအထားနဲ့ မနိုင်ပါဘူး။ လွှတ်တော်ထဲမှာလည်း ကမ်းပြို၊ ကမ်းစားကိစ္စ၊ မြစ်ကမ်း ထိန်းသိမ်းရေးကိစ္စတွေ များစွာမေးခဲ့ပါတယ်။ ကျွန်တော် တစ်ကြိမ်မေးဖူးပါတယ်။ ပြန်ဖြေတာတော့ တိုင်းဒေသကြီးနဲ့ ပြည်နယ်အစိုးရတွေမှာ

တာဝန်ပေးထားတယ်လို့ သိရပါတယ်။ ကျွန်တော်တို့ မြင်ရတဲ့ အမြင်ကတော့ အဲဒီ တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေမှာရှိတဲ့ ဦးစီးဌာနက (ဒါရိုက်တာ) အဆင့်နဲ့တော့ Capacity မရှိပါဘူး။ သွင်းအားစု လည်းနည်းပါတယ်။ လူအင်အားနည်းပါတယ်။ နည်းပညာနည်းပါတယ်။ ဘတ်ဂျက် နည်းပါတယ်။

အခု ကျွန်တော်တင်ပြမယ့်အချက်ကတော့ တစ်ခုချင်း ဖြစ်လာနိုင်မယ့်ဟာတွေ ကြိုတင် တင်ပြပါ့မယ်။ အပူချိန်မြင့်တက်ရင် ဘာဖြစ်မလဲ၊ ပင်လယ်ရေမျက်နှာပြင် မြင့်တက်မယ်။ မြင့်တက်ရင် ကျွန်တော်တို့မှာ မိုင်ထောင်နဲ့ချီနေတဲ့ ကမ်းရိုးတန်းကြီးရှိပါတယ်။ ရခိုင်၊ ဧရာဝတီ၊ တနင်္သာရီ၊ မွန် ဖြစ်ပါတယ်။ အဲဒီဒေသတွေမှာ ကျွန်တော်တို့ ဘာဖြစ်နိုင်သလဲဆိုလို့ရှိရင် ဆားငန်ရေ မြင့်တက်လာ ပါမယ်။ ဆားငန်ရေ တိုးဝင်ပါ့မယ်။ လယ်ယာပျက်စီးပါတယ်။ ကျွန်တော်တို့ ဧရာဝတီတိုင်းမှာ နဂိုကတည်းက ရှိထားတဲ့ ရေငန်တားတမံလို့ ခေါ်တဲ့ဟာတွေအားလုံးက နာဂစ်မှာ ပင်လယ်ရေက ကျော်တက်ပြီးတဲ့နောက် လယ်ကွင်းတွေ၊ သောက်ရေသုံးရေတွေ အကုန်လုံး ဆားငန်ရေပေါက်ကုန် တယ်။ အဲဒီလို မဖြစ်အောင် ကျွန်တော်တို့ တာတမံတွေကို တောင့်တင်းခိုင်မာအောင်လုပ်ဖို့ စီမံချက် လိုပါတယ်။ နောက်တစ်ခု ကျွန်တော်တို့ ဒီ မုန်တိုင်းဖြစ်ခဲ့ရင်ဆိုပြီးတော့ ကျွန်တော်တို့နိုင်ငံမှာ တစ်သက်လုံး မရှိခဲ့ဖူးပါဘူး။ ဘင်္ဂလားဒေ့ရှ်ကတော့ ကျွန်တော်တို့ထက် နှစ်(၂၀)လောက်စောပါတယ်။ အဲဒါဘာလဲဆို Strom Shelter မုန်တိုင်းခို အဆောက်အအုံတွေ ဖြစ်ပါတယ်။ Strom Shelter, Cyclone Shelter တွေဟာ နာဂစ်ပြီးတဲ့နောက်ပိုင်းမှာ ဆောက်တာ အလုံး(၆၀)လောက် ကျွန်တော် မှတ်မိပါတယ်။ ပညာရေးဌာနကလည်း အခု အဲဒါတွေ ကျောင်းအဖြစ် သုံးနေတာရှိပါတယ်။ သို့သော် လက်ရှိ အနေအထားနဲ့တော့ လုံလောက်မှု မရှိသေးဘူးလို့ ကျွန်တော်မြင်ပါတယ်။ နောက်တစ်ချက် ကတော့ မိုးခေါင်ပြီး ရေရှားဖြစ်တာ။ အဲဒီအခါမှာ မြစ်တွေရေစီးနှုန်းကျတဲ့ အတွက်ကြောင့် ဒီ မြစ်ထဲကို Salinity ဝင်တဲ့ကိစ္စ၊ အဲဒါတွေကျတော့ မြစ်ကို ကျွန်တော်တို့ ဒီလိုအဖြောင့် ဆွဲပြီးတော့ သူများ နိုင်ငံတွေမှာတော့ လုပ်နိုင်တယ်၊ ဒါ သိပ်ပိုက်ဆံကုန်ပါတယ်။ စီမံကိန်းအကြီး ကြီးဖြစ်ပါတယ်။ Cannalization ပေါ့၊ မြစ်ကို တူးမြောင်းပုံစံဖြစ်အောင် ဘောင်ချပြီးတော့ လုပ်တဲ့ လုပ်ငန်းကြီးတွေ အလွန်ကြီးပါတယ်။ လုပ်သင့်တယ် မလုပ်နိုင်သေးဘူး။ အဲဒါကို ကျွန်တော် က ဆိုလိုတယ်။ ဒါတွေက နှစ်အလိုက် စီမံကိန်းတွေနဲ့ လုပ်သွားရမယ့် လုပ်ငန်းဖြစ်ပါတယ်။ အခု ကျွန်တော်ကြားလိုက်တာ ကတော့ ဘယ်လ်ဂျီယံနိုင်ငံရဲ့ အကူအညီနဲ့ ဒီ Low Head Dam လို့ ခေါ်တဲ့ အနိမ့်စား တာတမံ လုပ်ပြီးတော့ မြစ်ကြောင်းထိန်းဖို့လုပ်နေတယ်ဆိုတာလည်း ဝမ်းသာစရာ ကြားရပါတယ်။

နောက်တစ်ချက်ကတော့ တောပြုန်းတာဖြစ်ပါတယ်။ Deforestation, နောက်တစ်ခုက သစ်တောအရည်အသွေးကျဆင်းခြင်း (Forest Degradition) တွေရဲ့ အကျိုးဆက်ကြောင့် ဖြစ်လာတဲ့ ဇီဝမျိုးစုံမျိုးကွဲနဲ့ ဂေဟစနစ်တွေ ပျက်စီးတဲ့ကိစ္စ၊ ဒါတွေကြောင့် သစ်တော ပြန်လည်ပြုစုပျိုးထောင် မယ့် Policy တွေ၊ တစ်နေ့ကပဲ တင်သွားပါတယ်။ ၉၅ ခုနှစ်၊ သစ်တော မူဝါဒနဲ့ မလုံလောက်သေးဘူး ဆိုတာ သစ်ထုတ်လုပ်မှု ထိန်းချုပ်ရေး၊ Forest Cover Area သစ်တောဖုံးလွှမ်းမှု ဧရိယာ တိုးမြှင့် အောင်လုပ်ရေး စသည်ဖြင့် ဒါတွေကို ကြိုတင်ဆောင်ရွက်ရန် ရှိပါတယ်။ တောမီးလောင်ခဲ့ရင် အိမ်ရာ၊ စိုက်ခင်းတွေ မထိအောင် မီးငြိမ်းသတ်ရမယ့်ကိစ္စ၊ ဝေဟင်က မီးငြိမ်းသတ်ရမယ့်ကိစ္စ ဒါတွေဟာ ကြိုတင်စဉ်းစားထားရမယ့် အဆင့်ဖြစ်ပါတယ်။

နောက်တစ်ချက်ကတော့ မိုးလေဝသခန့်မှန်းခြင်းကိစ္စ၊ ဒါကတော့ လုပ်နေပြီလို့ သိပါတယ်။ နည်းပညာဆိုင်ရာ မြင့်မားတဲ့ ကိရိယာတွေ သုံးနိုင်ရေး ဖြစ်ပါတယ်။ နိုင်ငံခြား အကူအညီလည်း ရထားတယ်လို့ သိရပါတယ်။ ဒါတွေဟာ ပြန်ကြည့်လိုက်မယ်ဆိုရင် ဌာနလုပ်ငန်း ပေါင်းစုံ နယ်ပယ်တွေနဲ့ ပတ်သက်တာဖြစ်တဲ့ အတွက်ကြောင့် အရေးအကြီးဆုံးက ဘာဖြစ်လာသလဲဆိုတော့ ပညာရှင်မွေးထုတ်မှုဖြစ်ပါတယ်ခင်ဗျား။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့နိုင်ငံက ပြောခဲ့သလိုပဲ မိုးလေဝသ ပညာရှင် ရှားပါတယ်။ အခုတော့ နောက်ပိုင်းမှာ ဂျပန် Train လေးတွေ၊ ဘာလေးတွေ ရှိလာတယ်လို့ သိရပါတယ်။ ဒါ သိပ်အရေးကြီးပါတယ်။ ဒါကြောင့် တက္ကသိုလ်၊ ကောလိပ်တွေမှာ သင်ရိုးပြင်ဆွဲမယ်။ သင်တန်းတွေစေလွှတ်မယ်။ လုပ်ဖို့လိုတယ်လို့ ကျွန်တော် တင်ပြလိုခြင်းဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဝန်ကြီးဌာနပေါင်းစုံ၊ ဘာသာရပ်ပေါင်းစုံ NGO, INGO တွေ စုံညီပါတဲ့ အမျိုးသားအဆင့် ကော်မရှင်(၁)ခုတော့ လိုပြီဆိုတဲ့ဟာလေးက ဒါလိုအပ်ချက်လေးတစ်ခု ပေါ်လာပါတယ်။ ဘက်စုံကြိုတင်ပြင်ပြီးတော့ နှစ်ရှည်စီမံကိန်းတစ်ရပ် ရေးဆွဲဖို့လိုတယ်ဆိုတာ လည်း ဒါလည်းပေါ်လာပါတယ်။ အဲဒီလို Comprehensive Longterm Master Plan ဆွဲဖို့ဆိုတာ ဌာနတစ်ခုတည်းနဲ့ မရပါဘူး။ ဌာနအားလုံးပေါင်းပြီး လုပ်ရမှာ ဖြစ်တဲ့အတွက်ကြောင့် အာဆီယံလို ပြည်ပအဖွဲ့အစည်းတွေနဲ့ ချိတ်ဆက်၊ Seminor, Work Shop တွေ ကျင်းပ၊ Aid တွေ၊ Grant တွေ ရရေးညှိ၊ ODA Loan တွေနဲ့ ဒါတွေလုပ်မယ့် အစီအစဉ်တွေကို ကြိုတင်ဆွဲ စသည်ဖြင့် Longterm Plan ကြီး ထားဖို့လိုပါတယ်။ ခက်ခဲမှန်းသိပါတယ်။ ချက်ချင်းအကောင်အထည် မပေါ်နိုင်တာလည်း သိပါတယ်။ ဒါပေမဲ့ ပထမခြေလှမ်းတော့ စသင့်တယ်ဆိုတာလေး ကျွန်တော် တင်ပြလိုခြင်း ဖြစ်ပါတယ်။ အဲဒီကော်မတီ ဖွဲ့ပြီးလို့ရှိရင် ဆွေးနွေးမှုတွေ စတင်ပြီးတော့ အဆင့်လိုက် လုပ်သွားမယ်ဆိုရင်တော့ ဒါ အမျိုးသားအကျိုးစီးပွားအတွက် ဒီကိစ္စလေးက ဖြစ်သွားမှာ ဖြစ်ပါတယ်။

တစ်ခုတော့ ပြောစရာရှိပါတယ်။ စောစောတုန်းက ရှိထားပြီးဖြစ်တဲ့ ဒုတိယသမ္မတကြီး ဦးစီးတဲ့ အမျိုးသားသဘာဝဘေးကာကွယ်စောင့်ရှောက်ရေးကော်မတီကို ဒီတာဝန်ပေးမယ်ဆိုရင် လည်း ပူးတွဲတာဝန်ယူလိုက်ရင်လည်း ဖြစ်ပါတယ်။ အဲဒီတော့ ကျွန်တော်တို့နိုင်ငံမှာတော့ အာဆီယံ နိုင်ငံတွေ အပါအဝင် ကျန်တဲ့နိုင်ငံတော်တော်များများမှာတော့ နှစ်(၂၀)စီမံကိန်း၊ နှစ်(၃၀) စီမံကိန်း၊ နှစ်(၅၀) စီမံကိန်းအထိအောင် ရှိပါတယ်။ ကျွန်တော် ဂျပန် JICA ရောက်တုန်းက ဘာသွားတွေ့ သလဲဆို Heniken Beer ကုမ္ပဏီက နှစ်(၁၀၀)ဆွဲထားတဲ့ Master Plan သွားတွေ့တယ်။ ကျွန်တော်တို့နိုင်ငံ BPI က လာတက်တဲ့ အကြီးတန်းအရာထမ်းကို စာမေးပွဲ စစ်တဲ့အခါမှာ အဲဒီ အရာထမ်းကို မေးတယ်။ BPI ရဲ့ Master Plan ပေးပါဆိုတော့ သူက Blue Print ကို ထုတ်ပြတော့ တော်တော်ပြဿနာတက်တယ်လို့ ကြားဖူးပါတယ်။ Master Plan ဆိုတာ အဲဒီလို ရှိပါတယ်။

ဒါကြောင့် ကျွန်တော် ပြောချင်တဲ့အချက်က ဘာလဲဆိုတော့ ကျွန်တော်တို့ ဘက်ကလည်း လုပ်ဖို့လိုပြီဆိုတာ တင်ပြခြင်း ဖြစ်ပါတယ်။ ရာသီဥတုပြောင်းလဲလို့ရှိရင် ဘာဖြစ်မလဲ၊ ကျွန်တော်တို့ နိုင်ငံရဲ့ ရာခိုင်နှုန်း(၇၀)ကျော်က လယ်သမားဖြစ်ပါတယ်။ ကျွန်တော်တို့ရဲ့ ထုထည်အကြီးဆုံးလူဦးရေ ဖြစ်ပါတယ်။ စားနပ်ရိက္ခာထုတ်လုပ်တဲ့ အလုပ်နဲ့ အသက်မွေးဝမ်းကျောင်း ပြုပါတယ်။ သူတို့ရဲ့ စီးပွားရေး၊ သူတို့ရဲ့ လူမှုစီးပွားရေးဘဝတင် ထိခိုက်တာမဟုတ်ဘဲနဲ့ သီးနှံပါထိခိုက်တဲ့အတွက်ကြောင့် နိုင်ငံတော်ရဲ့ ရိက္ခာဖူလုံရေးကိုပါ ထိခိုက်ခြိမ်းခြောက်လာနိုင်ပါတယ်။ နိုင်ငံတော်သမ္မတကြီးကိုယ်တိုင်

အလေးထားတဲ့ ဆင်းရဲနွမ်းပါးမှုလျော့ချရေးကို ထိခိုက်နိုင်ပါတယ်။ နောက် နိုင်ငံစီးပွားဖွံ့ဖြိုး တိုးတက်ရေးကိုလည်း စိန်ခေါ်လာနိုင်ပါတယ်။ ကျွန်တော်တို့ နိုင်ငံက Agro-based Economy စိုက်ပျိုးရေးကို အခြေခံရတာ ဖြစ်တဲ့အတွက်ကြောင့် ဘရူးနိုင်းဒါရူဆလင် လို သယံဇာတ ရှိနေရုံနဲ့ မရနိုင်ပါဘူး။

သို့ဖြစ်ပါ၍ နိုင်ငံတော်အနေနဲ့ ရာသီဥတုပြောင်းလဲ ဖောက်ပြန်ခြင်းရဲ့ အကျိုးသက်ရောက်မှု အပေါ် တုံ့ပြန်ဆောင်ရွက်ရေး အမျိုးသားအဆင့် ကော်မရှင် ကဲ့သို့သော ဝန်ကြီးဌာန ပေါင်းစုံ၊ ဘာသာရပ်ဆိုင်ရာ NGO/ INGO များ၊ ပညာရှင်များ စုံညီစွာ ပါဝင်နိုင်မည့် အမျိုးသား အဆင့် အဖွဲ့အစည်းကို ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း၊ ရန်ပုံငွေလျာထား သတ်မှတ်ခြင်း၊ နိုင်ငံတကာနှင့် ဆက်သွယ်ပေါင်းစပ်၍ သတင်းအချက်အလက်နဲ့ နည်းပညာများ ဖလှယ်ရယူခြင်းဖြင့် နှစ်ရှည် အမျိုးသားစီမံကိန်းတစ်ရပ် ဆောင်ရွက်သွားရန်ကို နိုင်ငံတော်နဲ့ ပြည်သူအကျိုးကို မျှော်ကိုး၍ ပြည်ထောင်စုအစိုးရအား တိုက်တွန်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၂း၁၉။**

**ဥက္ကဋ္ဌ**။ ။ အဆိုကို ထောက်ခံမယ့်သူရှိပါက ဖိတ်ခေါ် ပါတယ်။

**အချိန်၊ ၁၂း၁၉။**

**ဦးမိုးမြင့်၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)** ။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆) ဦးခင်မောင်ရီ တင်သွင်းသော ရာသီဥတု ပြောင်းလဲဖောက်ပြန်ခြင်း၏ အကျိုးသက်ရောက်မှုအပေါ် တုံ့ပြန်ဆောင်ရွက်ရေးနဲ့ စပ်လျဉ်းသော အဆိုကို ကျွန်တော် ဦးမိုးမြင့်၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)က ထောက်ခံအပ်ပါ တယ်ခင်ဗျား။

**အချိန်၊ ၁၂း၂၀။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဦးခင်မောင်ရီ တင်သွင်းတဲ့ အဆိုကို လွှတ်တော်ကိုယ်စားလှယ် တစ်ဦးက ထောက်ခံသွားပါတယ်။ အဆိုမှာ နိုင်ငံတော်အနေနှင့် ရာသီဥတု ပြောင်းလဲဖောက်ပြန်ခြင်း၏ အကျိုးသက်ရောက်မှုအပေါ် တုံ့ပြန် ဆောင်ရွက်ရေး အမျိုးသားအဆင့် ကော်မရှင်ကဲ့သို့သော ဝန်ကြီးဌာနပေါင်းစုံ ဘာသာရပ်ဆိုင်ရာ NGO/ INGO များ၊ ပညာရှင်များ စုံညီစွာပါဝင်နိုင်မည့် အမျိုးသားအဆင့် အဖွဲ့အစည်းကို ဖွဲ့စည်း တာဝန်ပေးအပ်ခြင်း၊ ရန်ပုံငွေသတ်မှတ်လျာထားခြင်း၊ နိုင်ငံတကာနှင့် ဆက်သွယ်ပေါင်းစပ်၍ သတင်းအချက်အလက်နှင့် နည်းပညာဖလှယ် ရယူခြင်းဖြင့် နှစ်ရှည်အမျိုးသားစီမံကိန်းတစ်ရပ်ကို နိုင်ငံတော်နှင့် ပြည်သူအကျိုးမျှော်ကိုး၍ ချမှတ်ဆောင်ရွက်သွားရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း ဖြစ်ပါတယ်။

ဒါကြောင့် အဆိုကို လက်ခံဆွေးနွေးရန် သင့်၊ မသင့် လွှတ်တော်ရဲ့ ဆန္ဒရယူပါ့မယ်။

အဆိုကို လက်ခံဆွေးနွေးဖို့ လွှတ်တော်ကိုယ်စားလှယ်များက သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

အဆိုကို လက်ခံဆွေးနွေးဖို့ သဘောမတူတဲ့ လွှတ်တော် ကိုယ်စားလှယ်များ ရှိပါသလား ခင်ဗျား။

[သဘောမတူသူ မရှိပါ။]

အဆိုကို လက်ခံဆွေးနွေးဖို့ သဘောမတူတဲ့ လွှတ်တော် ကိုယ်စားလှယ် မရှိတဲ့အတွက် ဦးခင်မောင်ရီ ရဲ့ အဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

ဦးခင်မောင်ရီ တင်သွင်းတဲ့အဆိုကို ဆွေးနွေးမယ့် လွှတ်တော် ကိုယ်စားလှယ်များရှိပါက အစည်းအဝေး ရပ်နားတဲ့အခါ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း ပေးပို့ကြဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၂း၂၂။**

**ဥက္ကဋ္ဌ**။ ။ စောစောက ပညာရေးဝန်ကြီးဌာနကို ပြောတာနဲ့ ပတ်သက်လို့ မပြောတော့ဘူးလို့ပဲ။ ဦးမြင့်ထွန်း ကပြောတဲ့အတွက် လွှတ်တော်ကိုယ်စားလှယ်တွေ သိအောင် ပြောပြပါ့မယ်။ ပြည်ထောင်စုလွှတ်တော်ရဲ့၊ လွှတ်တော်ရုံးပေါ့၊ လွှတ်တော်ရုံးကနေပြီးတော့ အောက်တိုဘာ ၂၃ ရက်စွဲနဲ့ စာပို့လာပါတယ်။ သို့၊ ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်၊ အမျိုးသားလွှတ်တော်ရုံး၊ အကြောင်းအရာ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၏ ပေးပို့စာကိစ္စ ရည်ညွှန်းချက်၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၏ ၂၁-၁၀-၂၀၁၃ ရက်စွဲပါ စာအမှတ် ၁၉/၄၅၃(၂၀-အမသ)/အဖရ(၂၀၁၃) ပထမအကြိမ်အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး တွင် ပြောကြားချက်များနှင့် စပ်လျဉ်း၍ ပေးပို့လာသော ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၏ ရည်ညွှန်းစာ မိတ္တူ(၁)စောင်ကို နာယက၏ ညွှန်ကြားချက်အရ ပူးတွဲပေးပို့အပ်ပါသည်။ ကျော်စိုး (ညွှန်ကြားရေးမှူးချုပ်) လွှတ်တော်ရုံးက ညွှန်ကြားရေးမှူးချုပ် လက်မှတ်ထိုးပြီးတော့ အမျိုးသားလွှတ်တော် ညွှန်ကြားရေးမှူးချုပ်နဲ့ ပြည်သူ့လွှတ်တော် ညွှန်ကြားရေးမှူးချုပ်ကို မိတ္တူပေးထားတာပါ။ အဲဒီတော့ အစိုးရအဖွဲ့ရုံးစာ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၊ စာအမှတ်၊ ၁၉/၄၅၃(၂၀-အမသ) အဖရ(၂၀၁၃) ရက်စွဲ၊ ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၂၁ ရက်၊ သို့၊ ညွှန်ကြားရေးမှူးချုပ်၊ လွှတ်တော်ရုံး၊ အကြောင်းအရာ၊ ပထမအကြိမ် အမျိုးသားလွှတ်တော်၊ အဋ္ဌမပုံမှန်အစည်းအဝေးတွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌမှ ပြောကြားချက်များနဲ့ စပ်လျဉ်းသည့်ကိစ္စ (၁) ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၁၀ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သော ပထမအကြိမ် အမျိုးသားလွှတ်တော်၊ အဋ္ဌမပုံမှန်အစည်းအဝေး သတ္တမနေ့တွင် ပညာရေးဆိုင်ရာ မေးခွန်း(၄)ခုအား ပညာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဒေါက်တာစန်းလွင် မှ ရှင်းလင်းဖြေကြားခြင်းနဲ့ စပ်လျဉ်း၍ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက ကျောင်းသားများ အလွတ်ကျက်၍ လာဖြေသည့်ပုံစံဖြစ်နေကြောင်း ပြစ်တင်ပြောကြား ခဲ့သည် ဟု ဂျာနယ်နှင့် Internet Website များတွင် ပြန့်နှံ့နေလျက်ရှိပါသဖြင့် အရှက်ရစေခဲ့ပါသည်။

(၂) လွှတ်တော်ကိုယ်စားလှယ်များ၏ မေးခွန်းများကို ဖြေကြားခဲ့သည့် ပြည်ထောင်စု ဒုတိယဝန်ကြီးသည် သက်ဆိုင်ရာဘာသာရပ်တွင် Ph.D အဆင့်အထိ အောင်မြင်ပေါက်ရောက်ခဲ့သူ တစ်ဦးဖြစ်သော်လည်း ပညာရေးဝန်ကြီးဌာနတွင် ဒုတိယဝန်ကြီးအဖြစ် တာဝန်ထမ်းဆောင်စပုဂ္ဂိုလ်

ဖြစ်ပါသည်။ ထို့အတွက် အချိန်တိုအတွင်း လွှတ်တော်ကိုယ်စားလှယ်များရဲ့ မေးခွန်းများကို ပြုစု၍ ပြန်လည်ဖြေကြားရာတွင် အဆင်မပြေမှုများ ရှိကောင်းရှိနိုင်ပါသည်။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ အနေဖြင့် ဒုတိယဝန်ကြီး ဖြေကြားချက်များသည် ဥပဒေနှင့်ညီညွတ်ခြင်း မရှိပါက သီးခြားတွေ့ဆုံပြီး လိုအပ်ချက်များကို သင်ကြားပေးနိုင်ပါသော်လည်း လွှတ်တော်ကိုယ်စားလှယ် အများစုရှေ့တွင် ယခုကဲ့သို့ ပြောဆိုခြင်းမှာ မသင့်လျော်သော ကိစ္စဖြစ်ပါကြောင်း၊ ပြည်ထောင်စုလွှတ်တော် နာယက သိရှိနိုင်ပါရန် ပေးပို့အပ်ပါသည်။ အောက်က လက်မှတ်ထိုးတာ ဇော်သန်းသင်း၊ ညွှန်ကြားရေးမှူးချုပ် လွှတ်တော်ဥက္ကဋ္ဌတစ်ယောက်ရဲ့ ပြောကြားချက်ကို အစိုးရအဖွဲ့ ညွှန်ကြားရေးမှူးချုပ်ရဲ့ သုံးသပ် ပြီးတော့ ဒီက ညွှန်ကြားရေးမှူးချုပ်တွေကို လှမ်းအကြောင်းကြားနေတာပေ့ါ သဘောက။

တကယ်တော့ ဒေါသနဲ့ အပြစ်တင်တာ မဟုတ်ပါဘူး။ အဲဒီနေ့က အားလုံးသိတဲ့အတိုင်းပဲ ကျောင်းတောင်းတဲ့ မေးခွန်း(၃)ခု နောက်ဆုံးမှာ စိုးရိမ်ဖွယ်ရာ အခြေအနေ၊ စိုးရိမ်ဖွယ်ရာ အခြေအနေ ကလည်း အထက်ပါ မေးခွန်းများကို အဖြေအတိုင်းပါပဲ ဆိုတာ ဒါ အလွတ်ကျက်ပြီး ဖြေတဲ့ပုံစံ ဖြစ်နေ တယ်။ စိုးရိမ်ဖွယ်ရာ ဆိုလို့ရှိရင် သွားစစ်ရမယ်။ စစ်ပြီးတော့ စိုးရိမ်ဖွယ်ရာ မဖြစ်အောင်၊ အန္တရာယ် မရှိအောင် တစ်နည်းနည်းနဲ့ လုပ်ပေးရမယ်၊ ဒီလိုပဲ ပြောလိုက်တယ်။ နောက်တစ်ရက် တစ်ခါလာဖြေ တော့လည်း ကျောင်းတွေ လွှတ်တော်ကိုယ်စားလှယ်တွေ တောင်းတဲ့အခါမှာ အောက်က အဆင့်ဆင့် တင်လာမှ ကျွန်တော်တို့ စီမံကိန်းထဲမှာ ထည့်သွင်းစဥ်းစားရတယ်။ အောက်က မတင်လို့ လွှတ်တော် ကိုယ်စားလှယ်တွေက တင်နေရတာ ဒီအောက်က တင်တယ်ဆိုတဲ့ကိစ္စလည်း ကျွန်တော် မြို့နယ်တစ်ခု မှာ ဆရာမကြီးတစ်ယောက်ဆိုလို့ရှိရင် တဖားဖားနဲ့ ဒီဥစ္စာကို လိုက်နေတာ သူ့ကျောင်း အဆင့်မြင့် ရရှိရေးအတွက်ကို ကလေးတွေကို ကြည့်ပြီးတော့ သူ လွင့်ရင် လွင့်သွားပါစေ၊ သူ ကျောင်းအုပ် ကနေပြီးတော့ပဲ အဆင့်နိမ့်ရင် နိမ့်သွားပါစေ လိုက်နေတာ။ လိုက်နေတဲ့အခါမှာ မရဘူး၊ မလွယ်ကူဘူး။ မလွယ်ကူလို့ ကျွန်တော်တို့ကို လာအကူအညီ တောင်းတယ်။ ဒီလက်မှတ်တစ်ခုရဖို့ မလွယ်ကူဘူး ဖြစ်နေတယ် အောက်မှာ။

ကျွန်တော့်ရဲ့ ဇာတိရွာမှာဆိုရင် ၁၉၄၇ ခုနှစ်က ကျွန်တော်နေခဲ့တဲ့ မူလတန်းကျောင်း အခုမှ အလယ်တန်းကျောင်း ဖြစ်တယ်။ (၅၉)နှစ်ကြာတယ်။ အဲဒီတော့ အောက်က မတင်လို့ ဒီလိုတွေ၊ လိုအပ်ချက်တွေ ဖြစ်နေတဲ့ကိစ္စကို လွှတ်တော်ကိုယ်စားလှယ် တောင်းတဲ့အခါမှာ ထည့်သွင်းစဥ်းစားမယ် ကျွန်တော်တို့ ပြန်စစ်ခိုင်းပြီးတော့ မှန်ရင် လုပ်ပေးမယ်၊ မမှန်ရင် မလုပ်ပေးဘူး ဆိုတာမျိုးကို မစဥ်းစားတဲ့ အဆင့်မျိုး ဒီကိစ္စဆိုရင်လည်း ဒါက လွှတ်တော်ဥက္ကဋ္ဌဆီကို ရေးချင်ရင်၊ သုံးသပ်ချင်ရင် နိုင်ငံတော်သမ္မတရေးလို့ ရပါတယ်။ တိုက်ရိုက်ရေးလို့ ရပါတယ်။ နိုင်ငံတော်သမ္မတ ဆိုသည်မှာ နိုင်ငံတော်ရဲ့ အထွတ်အထိပ် ပုဂ္ဂိုလ် လိုက်နာမှာပဲ ကျွန်တော်၊ လေးစားမှာပဲ၊ လိုက်နာမှာပဲ၊ နောက် ပြည်ထောင်စုလွှတ်တော်ကိုလည်း ရေးစရာ မလိုဘူး။ အမျိုးသားလွှတ်တော်၊ ပြည်သူ့လွှတ်တော် ဆိုတာက သီးသန့်ရပ်တည်တဲ့ လွှတ်တော်လေ၊ ပြည်ထောင်စုလွှတ်တော်ရဲ့ ကွပ်ကဲမှုအောက်မှာ မရှိဘူး။ ပြည်ထောင်စုလွှတ်တော် ဆိုသည်မှာ အမျိုးသားစီမံကိန်း ဥပဒေကြမ်း၊ ဘဏ္ဍာငွေရ/သုံး ဥပဒေကြမ်း၊ အခွန်အကောက်ဆိုင်ရာ ဥပဒေကြမ်းတွေ စတင်ဆွေးနွေးဖို့နဲ့ လွှတ်တော်နှစ်ရပ် သဘော မတူတဲ့ကိစ္စတွေကို အဲဒီမှာ ပူးပေါင်း ဆွေးနွေးတဲ့အခါမှာ ကြီးကြပ်ဖို့ ပြည်ထောင်စုလွှတ်တော်နာယက က တာဝန်ယူတာပဲ ရှိပါတယ်။ တကယ်တိုက်ရိုက်ရေးလိုက်တယ်။ သမ္မတကိုယ်တိုင် ရေးလိုက်တယ်

ဆိုရင် ဒီလိုဖြစ်ဖို့ ကောင်းတာပေါ့၊ စနစ်တွေကို ခုန နားမလည်ဘူး ဖြစ်နေတဲ့သဘော ဖြစ်နေတယ်။ ဒါကြောင့် ကျွန်တော် အရင်ပြောသလို စနစ်ကို နားလည်ကြဖို့ လိုတယ်ဆိုတာ ဒါပါပဲ။ အဲဒီတော့ ဒါနဲ့ပတ်သက်လို့ ခုန မပြောပါနဲ့တော့၊ နောင်ကို ခုနကလိုပေါ့နော်၊ မကြိုက်ဘူးပေါ့နော်။ ကျွန်တော်တို့ ဘက်ကတော့ လွှတ်တော်ထဲကိစ္စ လွှတ်တော်ထဲမှာပဲ ပြောရမယ် တကယ်လို့ ဒုတိယဝန်ကြီးကို ခေါ်ပြောပါလား ခေါ်သင်ပေးပါလားဆိုတော့ ဒုတိယဝန်ကြီးသည် ဝန်ကြီးကိုယ်စား လာဖြေတာပဲ ကျွန်တော့်အနေနဲ့ ဒုတိယဝန်ကြီးကို ပြောစရာအကြောင်းမရှိဘူး။ ဝန်ကြီးကို ပြောရမှာ ပေါ့။ ဒီမှာ ကျွန်တော်တို့က အခု ဝန်ကြီးကိုယ်တိုင် လာဖြေတဲ့ဌာနတွေရှိတယ်။ ဥပမာ ကျန်းမာရေး တလေးတစားနဲ့ လာဖြေတယ်။ အသေအချာလည်း ရှိတယ်။ ဒါမျိုးဆိုရင် ဦးစားပေးပါ။ လွှတ်တော်ရုံးအဖွဲ့ကို မှာထား တယ်။ ဝန်ကြီးလာနိုင်တဲ့ အချိန်နဲ့ အစီအစဉ်နဲ့ တတ်နိုင်သမျှ ညှိပေး၊ အသေအချာ လှမ်းတင်ပြ၊ အဲဒီတော့ ဖြစ်သလို လွှတ်တဲ့အခါတော့ ဖြစ်သလိုပဲ ဟိုဟာဖြစ်တာပေါ့နော်၊ ဒီ ပညာရပ်ဆိုင်ရာ Ph.D နဲ့ ဒါနဲ့လည်း ဘာမှမဆိုင်ဘူး။ ဒါ စီမံခန့်ခွဲမှုကိစ္စ ဖြစ်တယ်။ စီမံခန့်ခွဲမှုကို ပြောတာပါ၊ အဲဒီလိုရှိပါတယ်။ ရှိတော့ ခုနကလို လွှတ်တော်ကိုယ်စားလှယ်တွေ အနေနဲ့လည်း တင်ပြရမယ့်ကိစ္စကတော့ တင်ပြရမှာပဲ၊ ပြည်သူရဲ့ကိုယ်စား တင်ပြတာပဲ မိမိ တင်ပြချင်တိုင်း တင်ပြနေတာမှ မဟုတ်ဘဲ။ ပြည်သူ့ကိုယ်စား ဆောင်ရွက်နေတဲ့ကိစ္စပဲ။ ဒါကို သိသာအောင်လို့ ဦးမြင့်ထွန်း တို့၊ သိသာအောင်လို့၊ ဒီလိုတွေ အခြေအနေတွေရှိတယ်။ ဒါကြောင့်မို့လို့ ခုန မပြောတော့ မပြောချင်ဘူး။ စောစောက တစ်ဆက်တည်း ပြောလိုက်လို့ရှိရင်လည်း မသက်ဆိုင်တဲ့ ဒုတိယဝန်ကြီး တွေပါ ပါနေမှာစိုးလို့ အစီအစဉ်ပြီးတော့မှ ဒါ ရှင်းပြတာ ဖြစ်ပါတယ်။ ဒီလိုစနစ်တွေ လွဲမှားနေ တယ်ဆိုတဲ့သဘော။

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် (၁၅)ရက်မြောက်နေ့ အစည်းအဝေး ရပ်နားကြောင်းနှင့်(၁၆)ရက်မြောက်နေ့အစည်းအဝေးဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**အချိန်၊ ၁၂း၂၇။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခု အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန် အစည်းအဝေး(၁၅)ရက် မြောက်နေ့ကို ရပ်နားပါမယ်။ ပထမအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန် အစည်းအဝေး (၁၆)ရက်မြောက်နေ့ကို ၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်(သောကြာနေ့) နံနက် ၁၀း၀၀ အချိန်မှာ ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးပြန်လည်ထွက်ခွာနိုင်ပါပြီခင်ဗျား။

[ပထမအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး (၁၅)ရက်မြောက်နေ့ကို ၁၂း၂၇ နာရီအချိန်တွင် ရပ်နားပါသည်။]